
www.burmeseclassic.com

စိုးမိုးစာပေ

# လူနှင့်ဟီးရိုး

လုံးချင်းဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ----- ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ----- ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ----- ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လူနေ

# ဟီးရိုး

www.burmeseclassic.com

www.burmeseclassic.com

ပုံ နှိပ် မှတ် တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | ♦ | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ♦ | ဒေါ်ရွှေ (မြ-၀၂၀၇၉) သုခပုံနှိပ်တိုက် အမှတ် (၁၄၈)၊ ၄၅လမ်း(ထက်) ဗိုလ်တထောင်။ |
| အတွင်းဖလင် | ♦ | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | ♦ | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | ♦ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | ♦ | ၅၀၀ |
| တန်ဖိုး | ♦ | ၂၀၀၀ ကျပ် |

ရှူဇနှ

တီးရှိုး

စိုးမိုးစာပေ၊ ၂၀၀၄

၂၅၀ – စာ၊ ၁၂.၅ × ၁၈.၅ စင်တီ။

ရှူဇနှ / တီးရှိုး

(၁)

စပိုက်ဒါမန်း (Spider Man )သည် သူ၏ ပင့်ကူအမျှင်များကို ပစ်လွှတ်ရင်း တစ်တိုက်ပြီးတစ်တိုက် ခုန်ကူးကာ လျင်မြန်သော အရှိန်အဟုန်ဖြင့် သွားနေ၏။

www.burmeseclassic.com

www.burmeseclassic.com





ပါးစပ်ကလည်း တစ်တိုက်၊ နှစ်တိုက်၊ သုံးတိုက်ဟု ရေရွတ်ရင်း ပတ်ဝန်းကျင်ကိုလည်း သေချာကြည့်နေရ၏။

လူတွေ မြင်သွားမှာ စိုးရိမ်သောကြောင့် မဟုတ်ဘဲ လမ်းမှား သွားမှာ စိုးရိမ်သောကြောင့် ဖြစ်သည်။

သူ့မျက်နှာဖုံးက မျက်မှန်မှာ နည်းနည်း အက်နေသောကြောင့် ရှေ့ကို အားစိုက်ကြည့်နေရသည်။

ပင့်ကူမျှင်များကို ရွှတ်ခနဲ၊ ရွှတ်ခနဲ မြည်အောင် ပစ်လွှတ်ရင်း တစ်တိုက်ပြီးတစ်တိုက် ကူးသွားနေသော စပိုက်ဒါမန်းကို လူတွေက မြင်သော်လည်း တကူးတက လှည့်မကြည့် ကြတော့ချေ။

လူတွေသည် အရင်တုန်းကလောက် သူ့ကို စိတ်မဝင်စားကြ တော့ချေ။ တစ်ချိန်က ဟီးရိုးတွေဖြစ်ပေမယ့် အခုချိန်မှာတော့ တချို့လူတွေက လမ်းမှာတွေ့ရင်တောင် သူ့ကို နှုတ်မဆက်ချင် ကြတော့။

လူဆိုးများ မရှိတော့သည့်အချိန်တွင် သူတို့လည်း ဘာမှ လုပ်စရာ မရှိတော့ဘဲ လတ်လျားလတ်လျား ဖြစ်နေကြသည်။

တစ်ချိန်တုန်းက ဟီးရိုးတွေကို လူတွေက မေ့နေကြပြီဖြစ် သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂)

တိုက်အနီလေးကို မြင်လိုက်ရသည်။ ထိုတိုက်ကို ကျော်ပြီးပါက သူသွားလိုသည့်နေရာကို ရောက်ပြီဖြစ်သည်။

ဒီအချိန်ဆိုရင် သူချစ်ရသော 'နီဝေ'ဆိုသည့် ကောင်မလေးသည် ရုံးကနေ အိမ်ကို ပြန်နေလောက်ပြီဖြစ်သည်။

သူက လမ်းကနေစောင့်ကာ စကားလိုက်ပြောဖို့ သွားနေခြင်းဖြစ်သည်။ အချိန်ကို ကြည့်လိုက်သည်။

နည်းနည်း နောက်ကျနေပြီဖြစ်သည်။ အိမ်မှာ အဘွားက သူ့ကို ရေခပ်ခိုင်းနေသောကြောင့် မြန်မြန်ပြီးအောင် ပင့်ကူမျှင်များဖြင့် ရေမြန်မြန်ခပ်နေရသောကြောင့် နောက်ကျနေခြင်း ဖြစ်သည်။

မကြာမီအချိန်တွင် သူချစ်ရသည့် ကောင်မလေးကို လှမ်းမြင်လိုက်ရ၏။ သူက ကောင်မလေး လျှောက်လာသည့်ရှေ့က ဆိုင်းဘုတ်ကို ပင့်ကူမျှင်ပစ်လွှတ်ပြီး ခပ်မြန်မြန်ပင် သူ့မရှေ့ကို ရောက်အောင် လုပ်လိုက်သည်။



"အမယ်လေး"

ကောင်မလေး လန့်သွားသည်။

"ဟဲ. . . ဟဲ မကြောက်ပါနဲ့ ကျွန်တော် စပိုက်ဒါမန်းပါ"

"ရှင်လာပြန်ပြီလား"

ကောင်မလေးမှာ သူ့ကိုမြင်လိုက်ရသောကြောင့် စိတ်ညစ်သွားပုံပေါ်သည်။ အခုခေတ် ကောင်မလေးတွေက အရင် ကောင်မလေးတွေလို ဟီးရိုးတွေကို မြင်လျှင် နန့်နန့်တက် မကြိုက်ချင်ကြတော့။

အခုလည်း 'နီဝေ'ဆိုသည့် ကောင်မလေးရဲ့ အချစ်ကိုရဖို့အတွက် သူ ကြိုးစားနေတာ အခုဆို တစ်နှစ်လောက်ရှိပြီ ဖြစ်သည်။

ကောင်မလေးကတော့ သူ့ကို စိတ်ဝင်စားတဲ့ပုံ တစ်ချက်မှ မပြချေ။ ဒါကို သူက နေ့စဉ် မပျက်မကွက် လာရောက် ချစ်ရေးဆိုနေခြင်း ဖြစ်သည်။

ကောင်မလေးကလည်း နေ့စဉ်နေ့တိုင်း ခါးခါးသီးသီး ငြင်းဆိုနေဆဲပင် ဖြစ်သည်။

အခုလည်း စပိုက်ဒါမန်းက "နေကောင်းလား၊ မနက်က ဘာနဲ့စားလဲ၊ စားလို့ရော ကောင်းရဲ့လား" ဘာညာသရကာများကို အရင်မေး၏။

နောက်မှသာ လိုရင်းကို ဒဲ့ပြောရလေသည်။

"ကိုယ့်ကို တစ်ချက်လောက်တော့ စဉ်းစားပေးပါဦးကွာ"

"ရှင့်ကို ကျွန်မ ဘယ်နှခါပြောရမလဲ၊ ကျွန်မက ပင့်ကူတို့

www.burmeseclassic.com

www.burmeseclassic.com



ပိုးဟပ်တို့ကို ကြောက်တယ်ရှင့်၊ ရှင့်အမျှင်ကြီးတွေက ဟိုပစ်ဒီပစ်နဲ့ ရွံစရာကြီး"

ကောင်မလေးကလည်း သူ့ကို မသတီသလိုကြီး ကြည့်နေတော့ သူ့ကိုယ်သူပင် စိတ်လေသွားသည်။

"ကိုယ်. . . ကိုယ်၊ မင်းမကြိုက်ဘူးဆိုရင်လည်း ပုံမှန်လူသားလို နေမယ်လေ"

"ဘယ်ရတော့မလဲရှင့်၊ ရှင့်ကို ကျွန်မက စပိုက်ဒါမန်းမှန်း သိနေတော့ ရှင် ဘယ်လိုပဲနေနေ အတွေးထဲမှာ ပင့်ကူပဲပေါ်လာတာပေါ့"

"ကိုယ်၊ မင်းကို တကယ်ချစ်တာပါကွာ၊ အရင်ခေတ်ကောင်းတုန်းကတောင် ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပေမယ့် ဘယ်သူ့ကိုမှ ပြန်မချစ်ခဲ့ပါဘူး။ အခု မင်းနဲ့တွေ့မှ ကိုယ့် ရင်ထဲမှာ ဘယ်လိုဖြစ်မှန်း မသိပါဘူး"

စပိုက်ဒါမန်းက မျက်ရည်လေး စမ်းတမ်းစမ်းတမ်းနဲ့ ပြောလေသည်။ သို့သော်လည်း မျက်နှာဖုံးတပ်ထားသောကြောင့် သူမျက်ရည်ဝဲတာကို ကောင်မလေး မသိ။

ထို့ကြောင့် ငိုမှန်းသိအောင် နှပ်နည်းနည်း ရှုံ့ပြလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မက ရှင့်လိုလူကို မချစ်နိုင်ဘူး"

"ဘယ်လိုလူမျိုးမှ နိုဝေက ချစ်နိုင်မှာလဲ ဟင်"

တစ်နှစ်အတွင်း သူ မမေးရဲခဲ့သည့် မေးခွန်းကို အားတင်းပြီး



မေးကြည့်လိုက်သည်။

"ကျွန်မတို့လို ပုံမှန်လူသား ယောကျ်ားတစ်ယောက်ကိုပဲ ကျွန်မက ချစ်နိုင်မယ်ရှင့်"

"ဟင်"

ကောင်မလေး အဖြေကြောင့် စပိုက်ဒါမန်း ခေါင်း ငိုက်စိုက်ကျသွားသည်။ သူသည် ပါဝါရှိသော ဟီးရိုးတစ်ယောက် ဖြစ်သောကြောင့် မည်သည့်နည်းနဲ့မှ သာမန်လူအဖြစ် မရနိုင်သောကြောင့် စိတ်ဓာတ်ကျသွားခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် ကောင်မလေးက သူ့ရှေ့ကနေ လှစ်ခနဲ ထွက်သွားလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com


## (၃)

"လာပြန်ပြီ. . .   နောက်တစ်ယောက်"

'နိုဝေ' စိတ်ညစ်သွားလေသည်။

ခုနကလည်း သူ့ကို စပိုက်ဒါမန်းက လမ်းမှာ ရည်းစားစကား လိုက်ပြောသည်။ အခုလည်း သူသွားမည့်လမ်းတွင် တစ်ယောက်က ပိတ်ရပ်နေသေးသည်။

ရပ်နေသည့်သူက ရင်အုပ်ကို မောက်ထားပြီး ခါးကို လက်သီးနှစ်ဖက်ဖြင့် ခပ်ကားကားထောက်ထားပြီး သူ့ကို 'အပျိုး'ဟု ပြုံးပြနေသည့် 'စူပါမန်း' (Super Man) ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နို. . . နိုလေး၊ ပြန်လာပြီလား"

"ရှင် မတွေ့ဘူးလား"

ကောင်မလေး အပြောကြောင့် စူပါမန်းမှာ စိတ်ညစ်သွားလေသည်။

ခပ်တင်းတင်းမောက်ထားသည့် ရင်အုပ်ပင် ရှုံ့ခနဲ ပြန်ကျသွားသည်။ 'နိုဝေ'က စူပါမန်းကို ကျော်တက်သွားလိုက်သည်။

စူပါမန်းကလည်း နောက်ကနေ သူ့ဝတ်ရုံ တကားကားဖြင့် ပြေးလိုက်သွားပြီး-

"မိုးပေါ်ကနေ ပျံပြီး လိုက်ပို့ပေးမယ်လေ နိုလေး"

"အောင်မာ ရှင်က ကျွန်မကို ဘယ်လိုအမျိုးအစားထဲက မှတ်လို့လဲ၊ အဲ့ဒီလို လိုက်ပို့လို့ ကျွန်မက ရင်ခုန်ပြီး ရှင့်ကို ပြန်ချစ်မယ်လို့ ရှင်ထင်နေလို့လား"

စူပါမန်းမှာ ခေါင်းကုတ်လိုက်သည်။ ဆံပင် အမောက် ပျက်သွားမှာစိုးသောကြောင့် ခပ်ဖွဖွသာ ကုတ်မိသည်။

"အဲ့ဒီလိုတော့ မဟုတ်ပါဘူး နိုလေးရယ်၊ အဲ့ဒါတွေက အရင်တုန်းက သူတို့တွေ ကိုယ့်အကြောင်းကို ဇာတ်လမ်းဆင်ပြီး ရိုက်ထားတဲ့ ရုပ်ရှင်တွေထဲက ဇာတ်ဝင်ခန်းတွေပါ။ အခုက. . . နို. . . နိုလေး ပင်ပန်းမှာကို မကြည့်ရက်လို့ပါ"

နိုဝေသည် လမ်းကို ခပ်မြန်မြန်လျှောက်ရင်းမှ စူပါမန်းကို သေချာကြည့်ကာ-



"ဒီမှာ. . . ရှင့်ကို ကျွန်မ ခပ်ပြတ်ပြတ်ပဲပြောမယ်၊ ခုနကလည်း ကျွန်မ စပိုက်ဒါမန်းကို ပြောပြီးပြီ"

"ဘာ. . . ဒီ. . . ဒီကောင်က နိုလေးဆီလာတယ် ဟုတ်လား"

စူပါမန်းမှာ ဒေါသထွက်သွားပြီး မျက်နှာ နီရဲလာ၏။ သူနှင့် စပိုက်ဒါမန်းသည် ရည်းစားလုဘက်ဖြစ်သည်။ ညက လျှော်လှမ်းထားသော စူပါမန်းဝတ်စုံ မခြောက်သေးသောကြောင့် ခြောက်အောင် စောင့်နေတာကို အခွင့်ကောင်းယူပြီး ဒီကောင် စပိုက်ဒါမန်းက 'နိုလေး'ကို အရင်ဦးအောင် စကားပြောသွားပုံရသည်။

"ကြားလား. . . ကျွန်မပြောတာ"

"ဟင်. . . ဘာ ဘာပြောလိုက်တာလဲ"

စပိုက်ဒါမန်းအကြောင်းတွေးနေသောကြောင့် 'နိုလေး'ပြောတာကို မကြားလိုက်ချေ။

"ကျွန်မက သာမန်လူသား ယောက်ျားမျိုးကိုပဲ ချစ်တာရှင့်၊ ရှင်တို့လိုမျိုးကို မချစ်ဘူး၊ နောက်လည်း ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ ရုံးပြတင်းပေါက်နားမှာ ပျံဝဲပြီး ပန်းစည်းပေးတာတို့၊ နေ့စဉ် ရုံးရဲ့ တိုက်ဘေးနားမှာ လာစောင့်နေတာတို့ မလုပ်နဲ့တော့၊ ရှင့်ကိုလည်း ကျွန်မ မချစ်နိုင်ဘူး"

"တို့မှာ ဘာအပြစ်ရှိလို့လဲကွယ်၊ သူများမှာ မရှိတဲ့ စွမ်းအားတွေ တို့မှာရှိတယ်၊ မင်းအတွက် လုံခြုံစိတ်ချပြီး အားကိုးလို့ရတဲ့ ယောက်ျားတစ်ယောက်ဆိုတာကို မင်း စိတ်ချလက်ချကြီး ယုံလိုက်

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ”

“သိတယ်၊ သိတယ်၊ အဲ့ဒါတွေ ကျွန်မ သိတယ်၊ အဲ့ဒီလိုမျိုးကို ကျွန်မက မကြိုက်တာ”

“ဟင်. . . ဘာဖြစ်လို့လဲ”

“ကျွန်မက သာမန်သမီးရည်းစားဘဝ၊ သာမန် အိမ်ထောင်ရှင်မ ဘဝကိုပဲ လိုချင်တာ၊ ဒုက္ခရောက်ရင်ရောက်မယ်၊ အခက်အခဲတွေ တွေ့မယ်၊ ဒါဟာ လူ့သဘာဝပဲလေ၊ ဒီတော့ ကျွန်မ ရှင့်ကို ဘယ်လိုမှ ပြန်မချစ်နိုင်တာ ဝမ်းနည်းပါတယ်”

ပြောပြီးပြီးချင်းပဲ စူပါမန်းကိုကျောခိုင်းပြီး ထွက်ခွာသွား၏။ စူပါမန်းကတော့ ဘာမှ ပြန်မပြောနိုင်တော့ဘဲ ကောင်မလေးကို ရီဝေတဲ့ မျက်လုံးများနဲ့ ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။

■

## (၄)

စူပါမန်းသည် စိတ်ညစ်ညစ်နဲ့ ခေါင်းငိုက်ပြီး လမ်းလျှောက်လာခဲ့သည်။ မိုးပေါ်ကနေ ပျံပြီးသွားဖို့လည်း စိတ်ကူး မရှိချေ။ ဒီအချိန်မှာ သူ စိတ်ညစ်နေတာပဲ သိသည်။

ထို့ကြောင့် လူတွေကြားထဲမှာပဲ တိုးဝှေ့ပြီး လျှောက်နေလိုက်သည်။ တချို့က သူ့ကိုပင် ဝင်တိုက်သွားကြ၏။

အရင်တုန်းကဆိုရင် သူ့ကိုမြင်ပါက လက်ခုပ်တီးပြီး အားပေးကြသည်။ အခုတော့ ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့တောင် မထင်ကြတော့ပေ။

ဘာပဲဖြစ်ဖြစ် စူပါမန်းသည် သူတို့ကို စိတ်မဝင်စား။ သူတို့ ဂရုမစိုက်တာ ဘာမှမဖြစ်။ သူချစ်ရသော ‘နိုဝေ’က သူ့ကိုပြန်ပြီး ဂရုမစိုက်တာကိုဘဲ ရင်ထဲမှာ ခံရခက်နေသည်။

ခပ်လှမ်းလှမ်းကနေ လမ်းလျှောက်လာသော စပိုက်ဒါမန်းသို့ မြင်လိုက်ရ၏။ သူလည်း သူ့လိုပင် တိုက်တွေ တစ်ခုပြီးတစ်ခု ကူးမသွားဘဲ လူတွေကြားထဲကနေ လမ်းလျှောက်လာနေခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

စပိုက်ဒါမန်း မျက်နှာကိုကြည့်ကတည်းက သူ့လိုပဲ စိတ်ညစ်လာပုံရသည်။ ခဏအကြာတွင် စပိုက်ဒါမန်းမှာ သူ့ကို မြင်သွားလေ၏။

သူ့ကို စူးစူးစိုက်စိုက် ခဏရပ်ကြည့်သည်။

သူလည်း ပြန်ကြည့်မိ၏။

သို့သော်လည်း သိပ်မကြာခင်အချိန်မှာပဲ သူလည်း သူ့လမ်းသူဆက်သွားသောကြောင့် မြင်ကွင်းမှပျောက် ကွယ်သွားလေသည်။

စပိုက်ဒါမန်း ပျောက်သွားသည့်အထိ ဆက်ကြည့်နေမိပြီးနောက် သူလည်း သူသွားလိုသည့်နေရာကို ပုံမှန်လူသားတစ်ဦးလို လမ်းလျှောက်လာခဲ့သည်။

■

(၅)

စပိုက်ဒါမန်းသည် သူနှင့် ရည်းစားပြိုင်ဘက်၊ စူပါမန်းကို မြင်ပြီးနောက် ပိုပြီး စိတ်ညစ်သွားလေ၏။

သို့သော်လည်း စူပါမန်းပုံစံက သူ့လိုပဲ ဖြစ်လာပုံရသည်။ ထို့ကြောင့် ယခုအချိန်မှာ ရှည်ရှည်ဝေးဝေး ပြဿနာမဖြစ်ချင်သောကြောင့် ရှောင်ထွက်လာခြင်း ဖြစ်သည်။

တော်တော်ကြာသည်အထိ ဘယ်သွားလို့ သွားရမှန်းမသိချေ။

နောက်မှသာ သူ့မိတ်ဆွေ လင်မယားနှစ်ယောက်ဆီ သွားလည်ဖို့ ဆုံးဖြတ်လိုက်သည်။

အခုအချိန်မှာ သူ့အတွက် ရင်ဖွင့်စရာဆိုလို့ သူတို့လင်မယားနှစ်ယောက်သာ ရှိသည်။

ထိုလင်မယားသည်လည်း တစ်ချိန်ကဆိုရင် လျှမ်းလျှမ်းတောက် သူရဲကောင်းတွေ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ယောက်ျားလုပ်သူက ဟိုတယ်တစ်ခုမှာ ညစောင့်လုပ်နေသည်။ မိန်းမကတော့ ကလေးမွေး၊ အိမ်ထောင်ထိန်းသိမ်းပေါ့။

ယောက်ျားမှာ တစ်ချိန်တုန်းက Bat Man ဟု ထင်ရှားသည့် လင်းနို့လူသားဖြစ်ပြီး မိန်းမကတော့ Cat Woman ဟု ထင်ရှားသည့် ကြောင်နက်မ ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

(၆)

ထိုအချိန်တွင် စူပါမန်းမှာလည်း သူ့မိတ်ဆွေတစ်ဦးထံကို စိတ်ညစ်ညစ်နဲ့ သွားနေလေ၏။

အရင်တုန်းက သူ့လိုပဲ ဟီးရိုးတစ်ဦးဖြစ်ပြီး အခုချိန်မှာတော့ ဈေးထဲမှာ ဝက်သားရောင်းသည့် ဝက်သားသည်တစ်ဦးဖြစ်နေသော X-Man ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်က စွမ်းအင် ဓားနှင့် ဝက်သားခုတ်သည့်နေရာတွင် အသုံးဝင်သောကြောင့် အခုချိန်၌ ငွေဝင်လမ်းကြောင်းဖြောင့်နေသူလည်း ဖြစ်သည်။

ဈေးထဲရောက်တော့ X-Man ကို အလွယ်တကူပဲ တွေ့ရသည်။

"ကိုကြီး အိတ်(စ်)"

စူပါမန်းက လှမ်းနှုတ်ဆက်လိုက်သည်။

"ဟာ. . . 'စူစူ'ပါလား။ မလာတာတောင် အတော်ကြာပြီ ဘယ်ပျောက်နေလဲ"

ဈေးလာဝယ်သည့်သူတစ်ဦးကို ဝက်သားများ တုံးပေးရင်း သူ့ကို လှမ်းပြောလေသည်။

ခဏအကြာတွင် ဈေးဝယ်ပါးသွားသောကြောင့် ဆိုင်နောက်မှာပဲ သူတို့နှစ်ဦး စကားပြောဖြစ်ကြသည်။

"ကောင်းကင်က မပျံလာပုံထောက်တော့ စူစူ စိတ်ညစ်နေပြီထင်တယ်"

"ဟုတ်တယ် ကိုကြီး အိတ်(စ်)ရေ အသေအချာပါပဲ"

စူပါမန်းက သက်ပြင်း ခဏခဏချရင်း ရေရွတ်လေသည်။

"ဘာလဲ ကောင်မလေး ကိစ္စပဲလား"

သူနှင့် နိုဝေအကြောင်းကို ကိုကြီး အိတ်(စ်) သိထားလေသည်။ ထို့ကြောင့် သူစိတ်ညစ်လာတာ အဲဒါကြောင့်ပဲဆိုပြီး အတတ်



သိနေခြင်းဖြစ်သည်။

"ဟုတ်တယ်၊ ကျွန်တော့်မှာ စိတ်ညစ်စရာအကြောင်းဆိုလို့ သူ့ကြောင့်ပဲရှိတာ"

"အင်း. . . မိန်းမတွေကလည်း နားလည်ရခက်ပါတယ်ကွာ၊ အရင်တုန်းကတော့ မင်းတို့ ငါတို့လို လူမျိုးကိုမှ ကြိုက်လှချည်ရဲ့ဆိုပြီး နန့်နန့်တက်ဖြစ်နေကြတာ၊ အခုတော့လည်း လှည့်တောင် မကြည့်ကြတော့ဘူး"

ကိုကြီး အိတ်(စ်)က စကားကို အသာရပ်ပြီး ဈေးသွား၊ ဈေးလာတွေကို တစ်ချက်ကြည့်သည်။

ပြီးမှ သူ့ဘက်လှည့်ကာ -

"ကဲ. . . ပြောစမ်းပါဦးကွာ၊ မင်းကောင်မလေးက မင်းကို ဘာတွေပြောလိုက်လဲ"

ဟု မေးလိုက်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

# (၇)

ညစောင့်ဖြစ်သောကြောင့် အိမ်မှာ တစ်နေကုန်နေရသော Bat Man ကို အိမ်တွင် အဆင်သင့်ပဲ တွေ့ရလေသည်။

“ဟာ. . . ပင့်ကူလေး လာလည်တယ်ဟေ့၊ မိန်းမရေ. . . ဒီမှာ ပင့်ကူလေး လာလည်တယ်ဟ”

သူတို့လင်မယားက သူ့ကို ပင့်ကူလေးဟူ၍ပင် ခေါ်သည်။ သူကတော့ လင်းနို့လူသားကို နို့ကြီးလို့ ပြန်ခေါ်၏။

သူက အဲ့ဒီလိုခေါ်တာ မကြိုက်ပေမယ့်လည်း စပိုက်ဒါမန်းက နှုတ်ကျိုးပြီး ဆက်ခေါ်နေမိသည်။

ထင်သည့်အတိုင်းပဲ သူတို့ကလေး နို့ကြောင်(သူပေးထားသည့် နာမည်)မှာ တစ်အိမ်လုံး ပြောင်းဆန်နေအောင် ဆော့နေ၏။

အဖေ လင်းနို့လူသား၊ အမေ ကြောင်နက်မက မွေးထားသော ကြောင့် အဖေနဲ့အမေ ဗီဇတို့က အပြည့်ပါသည်။



အိပ်ခန်းထဲမှာ ဟိုပျံဒီပျံလုပ်လိုက်၊ တစ်ခုခုကို ပစ်ပေါက်ပြီး ပစ်မှတ်မရောက်ခင် ပြန်ဖမ်းလိုက်လုပ်ရင်း ဆော့ကစားနေ၏။

“မင်းအစ်မကတော့ ထုံးစံအတိုင်းပဲ မီးဖိုခန်းထဲမှာကွ၊ ထိုင်ဦး”

ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ နို့ကြောင် ပစ်လွှတ်လိုက်သောပစ္စည်းကို မသိစိတ်က သိနေသဖြင့် ပင့်ကူမျှင်နှင့် ရှုတ်ခနဲ ဖမ်းကာ ပြန်ပေးလိုက်၏။

“သား ဦးကို မစနဲ့လေ၊ ကိုယ့်ဘာသာကိုယ်ဆော့နေ၊ သွား ကိုယ့်အခန်းထဲကိုယ်သွား”

သူ့အဖေက နည်းနည်းဟောက်လိုက်မှ အခန်းထဲဝင်သွားလေ၏။

သူ မရှိမှဘဲ စကားကောင်းကောင်းပြောလို့ ရတော့သည်။

“ကဲ. . . ဆိုစမ်းပါဦး၊ ဘာတွေဖြစ်လာပြန်တာလဲ”

■

www.burmeseclassic.com

www.burmeseclassic.com

## (၈)

"မင်းဟာက မဟုတ်သေးပါဘူးကွာ၊ မိန်းမတစ်ယောက်ကြောင့်၊ ကိုယ့်မှာရှိတဲ့ အစွမ်းတွေကို စွန့်လွှတ်ပြီး သာမန်လူသား တစ်ယောက်လို နေချင်ရတယ်လို့ကွာ၊ မဟုတ်သေးပါဘူး"

အိတ်စ်မန်းသည် စူပါမန်းကိုကြည့်ပြီး ရေရွတ်ကာ ခေါင်းခါလိုက်၏။

"အချစ်အတွက်ပဲဗျာ၊ အဲ့ဒီလောက်တော့ စွန့်စားရမှာပေါ့၊ ပြီးတော့ ဒီခေတ်မှာက ပါဝါအစွမ်းတွေက အသုံးမဝင်တော့ဘူးလေ၊ မသကာ ကားခ မကုန်တာတို့၊ မီးမွှေးတာတို့လောက်ပဲ အသုံးဝင်တော့တာ မဟုတ်လား၊ အခု ကိုကြီးအိတ်စ်ပဲကြည့်လေ လက်က ထွက်တဲ့ စွမ်းအားဓာတ်တွေကို ဝက်သားခုတ်တဲ့နေရာမှာပဲ အဆင်ပြေတော့တယ် မဟုတ်လား"



"ဒါတော့ ဒါပေါ့ကွာ"

ကိုကြီးအိတ်စ်သည် သူ့စကားကြောင့် စိတ်မကောင်းဖြစ်သွားပုံရသည်။

စူစူပြောလည်း ပြောစရာပင်။ သူ့ဘဝသည် ဝက်သားသည် ဘဝနှင့်သာ အရိုးထုတ် သေဆုံးသွားဖို့ ဆုံးဖြတ်ထားလေသည်။

အိမ်ထောင်လည်း မပြု။ အခုအချိန်မှာလည်း သူ့ကို ဘယ်သူမှ စိတ်မဝင်စားတော့မည့်အတူတူ လူပျိုကြီးဂုဏ်ပုဒ်ကိုပဲ ကြာရှည်ထိန်းသိမ်းထားသူဟု ဂုဏ်ယူမဆုံးရှိစေရန် ဆုံးဖြတ်ထားသည်။ သို့သော် ငယ်ရွယ်သူ စူစူတို့လို လူမျိုးကတော့ အချစ်ကို အရှူးအမူးရှိလို့ ကောင်းနေဆဲပင် ဖြစ်သည်။

"ဒါဆို မင်းမှာရှိတဲ့ စွမ်းအားတွေကို စွန့်လွှတ်တော့မယ်ပေါ့"

"ဟုတ်တယ် ကိုကြီးအိတ်(စ်)ရယ်"

"ကောင်မလေးတစ်ယောက်ကို ပိုးပန်းတဲ့နည်းတွေရော သုံးပြီး သွားပြီလား "

"ဘာကိုပြောတာလဲ"

"မနေ့ကတောင် ငါကြည့်လိုက်ရပါသေးတယ်၊ မြန်မာနိုင်ငံက ရိုက်တဲ့ကားပဲကွာ၊ နာမည်တော့ မမှတ်မိတော့ဘူး၊ အဲ့ဒီအထဲမှာ ပါတဲ့ ကောင်မလေးတွေအိမ်ရှေ့မှာ ဂစ်တာတီးတာတို့၊ သူ့အမေကို လက်ဆောင်ပေးတာတို့၊ သူကြိုက်မယ့်ပစ္စည်းတွေ ဝယ်ပေးတာတို့ ဘာတို့ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အာ. . . အဲ့ဒီနည်းတွေလည်း သုံးပြီးပြီ"

"မထူးဘူးပေါ့"

"မထူးလို့ ကိုကြီးအိတ်(စ်)ကို ဒီလိုတွေလာပြောရတာပေါ့"

စူပါမန်းက စိတ်ညစ်ညစ်နှင့် ဆိုင်ပေါ်မှာရှိသော ဝက်သားစအပိုလေးတစ်ခုကို မျက်လုံးက မီးတောက်နှင့်ပစ်လွှတ်ပြီး ကျက်သွားသောအခါတွင် အပျင်းပြေ ကောက်ယူ ဝါးစားလိုက်သည်။

သူသည် မကြာမီ ထိုအစွမ်းတွေကို စွန့်လွှတ်ရတော့မည်။ ဒါ့အပြင် ဘတ်(စ်)ကားကိုလည်း သူများတွေလို တိုးဝှေ့စီးရတော့မည်။

ကိုယ်ပိုင်ကားကတော့ နောက်မှ အရစ်ကျ ဝယ်လို့ရအောင် ပိုက်ဆံစုရပေဦးမည်။

ဘတ်(စ်)ကားတွေ ဘယ်လိုစီးရသည်ဆိုသည့် ဘတ်(စ်)ကားလမ်းညွှန်ကိုတော့ ကိုကြီးအိတ်(စ်)ကို မေးမြန်းရမည်။

နောက်ပြီး အရေးကြီးတာက အိမ်မှာ ဂက်(စ်)မီးဖိုတစ်လုံး ဝယ်ယူရေးပင် ဖြစ်သည်။

"နေပါဦး. . . မင်းက အဲ့ဒါတွေသာ ပြောနေတယ်၊ မင်းအစွမ်းတွေကို ဘယ်လိုပျောက်အောင် လုပ်မှာလဲ၊ ဘယ်သူက လုပ်ပေးမှာလဲ"

ကိုကြီးအိတ်(စ်)စကားကြောင့် သူမှာ တွေဝေသွားလေသည်။ ဟုတ်တော့ဟုတ်သည်။ ဒီအစွမ်းတွေကို သူကိုယ်တိုင်ဖျက်ဆီးလို့မရချေ။



တစ်ယောက်တစ်ယောက်က ဖျက်ဆီးရင်ဖျက်ဆီး၊ အင်း. . . အဲဒါကလည်း မသေချာဘူး။ သူ့စွမ်းအင်ကို ဘယ်သူမှ ဖျက်ဆီးလို့မရတာ လူတိုင်း သိနေတာပဲ။ ထို့ကြောင့် ဖျက်ဆီးနိုင်မယ့် နည်းလမ်းရှိမှသာ သူသည် သာမန်လူတစ်ယောက် ဖြစ်လာနိုင်မည်ဖြစ်သည်။

"အင်း. . . အဲ့ဒီအရေးကြီးတဲ့အချက်ကိုမှ မေ့ရတယ်ဗျာ၊ ဘယ်လိုလုပ်ရမလဲ စဉ်းစားပေးပါဦး"

■

www.burmeseclassic.com

www.burmeseclassic.com

# (၉)

"မဖြစ်နိုင်ဘူး ပင့်ကူလေး၊ မဖြစ်နိုင်ဘူး"

လင်းနို့လူသားက စပိုက်ဒါမန်းစကားအဆုံးတွင် ခေါင်းခါပြီး ပြောလိုက်ခြင်းဖြစ်သည်။

မီးဖိုချောင်တွင် အလုပ်လုပ်နေသော ကြောင်နက်မကလည်း သူတို့ စကားပြောနေတာကို ကြားသွားပြီး-

"ပင့်ကူရယ်၊ မိန်းမတွေ အများကြီး ရှိပါတယ်၊ နောက်တစ်ယောက်ရှာ ကြိုက်စမ်းပါ၊ နင်တို့စွမ်းအားတွေကို သဘောကျတဲ့ မိန်းမတစ်ယောက်တော့ ရှိဦးမှာပါဟ"

ဟု လှမ်းပြောလေသည်။

"ဟာ. . . မမနက်ကလည်း ကျွန်တော်က သူ့ကိုပဲ ချစ်တာဗျ၊ တခြားသူတွေ မချစ်ဘူး"



"နင်နဲ့ စူပါမန်းတော့ ရှုံးနေပြီ"

"ဒီကောင့်အကြောင်းကို မပြောစမ်းပါနဲ့ဗျာ၊ ကျွန်တော်က သူ့ထက် 'နိုဝေ'ကို ပိုချစ်တယ်"

ကြောင်နက်မလည်း ဘာမှမပြောတော့ဘဲ-

"အေးပါဟယ်. . . အေးပါ"

ဟုသာ ပြန်ပြောလေ၏။

စူပါမန်းနာမည်ကို ကြားလိုက်သောကြောင့် စပိုက်ဒါမန်းမှာ နည်းနည်း ဒေါသထွက်သွားသည်။

ခုနက လမ်းမှာတွေ့လာသည့် ပုံစံအရ သူလည်း 'နိုဝေ'နဲ့ အဆင်ပြေပုံ မရချေ။

သူ့လိုပဲ 'သာမန်လူတစ်ယောက်'ဘဝကို မြတ်နိုးကြောင်းသာ 'နိုဝေ'က ပြောလိုက်ပုံရသည်။

ဘာပဲဖြစ်ဖြစ် စပိုက်ဒါမန်းသည် သူ၏အစွမ်းတွေကို စွန့်လွှတ်ပြီး သာမန်လူတစ်ယောက်ဘဝဖြင့် နေထိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

သို့သော် သူ့တွင် အခက်အခဲတစ်ခု ရှိနေလေသည်။ ဤသည်မှာ သူ့အစွမ်းကို ဘယ်သူက ဖျောက်ပေးမည်လဲ၊ ဒါမှမဟုတ် ဘယ်လိုနည်းလမ်းနဲ့ သူ့အစွမ်းတွေကို ပျောက်ပျက်အောင်လုပ်မလဲ။

တစ်စုံတစ်ယောက်က သူ့ကို တိုက်ခိုက်ပြီး ပျောက်ပျက်အောင်လည်း လုပ်လို့ မရချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို လင်းနို့လူသားနှင့်တိုင်ပင်တော့ လင်းနို့လူသားမှာလည်း ခေါင်းစားသွားသည်။

"ခြေတွေလက်တွေရဲ့ အကြောတွေကို ဖြတ်ပစ်လိုက်ရင်ရော"

"အာ. . . အစွမ်းတင်မဟုတ်ဘူး လူပါ အကြောသေသွားမှာပေါ့ဗျ"

"အင်း. . . ဒါဆို မင်းပင့်ကူမျှင်တွေက လက်ကထွက်တာဆိုတော့ လက်တစ်ခုပဲကွက်ပြီး အကြောဖြတ်မယ်ဆိုရင်ရော"

"ဟုတ်ပါ့မလားဗျာ၊ တော်ကြာ အစွမ်းမသေဘဲနဲ့ လက်ကြီးဗတ်လတ်ဗတ်လတ်ဖြစ်တာပဲ အဖတ်တင်နေဦးမယ်"

အတော်ကြာသည်အထိ အဖြေမတွေ့ဘဲ ဖြစ်နေကြသည်။

"ထမင်းစားကြမယ်၊ ရှင်တို့ဆွေးနွေးတာ နောက်မှပဲ ဆွေးနွေးတော့"

ကြောင်နက်မစကားကြောင့် ထမင်းဝိုင်းတွင်ထိုင်ကာ ထမင်းစားသောက်ကြသည်။

ထမင်းဝိုင်းတွင် ကြောင်နက်မက-

"ပင့်ကူလေး"

"ဗျာ"

"နင်တို့ ဒီလိုလုပ်ဖို့ စဉ်းစားမယ့်အစား ငါတွေးမိတာ တစ်ခုရှိတယ်ဟဲ့"



"ဘာများလဲ မမနက်ရဲ့"

"နင်. . . ဂျိမ်းစဘွန်းကို သွားတွေ့ကြည့်ပါလား"

■

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"အာ... ဘာဆိုင်လို့ ကျွန်တော်က သူနဲ့သွားတွေ့ရမှာလဲ၊ သူက ဟီးရိုးတော့ ဟီးရိုးပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့လိုမျိုး စွမ်းအား တစ်ခုခုရှိတဲ့သူမှ မဟုတ်တာ"

"နင် အဲ့ဒီလိုတွေးလို့ ကောင်မလေးရဲ့ အချစ်ကို မရတာ သိလား"

ကြောင်နက်မက ထမင်းစားနေရင်းမှ သူ့ကို လှမ်းဆူသည်။

"မိန်းမရယ်၊ ရှည်ရှည်ဝေးဝေး ပြောမနေစမ်းပါနဲ့၊ ဘာကို ဆိုလိုချင်တာလဲဆိုတာ ပြောစမ်းပါ"

ဟု လင်းနို့လူသားက ဝင်ပြောရလေသည်။

"ဒီလိုလေ၊ သူလည်း ငါတို့လိုပဲ အရင်တုန်းက လူဆိုးတွေကို နှိမ်နင်းခဲ့ရတာပဲ၊ အခုတော့ အားနေတယ်၊ ဘာအလုပ်မှ မရှိဘူး၊ ဒါပေမယ့် အရင်တုန်းကလိုပဲ ကောင်မလေးဘေ့ တချွန်းရှုန်းနဲ့ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



လင်းနို့လူသားက သူ့မိန်းမကို မျက်စောင်းထိုးသည်။

အရင်တုန်းက သူ့မိန်းမနဲ့ ဂျိမ်းစဘွန်းကို သူက ဘာလိုလို ထင်ခဲ့ဖူးသည် မဟုတ်လား။

"ယောက်ျားပီသတယ်၊ မိန်းမတွေအကြောင်း သူက သိပ်သိတယ်၊ ဒီတော့ နင်လည်း သူ့ဆီမှာ နည်းပညာလေးတွေ သွားယူကြည့်ပါလားလို့ပြောတာ၊ အဲဒီ နင့်ကောင်မလေးကို ဘယ်လို နည်းနဲ့ကပ်ရမယ် ဘာတွေလုပ်ရမယ်ဆိုတာကို သိရတာပေါ့၊ အဲဒီ အခါ နင်လည်း အစွမ်းတွေ မပျောက်ဘဲနဲ့ ကောင်မလေးအချစ်ကို ရမယ်၊ ကဲ. . . မကောင်းဘူးလား"

■

(၁၁)

အိတ်(စ်)မန်းသည် သူ၏ ဝက်သားဆိုင်ကို သိမ်းလိုက်သည်။ သူနှင့် ညီအစ်ကိုလိုနေသော စူစူ (ခ) စူပါမင်း၏ ပြဿနာကြောင့် သူလည်း ဆိုင်ဆက်ဖွင့်ချင်စိတ် မရှိတော့။

ထို့ကြောင့် ဆိုင်ကို ပိတ်လိုက်ပြီး စူပါမန်းနဲ့အတူ တစ်ခုခုသွားစားရန်အတွက် တစ်ဖက်လမ်းကို နှစ်ယောက်သား လမ်းဖြတ်ကူးလိုက်ကြသည်။

"ကိုကြီးအိတ်(စ်) ပျံပြီး သွားမလား"

အိတ်(စ်)မန်း ခေါင်းခါ ပြလိုက်သည်။ မသွားဘူးဆိုသည့် သဘော။

သူတို့သွားမည့်ဆိုင်သည် လမ်းကူးပြီးပါက ခဏအကြာတွင် ရောက်ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက် လူသွားလူလာကတော့ ရှုပ်ထွေးလှ၏။ ဈေးဆိုင်ခန်းများ လမ်းဘေးဈေးသည်များကြောင့် ပလက်ဖောင်းသည် သာမန်ထက်ပိုပြီး ကျဉ်းနေလေသည်။

တစ်ဦးနှင့်တစ်ဦးလည်း တိုက်မိကြ၏။

သို့သော် ပြဿနာမဖြစ်ကြဘဲ ဖြစ်လေ့ဖြစ်ထရှိသည်ဟု သဘောထားပြီး လမ်းဆက်လျှောက်ကြသည်။

"သစ်သီးတွေ၊ သစ်သီးတွေ သဘာဝအတိုင်း စိုက်ပျိုးထားတဲ့ အသီးတွေ"

"ကြက်ကြော်တွေ. . . ကြက်ကြော်တွေ"

"ဟော့. . . ဘယ်တုန်း"

"ဟဲ့. . . ရှေ့က မြန်မြန်လျှောက်လေ၊ ဩော်. . . ဒုက္ခပါပဲ နောက်ကျနေပြီဆိုမှ"

ဆူညံသံများနှင့် ပြည့်ကျပ်နေသည့် လမ်းတစ်လျှောက်ကို စူပါမန်းနှင့် အိတ်စ်မန်းတို့နှစ်ဦးသည် စိတ်ညစ်ညစ်နှင့် လျှောက်လာနေရင်း တစ်နေရာအရောက်တွင် နှစ်ယောက်သားမှာ တိုင်ပင်ထားခြင်းမရှိပါဘဲ ရပ်ပြီး ငေးကြည့်မိကြသည်။

လမ်းဘေး ပလက်ဖောင်းပေါ်တွင် ချရောင်းနေသည့် အခွေယောင်းများကို ငေးကြည့်နေမိခြင်း ဖြစ်သည်။

ဝယ်သူတစ်ဦးမှမရှိဘဲ ရောင်းသူမှာလည်း အိပ်ငိုက်နေလေသည်။ အရင်တုန်းက သူ့အကြောင်း ရိုက်ထားသည့် အခွေယောင်း



တစ်ခွေကို စူပါမန်း လှမ်းမြင်လိုက်ရ၏။

အိတ်စ်မန်းကလည်း ထိုးထိုးထောင်ထောင် ထွက်နေသော သူ့အခွေကို ကြည့်နေပုံရသည်။

တစ်ချိန်တုန်းက ထိုဇာတ်ကားခွေများသည် ခေတ်အစားဆုံး ဖြစ်သော်လည်း အခုချိန်မှာတော့ ဝယ်ယူသူ မရှိချေ။

သူတို့ငေးပြီး ကြည့်နေတုန်းမှာပဲ ကောင်မလေးတစ်ယောက်က အခွေရောင်းသည့်နေရာရှေ့တွင်ရပ်ကာ-

"အရင်တုန်းက ဂိမ်းစဘွန်းကားတစ်ခွေလောက် ရှိဦးမလား"

ဟု မေးလိုက်တာကို နှစ်ယောက်လုံးက ကြားလိုက်ရလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

သင်္ဘာကောင်ကြီးပဲဖြစ်နေပါစေ

ကြာရင်လူတွေက မေ့သွားမှာပါ. . .

ရိုးအီသွားကြမှာပါ. . .

အဲ့ဒီလို စိတ်ထဲတွေးထားရင်

နေရထိုင်ရတာ အဆင်ပြေသွားပါလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"ဒေါက်. . . ဒေါက်"

စပိုက်ဒါမန်းသည် အိမ်တစ်အိမ်၏ ရှေ့တွင်ရပ်လိုက်ပြီး တံခါးကို ခပ်ပြင်းပြင်းလေး ခေါက်လိုက်၏။

ထို့နောက် အထဲက အသံကို နားစွင့်ရင်း ခဏစောင့်လိုက်ရသည်။ လှုပ်ရှားသံ မကြားရသောကြောင့် တံခါးကို ထပ်ခေါက်လိုက်ပြန်၏။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ထိုအခါမှပဲ အလောတကြီး ပြေးလာသော ခြေသံကို ကြားလိုက်ရပြီး ခဏအကြာတွင် တံခါးမှာ ခပ်ဟဟလေးပွင့်ကာ လူတစ်ယောက်၏မျက်နှာ ပေါ်လာ၏။

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပေးသောသူမှာ သူ့ကိုမြင်ပြီး လန့်သွားပုံရသည်။

"ခင်ဗျားက ဂျိန်း(စ်)ဘွန်းရော ဟုတ်ရဲ့လားဗျာ"

စပိုက်ဒါမန်းက တံခါးဖွင့်ပေးသောသူကို မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ဂျိန်း(စ်)ဘွန်းဖြစ်ပြီး လန့်ရတယ်လို့"

"အာ. . . ရုတ်တရက် အိမ်ရှေ့မှာ မျက်နှာဖုံးစွပ်ကြီးနဲ့ လူကိုတွေ့တော့ လန့်သွားတာပေါ့၊ မတိုက်ခိုက်ရတာကြာပြီဆိုတော့ နည်းနည်းပါးပါးတော့ ကြောက်တတ်နေပြီပေါ့ကွ"

"တံခါးလေးဘာလေး ဖွင့်ပေးပါဦးဗျ၊ အထဲ ခဏဝင်ပါရစေ"

"ခဏနေဦး၊ ကျုပ်က ကိုယ်တုံးလုံးကြီးနဲ့ဆိုတော့ အဝတ်လေးဘာလေး ဝတ်ပါရစေဦး"

အထဲကနေ ဂျိန်း(စ်)ဘွန်းကို လှမ်းခေါ်နေသည့် ကောင်မလေးတစ်ယောက်အသံကိုလည်း ကြားနေရသည်။

အချိန်ကောင်းမှ သူက ရောက်လာခြင်း ဖြစ်သည်။

တစ်ခုကောင်းတာက အရင်လိုပဲ ဂျိန်း(စ်)ဘွန်းသည် ဆော်ကြည်ဆဲပဲဆိုတာ သိရတော့ စပိုက်ဒါမန်း ကျေနပ်သွားလေသည်။

တံခါးပြန်ပိတ်ပြီး ခဏအကြာတွင် ဂျိန်း(စ်)ဘွန်းက တံခါးလာဖွင့်ပေးလေ၏။

■

## (၁၃)

"အရင်တုန်းကလောက်တော့ ကျုပ် ဆော်မကြည်တော့ပါဘူးဗျာ"

ဂျိန်း(စ်)ဘွန်းက ဆိုဖာပေါ် ထိုင်ရင်း စပိုက်ဒါမန်းကို ခပ်ညည်းညည်းလေး ရေရွတ်လိုက်သည်။

"အရင်က တစ်လ ဆော်လေးငါးယောက်လောက်ရှိတယ်၊ အခုနှစ်ယောက်လောက်ရဖို့တောင် အနိုင်နိုင်ပါဗျာ"

ဂျိန်း(စ်)ဘွန်းကိုကြည့်ရင်း စပိုက်ဒါမန်းပင် ငိုင်သွားလေ၏။

ဂျိန်း(စ်)ဘွန်း အခြေအနေဆိုးနေခြင်းသည် သူတို့ထက်ပင် အခြေအနေကောင်းသော အနေအထားပင် ဖြစ်သည်။

"ကဲ. . . လာရင်းကို ပြောပါဦး"

ဂျိန်း(စ်)ဘွန်းက မေးလိုက်သည်။

အရင်တုန်းကဆို သူတို့လို ပါဝါရှိ ဟီးရိုးများနှင့် သူလူ ဆက်

www.burmeseclassic.com

www.burmeseclassic.com



ဆံမှု သိပ်မလုပ်သောကြောင့် စပိုက်ဒါမန်း သူ့ဆီကို လာခြင်းသည် တစ်ခုခုကြောင့် ဖြစ်မည်ဟု အတတ်သိသောကြောင့် ဂျိန်း(စ်)ဘွန်းက မေးလိုက်ခြင်း ဖြစ်သည်။

သူမှာကလည်း အလုပ်ရှိသေးတယ် မဟုတ်လား။

"လာတဲ့ကိစ္စကတော့ အစကနေ ပြောမှဖြစ်မှာ... ဒီလိုဗျာ ကျွန်တော်က... "

သူဖြစ်ပျက်နေသည့် ကိစ္စကို ရုပ်ရှင်ထဲကလို နောက်ခံ အဖြူအမည်းနှင့် မဟုတ်ဘဲ ကာလာလေးအချို့ထည့်ကာ နောက်ကြောင်း ပြန် ပြောပြနေ၏။

ဂျိန်း(စ်)ဘွန်းကလည်း ခေသူမဟုတ်။ သူက လူလည်ပဲကိုး။ စပိုက်ဒါမန်း နောက်ကြောင်းပြန်မပြီးခင်မှာပဲ ဘာကြောင့် သူ့ဆီရောက်လာလဲဆိုတာကို ရိပ်မိပြီး ဖြစ်နေသည်။

"ဒီတော့ ကောင်လေးဆိုလိုချင်တာက ချစ်သူကို ချဉ်းကပ်ဖို့ဆိုရရင်... သူ့အချစ်ကိုရဖို့ ကျုပ်ဆီက အကြံဉာဏ်တွေလိုချင်တယ်ပေါ့... ဟုတ်လား"

ကောင်လေးလို့ခေါ်တာကို မကြိုက်သော်လည်း ယခုအချိန်မှာ အားကိုးစရာဆိုလို့ သူတစ်ယောက်ပဲ ရှိသောကြောင့်-

"ဟုတ်ပါတယ်... ကိုကြီးရယ်"

ဟု ဆိုလိုက်ရသည်။

ထိုစဉ် ဂျိန်း(စ်)ဘွန်းသည် ထိုင်ခုံကို နောက်မှီလိုက်ကာ ခြေ



ထောက်ကို ချိတ်လိုက်ပြီး တစ်ခုခု ပြောမလို့ပြင်စဉ်တွင်-

"ဒေါက်... ဒေါက်... ဒေါက်"

ဆိုသည့် တံခါးခေါက်သံကြောင့် အရှိန်ပျက်သွားလေသည်။

"ဟ... ဘယ်သူလဲ"

လုပ်နေကျ ထုံးစံအတိုင်း အံဆွဲနားကိုသွားပြီး သူ့ရဲ့ ပစ္စတိုကို ယူကာ ခါးကြား ထိုးလိုက်၏။

"ဒီခေတ်မှာ လူဆိုးတွေ မရှိတော့ပါဘူးဗျ"

"အေးဟေ့... မရှိမှန်းသိတယ်၊ အကျင့်က ပါနေလို့... တံခါးခေါက်လာရင် အဲ့ဒီလို ပြေးပြေးလုပ်ရမှ နေသာထိုင်သာရှိတာနဲ့ လုပ်နေတာ"

ဟုပြောရင်း တံခါးကို သတိနှင့် ဆွဲဖွင့်လိုက်၏။

"ဟင်... လာပြန်ပြီ နောက်တစ်ယောက်"

တံခါးဝတွင် မိန့်မိန့်ကြီးရပ်နေသော စူပါမန်းကို တွေ့လိုက်ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ဂျိန်း(စ်)ဘွန်းသည် စပိုက်ဒါမန်းကိုတစ်လှည့်၊ စူပါမန်းကို တစ်လှည့်ကြည့်ရင်း စိတ်အိုက်နေ၏။

အခန်းက အဲယားကွန်းခန်းဖြစ်သောကြောင့်သာ ချွေး တဒီးဒီး မကျခြင်း ဖြစ်သည်။

စူပါမန်းသည်လည်း မျက်ထောင့်ကြီး နီနေ၏။ စပိုက်ဒါမန်း မျက်နှာကတော့ ခန့်မှန်းလို့ မရပေ။ သို့သော် သူလည်းပဲ မျက်မှောင်ကျုံ့ထားသည်မှာ သေချာလှသည်။

သူ့ရှေ့က ဟီးရိုးနှစ်ယောက်ကိုကြည့်ပြီး ဂျိန်း(စ်)ဘွန်းမှာ ဘယ်က စပြောရမှန်းမသိ ဖြစ်နေသည်။

သူ့ကို အားကိုးပြီး လာတိုင်ပင်ကြသည်ဆိုသောကြောင့် သူ့မှာ သွေးကြီးနေမိ၏။

ဘယ်လို လက်ချာရိုက်ရမလဲ တွေးနေတုန်းမှာပင် စပိုက်ဒါမန်းက မတ်တတ်ထရပ်လေ၏။

"ပြန်မယ်ဗျာ"



"ဟင်"

"ကျွန်တော်လည်း ပြန်မယ်"

စူပါမန်းကလည်း မတ်တတ်ထရပ်ကာ ပြောပြန်၏။

ဂျိန်း(စ်)ဘွန်းမှာ ပြာယာခတ်သွားပြီး-

"နေ. . . နေကြပါဦးဗျာ. . . ခင်ဗျားတို့ကလဲ"

ဆရာ မလုပ်လိုက်ရဘဲ ပြန်သွားမှာစိုးသောကြောင့် ကပျာကယာ တားလိုက်ရသည်။

သူ့စကားကြောင့် နှစ်ယောက်စလုံး ပြန်ထိုင်ကြ၏။

ပုံစံတွေက သိပ်စိတ်ပါတဲ့ပုံစံတွေ မဟုတ်တော့ချေ။

"အခု ခင်ဗျားတို့က ကျုပ်ဆီကနေ ကောင်မလေးတွေကို ဆွဲဆောင်ဖို့ နည်းလမ်းတွေကို စိတ်ဝင်တစား မေးဖို့လာကြတာ မဟုတ်လား"

"ဟုတ်တယ်. . . ဒါပေမယ့် သူနဲ့ကျွန်တော်နဲ့က ရည်းစားလုဘက်တွေဆိုတော့ ခင်ဗျားဆီက သိရတဲ့ နည်းလမ်းတွေ အတူသုံးရင် ဘယ်မှာ အဆင်ပြေတော့မလဲဗျ"

စူပါမန်းပြောသည့်စကားကလည်း ဟုတ်တော့ ဟုတ်သည်။

သူတို့က ကြိုက်တဲ့လူချင်းတူတော့ နည်းလမ်းချင်းတူလို့မဖြစ်ဘူးလေ။ ဒီတော့ ဆက်နေလည်း အပိုပဲဆိုပြီးတွေးကာ ပြန်ဖို့ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်သည်။

ဂျိန်း(စ်)ဘွန်းကလည်း ဘယ်ကတည်းက သူ့အစွမ်းပတ္တပြချင်

www.burmeseclassic.com

www.burmeseclassic.com



နေလည်းမသိ။ အတင်းသာရော တားနေသောကြောင့်သာ ပြန်ထိုင်ကြခြင်းဖြစ်သည်။

"ကျုပ်က အခြေခံလောက်ပဲ ပြောမှာပါဗျ၊ ကျန်တာတော့ ကိုယ့်ဘာသာကိုယ်တွေးပြီး လုပ်ပေါ့၊ ဒါဆို နည်းမတူတော့ဘူးလေ"

"အင်း. . . ဒါဆို ပြောကြည့်ပါဦး"

"အင်"

နည်းနည်းတော့ အောင့်သက်သက်ဖြစ်သွားသော်လည်း ကိုယ်တိုင်က ဆရာကြီးလုပ်ချင်နေသောကြောင့်သာ ငြိမ်နေရသည်။

ဒီလို ဆရာကြီး မလုပ်ရတာ ကြာပြီမဟုတ်လား။

"ဒီလိုဗျ. . . ကောင်မလေးတွေ တော်တော်များများက ဘော်ဒီတောင့်တာ ကြိုက်ကြတယ်၊ ဟိုဗျာ ခင်ဗျားတို့လည်း ကြည့်လိုက်ရမှာပေါ့၊ ကျွန်တော့်အကြောင်းရိုက်ထားတဲ့ ကားထဲမှာဆိုရင် ကမ်းခြေမှာ အပေါ်ပိုင်းဗလာနဲ့ ရေထဲက ကျုပ်တက်လာတဲ့ပုံလေ သိတယ်မဟုတ်လား"

"အင်း"

အတင်းမေးနေသောကြောင့် အတင်း အင်းချလိုက်ရသည်။ စိတ်ထဲကတော့ သိပ်မမှတ်မိချင်။

"အဲ့ဒီအခန်းမှာဆိုရင် ကောင်မလေးတွေဆို ရုပ်ရှင်ရုံထဲမှာ အော်ကြီး ဟစ်ကျယ်နဲ့တောင် ဖြစ်သွားကြတယ်ဗျ. . . အဟင်း"

"ဪ"



"ဟုတ်တာပေါ့"

"ဒီတော့ ဒါကိုကြည့်ခြင်းအားဖြင့် ဘော်ဒီတောင့်တာလည်း ဆွဲဆောင်မှုတစ်ခုလို့ ပြောရမယ်"

ဂျိန်း(စ်)ဘွန်းစကားကြောင့် နှစ်ယောက်သား စိတ်ညစ်သွားကြသည်။

"အဲဒီတော့ ကျွန်တော်တို့က ကျွန်တော်တို့ကြိုက်တဲ့ ကောင်မလေးကို ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်အပေါ်ပိုင်းကို တစ်နည်းနည်းနဲ့ ပြရမယ်လို့ ဆိုလိုတာလား"

စပိုက်ဒါမန်းက ဒဲ့မေးချလိုက်သည်။

"ဒါပေါ့. . . အဲဒါ အရင် စသင့်တယ်"

"ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်"

စူပါမန်းက ဝင်ပြောသည်။

"ဘာဖြစ်လို့လဲ ခင်ဗျားဘော်ဒီက တောင့်တာပဲ"

"မဟုတ်ဘူးဗျ၊ ကျုပ် ဘော်ဒီရှိတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီစူပါမန်းဝတ်စုံက တစ်ထည်တည်းရှိတာဆိုတော့ ဒါပဲဝတ်ဝတ်နေရတော့ ကျုပ်ခန္ဓာကိုယ်မှာ ပွေးနည်းနည်း ပေါက်နေတယ်ဗျ. . . မဖြစ်ဘူး. . . မဖြစ်ဘူး"

စပိုက်ဒါမန်းကလည်း ဝင်ပြောပြန်သည်။

"ကျုပ်လည်း ကျုပ်ရဲ့ ဘော်ဒီအထက်ပိုင်းကို ပြလို့မရဘူး"

"ဘာဖြစ်ပြန်တာလဲ. . . ခင်ဗျားက ဘော်ဒီမတောင့်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . သူလိုပဲ ကျုပ်ရဲ့ ဝတ်စုံက ခဏခဏ ဝတ်နေတော့ တချို့နေရာတွေက ပွန်းပြီး ဘုလေးတွေ ထွက်နေတော့ ချွတ်ပြရင် ကျုပ် အနီဘုတွေ ကျုပ်ကောင်မလေးက မြင်သွားမှာပေါ့"

ဒီတစ်ခါ စိတ်ညစ်ရတာက ဂျိန်း(စ်)ဘွန်း ဖြစ်သည်။

"ဒါဆို ကောင်မလေးတွေကြွေလောက်တဲ့ အကြည့်နဲ့ ကြည့်လို့ရတဲ့နည်း သင်ပေးမယ်"

"ဒါလည်း မရဘူး၊ ကျုပ်က မျက်နှာဖုံးစွပ်ထားတော့ ကျုပ်ဘယ်လိုပဲကြည့်ကြည့် ကောင်မလေးက မြင်ရမှာ မဟုတ်ဘူး"

စပိုက်ဒါမန်းက ထိုအချက်ကိုလည်း ငြင်းပြန်သည်။

ဂျိန်း(စ်)ဘွန်းမှာ ခေါင်းကုတ်ခြေကုတ် ဖြစ်နေလေသည်။

"ဒါဆို တစ်ခုပဲ ရှိတော့တယ်"

"ပြောစမ်းပါဦး"

"ဟို. . . ခုတင်ပေါ်မှာ. . ."

"ဟာ. . . ကျုပ်တို့က အဲဒီလောက်ထိ ညစ်ညမ်းတာတွေ မပါချင်သေးဘူး"

"ဟုတ်တယ်. . . ကျုပ်ကလည်း အတူတူပဲ"

ဂျိန်း(စ်)ဘွန်းသည် သူတို့နှစ်ယောက်ကိုကြည့်ပြီး ငိုင်သွားလေတော့သည်။

■

## (၁၅)

"ကောင်မလေးတွေ ကြိုက်တာ နောက်တစ်ခု ရှိသေးတယ်"

"ဘာလဲ"

"လုပ်စမ်းပါဦး"

ဂျိန်း(စ်)ဘွန်းက သူ့စကားကို အလေးအနက် ထားစေလိုသောကြောင့် စကားကို ခဏရပ်ပြီး ရေသောက်ရသေးသည်။

ပြီးမှ တစ်လုံးတည်း ပြောချလိုက်၏။

"ငွေ"

"ဟင်. . ."

ထိုစကားကြားတော့ နှစ်ယောက်သား ငိုင်သွား၏။

သူတို့နှစ်ဦးသည် ကျိကျိတက် ချမ်းသာသူများ မဟုတ်ကြချေ။ အရင်တုန်းက အလုပ်တွေလုပ်ခဲ့တယ်ဆိုတာကလည်း လူတွေကို ကူညီစောင့်ရှောက်တဲ့ ပရဟိတ အလုပ်တွေသာ များခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားဖြစ် ပရဟိတရှိရင်တော့ သူတို့ယောနေပြီပေါ့။ အခုတော့ အဲဒီလို မဟုတ်ပါဘူး။ သူတို့က အများပြောပြောနေကျ ပီတိတွေပဲ ရနေကြတာပါ။

အခုတောင် လက်ရှိအစိုးရက သူတို့ကို အရင်က လုပ်ပေးခဲ့တဲ့ အလုပ်တွေအတွက် ပင်စင်လစာသဘောမျိုး ပေးထားသောကြောင့်သာ ရပ်တည်နေနိုင်ခြင်း ဖြစ်သည်။

အရင်တုန်းကတော့ စူပါမန်းက သတင်းထောက်လုပ်ခဲ့သည်။ နောက်တော့ ထွက်လိုက်ပြီး အခုတော့ ဘာမှမယ်မယ်ရရ မရှိသေးပေ။

စပိုက်ဒါမန်းလည်း သူ့လိုပဲ ဖြစ်သည်။

"ဒါတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူးဗျာ"

စပိုက်ဒါမန်းက ဆိုသည်။

စူပါမန်းကလည်း-

"ဟုတ်တယ်. . . ကျုပ်လည်း သူ့လိုပဲ၊ ကျုပ်တို့က ပင်စင်လစာလေးနဲ့ပဲ နေနေရတာလေ၊ ဘယ်မှာ ငွေပိုငွေလျှံရှိလို့လဲ၊ ပြီးတော့ နိုဝေကလည်း ပိုက်ဆံမက်တဲ့ မိန်းကလေးတစ်ယောက် မဖြစ်နိုင်ပါဘူးဗျာ"

ဟု ငြင်းချက် ထုတ်ပြန်သည်။

ဂျိန်း(စ်)ဘွန်းက သူတို့စကားကို နားထောင်ရင်း ခေါင်းတယမ်း ယမ်း ဖြစ်နေလေသည်။



"ဘယ်မိန်းကလေးကမှ ငွေမကြိုက်ဘူးလို့ မပြောပါဘူး"

"ဒီတော့ နိုဝေ့အချစ်ကိုရဖို့ ပိုက်ဆံများများ ရှိရမယ်ဆိုတဲ့ သဘောလား"

"အချစ်က ငွေမလိုပါဘူးဗျာ"

စပိုက်ဒါမန်းနှင့် စူပါမန်းမှာ သူတို့ထင်မြင်သည့်အတိုင်း တစ်ယောက်တစ်ပေါက် ဝိုင်းပြောပြသောကြောင့် ဂျိန်း(စ်)ဘွန်းမှာ-

"နေ. . . နေ. . . ကြပါဦး. . . ပိုက်ဆံရှိရမယ်ဆိုတာ. . . ဝင်ငွေကောင်းတဲ့ အလုပ်လေးတစ်ခုတော့ အနည်းဆုံး ရှိရမယ်လို့ ဆိုလိုတာဗျ"

". . . . . . . . . ."

နှစ်ဖက်သား ငြိမ်နေသောကြောင့် ဂျိန်း(စ်)ဘွန်းကပဲ ဆက်ပြောပြန်သည်။

"ဥပမာ. . . မင်းတို့ကို မိန်းမတစ်ယောက်က လက်ထပ်ယူမယ်ဆိုပါစို့. . . ဘယ်မှာလဲ လက်ထပ်ဖို့ငွေတွေ၊ သုံးရမယ်၊ ဖြုန်းရဦးမယ်၊ ယူပြီဆိုတော့ ဟန်းနီးမွန်းလေး ထွက်ရမယ်၊ နောက်ပြီး ကလေးဆိုတာတွေ. . . အိမ်ဆိုတာတွေ. . ."

"တော်. . . တော်ပါတော့ဗျာ. . . ခင်ဗျားပြောတာနဲ့တင် ကြည်နူးနေတဲ့ အချစ်စိတ်ကလေးတွေ ဘယ်ရောက်သွားမှန်းမသိဘူး"

"အဲဒါကြောင့် ငါက မိန်းမ မယူတာကွ၊ မိန်းမတွေနဲ့ပဲ တစ်

www.burmeseclassic.com



ယောက်ပြီး တစ်ယောက်တွဲနေတာ. . . အဟဲ"

ဟုတ်တော့လည်း ဟုတ်သည်။ ဂျိန်း(စ်)ဘွန်းက လူလည်။ ဟို. . . စပိုင်လုပ်ငန်းကထွက်တော့ သူ့မှာ လုပ်ငန်းကနေ ဘုံးထားတဲ့ ငွေတွေ၊ ဘောက်ချာတွေကို စာရင်းပိုပြထားတဲ့ငွေတွေနဲ့ မိုတယ် လေးတစ်လုံး ပိုင်တယ်ဆိုပြီး အခုထိ ကောလာဟာလ ဖြစ်နေတုန်းပဲ။

ထိုကောလာဟာလမှာလည်း အမှန်ဖြစ်နိုင်သည်။ အခုထိ ဘာမှ မလုပ်ပဲ အေးအေးဆေးဆေး နေနိုင်တာပဲကြည့်။

"အဲဒီတော့ ကျုပ်တို့က အလုပ်ကောင်းကောင်းတစ်ခု ရှာရမှာ ပေါ့ ဟုတ်လား"

ထိုစကားကိုတော့ နှစ်ယောက်စလုံး ပြိုင်တူမေးကြသည်။

"ဟုတ်တယ်. . . အခုခေတ်က အရင်ခေတ်နဲ့ မတူတော့ဘူး၊ ဝင်ငွေကောင်းတဲ့ ယောက်ျားတွေကို မိန်းမတွေက ပိုပြီး စိတ်ဝင်စား တတ်ကြတယ်"

ဂျိန်း(စ်)ဘွန်းစကားကြောင့် နှစ်ယောက်စလုံး တွေဝေသွားကြ သည်။

ထို့နောက် စူပါမန်းက-

"အဲဒီသီအိုရီက မဖြစ်နိုင်ဘူး ထင်တယ်"

ဟု ဆိုလိုက်သောကြောင့် ဂျိန်း(စ်)ဘွန်းမှာ ဒေါပွသွားလေ သည်။

စပိုက်ဒါမန်းကတော့ တွေးတွေးဆဆနဲ့ ဖြစ်နေသေး၏။



ဂျိန်း(စ်)ဘွန်းက-

"ဒီမှာ ငါပြောတာကို ယုံကြစမ်းပါ၊ မင်းတို့ ပညာတွေနဲ့ဆိုရင် ဝင်ငွေကောင်းတဲ့လုပ်ငန်းတွေ ထူထောင်လို့ရပါတယ်ကွာ၊ ဥပမာ. . . စပိုက်ဒါမန်းဆိုရင်. . . တိုက်အမြင့်တွေ ဆေးသုတ်တဲ့ လုပ်ငန်းတို့၊ သန့်ရှင်းရေးလုပ်ပေးတဲ့ ဝန်ဆောင်မှုတွေကို မင်းရဲ့ ပင့်ကူမျှင်နဲ့ တစ်တိုက်ပြီးတစ်တိုက် ခုန်ကူးပြီး လုပ်ပေးလို့ရတာပဲ။ အခုခေတ်ဆိုရင် အဲဒီအလုပ်လုပ်ဖို့ စက်တွေ၊ လူတွေအများကြီး သုံးနေရတာလေ၊ အခုတစ်ယောက်တည်းဆိုတော့ ဘယ်လောက် ဝင်ငွေရမလဲ စဉ်းစားကြည့်ပေါ့၊ အဲ. . . စူပါမန်းကလည်း ကလေး တွေကို လေပေါ်ကနေပျံပြီး ကျောင်းကြိုပို့တဲ့ လုပ်ငန်းတို့၊ လေယာဉ် အစားထိုး ခရီးသွားလာရေး ဝန်ဆောင်မှုတွေ လုပ်ပေးလို့ရတာပဲ ဝင်ငွေကောင်းမှာပဲ"

ဟုဆိုပြီး တရစပ်ပြောကာ မောသွားပြီး ရပ်သွားလေ၏။

ထို့နောက် စပိုက်ဒါမန်းနှင့် စူပါမန်းအခြေအနေကို တစ်ချက် ကြည့်လိုက်သည်။

မျက်လုံးပြူးပြီး တအံ့တသြကြည့်နေသောကြောင့် ဂျိန်း(စ်)ဘွန်း လည်း စိတ်ညစ်သွားပြန်သည်။

သူ့စကားကို လက်မခံကြမှန်း သိသာလွန်းနေသည်။

သူလည်း အကြံဉာဏ်ပေးတာ အတော်များနေပြီ၊ တစ်ခုမှ လည်း လက်မခံကြသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သူ့လို မစွံကြတာပဲဆိုပြီးတွေးကာ စိတ်မကောင်း ဖြစ်မိသေးသည်။

"ကဲ. . . နောက်ဆုံး အကြံဉာဏ်ပေးစရာတစ်ခုပဲရှိတော့တယ်"

ဒီတစ်ခါလည်း သကောင့်သားနှစ်ယောက်မှာ စိတ်မပါလက်မပါ ပုံစံဖြင့်-

"ဘာလဲ"

ဟု မေးသံကြောင့် ဂျိန်း(စ်)ဘွန်းလည်း ခပ်မြန်မြန်ပင် ပြောလိုက် ရလေသည်။

"ငါ့အတွက် အသုံးလိုတဲ့ ပစ္စည်းထူးထူးဆန်းဆန်းလေးတွေကို ထွင်ပေးတဲ့ သိပ္ပံပညာရှင်ကြီးဆီကို လွှတ်ဖို့ပဲ ရှိတော့တယ်"

■

## (၁၆)

ဂျိန်း(စ်)ဘွန်းစကားကြောင့် နှစ်ယောက်သား စိတ်ဝင်တစားဖြစ်လာကြလေသည်။

"သူ. . . သူက အခုထိ သက်ရှိထင်ရှားရှိသေးလို့လား"

စူပါမန်းက မေးသည်။

"အသက်တော့ ကြီးနေပြီပေါ့၊ ငါ့လိုလည်း အလုပ်မရှိတော့ သူလည်း အခုအလုပ်လက်မဲ့ပေါ့၊ ဘာမှလုပ်စရာမရှိတော့ ငါလည်း အိမ်မှာပျင်းနေတယ်ဆိုပြီး ဟိုတစ်လောတုန်းက ဖုန်းဆက်နေသေးတယ်"

"နေပါဦး၊ ကျွန်တော်တို့က သူ့ဆီသွားပြီး ဘာလုပ်ရမှာလဲ"

စပိုက်ဒါမန်းက ဝင်မေးသည်။

"မင်းတို့လိုချင်တဲ့ပစ္စည်းလေးတစ်ခုခု ထွင်ခိုင်းပေါ့၊ ဒါမှမဟုတ် သူလုပ်ထားတဲ့ ပစ္စည်းလေးတွေထဲက မင်းတို့ကြိုက်တာလေးယူပေါ့"

"အာ. . . ကျွန်တော်တို့က ရန်သူဖမ်းဖို့၊ စစ်တိုက်ထွက်ဖို့မှမဟုတ်တာ၊ သူ့ဆီက ပစ္စည်းတွေကို ဘာလုပ်ဖို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂျိန်း(စ်)ဘွန်း စိတ်ညစ်သွားပြန်သည်။ အဲဒါကြောင့် ဆော် တစ်ယောက်မှ မရှိတာဆိုတဲ့ ခပ်နှိမ်နှိမ် အကြည့်နဲ့ ကြည့်လိုက်ပြီး-

"အဲ့ဒီလိုတော့ မဟုတ်ဘူးလေ၊ မင်းတို့ အခုဖြစ်နေတဲ့ အခက် အခဲတွေနဲ့ ပတ်သက်တဲ့ ပစ္စည်းတစ်ခုခုကိုစဉ်းစားပြီး လုပ်ခိုင်းကြည့် ပေါ့ကွ၊ သူက သိပ္ပံပညာရှင်ဆိုတော့ ဘာမဆို လုပ်ပေးခိုင်းရင် လည်း လုပ်ပေးနိုင်မှာပဲ၊ ငါလည်း မင်းတို့ကို အဲ့ဒီလောက်ပဲ အကြံ ပေးနိုင်တယ်"

ဂျိန်း(စ်)ဘွန်းသည် သူ့စကားကို အဆုံးသတ်လိုက်သည်။

နောက်ထပ်လည်း သူအကြံဉာဏ် မပေးတတ်တော့။ သူလည်း အချိန်ရှိတုန်းလေး. . . အဟဲ. . . ။

သကောင့်သားနှစ်ယောက်ကလည်း ရိပ်မိကြသည်။ မတ် တတ်ထရပ်လိုက်ပြီး ပြန်ရန်အတွက် ဂျိန်း(စ်)ဘွန်းကို နှုတ်ဆက်ကြ သည်။

ဂျိန်း(စ်)ဘွန်းက သူတို့မသွားခင် သတိပေးလိုက်သေးသည်။

"သွားရင် အတူတူမသွားကြနဲ့ဦးနော်. . . အဘိုးကြီး စိတ်ညစ် သွားဦးမယ်၊ ပြီးရင်လည်း ကိုယ်လုပ်စေချင်တဲ့ ပစ္စည်းလေးတွေလည်း မတူကြနဲ့ဦး၊ ဩော်. . . အဘိုးကြီးက ဒီရက်တွေ အိမ်မှာ မရှိဘူး။ နောက် (၂) ရက်နေလောက်မှ သွားကြ"

ဆိုပြီး အော်ပြောလိုက်သေးသည်။

■

(၁၇)

သတင်းထောက် ကေတူဘီသည် သတင်းထူး မရသောကြောင့် စိတ်ညစ်နေလေ၏။

ပြောမည်သာ ပြောရသည်။ သတင်းထူး၊ ကမ္ဘာတုန် သတင်းမျိုး မရတာ တော်တော်လေးကို ကြာပြီဖြစ်သည်။

အရင်တုန်းက လူဆိုးတွေရှိတုန်းကဆိုရင် ဘယ်နေရာမှာ ဘာ ဖြစ်ပြန်ပြီ၊ ဟိုလူစွမ်းကောင်းက ဘယ်လို ကယ်တင်လိုက်ပြန်ပြီ စသဖြင့် မျက်နှာဖုံးသတင်းပါသည့် သတင်းစာသည် ထိုနေ့အဖို့ ရောင်း အကောင်းဆုံးပင်ဖြစ်သည်။

လူဆိုးတွေကလည်း ပေါလွန်းလှ၏၊ ရက်စက်လွန်းလှ၏။ ထို နည်းအတူ သူရဲကောင်းတွေကလည်း အဆင်သင့်ပင်။

မျက်နှာဖုံး ကမ္ဘာတုန်သတင်းသည် တစ်နေ့တစ်ရက်မှ ပြတ် လပ်သည် မရှိ။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ဆိုသလိုပင် သတင်းမှာ ပေါများလှသည်။ လူတွေက လည်း စိတ်ဝင်တစား ရှိလှသည်။

ထိုသတင်းရေးသော သတင်းထောက်သည်လည်း တိုက်တွင် မျက်နှာပန်းလှသည်။ စာမူခကောင်းကောင်းရသောကြောင့် ဝင်ငွေ ရသည့် သတင်းတွေကို သတင်းထောက်တိုင်းက အလုအယက် လိုက်ခဲ့ရသည်အထိ ခေတ်ကောင်းခဲ့သည်။

အခုမှ လူဆိုးတွေလည်း မရှိသောကြောင့် မျက်နှာဖုံးသတင်း လည်း ကောင်းကောင်း မရှိတော့ချေ။

ထိုသို့ လူဆိုးတွေ မရှိသောကြောင့် ဟီးရိုးများအကြောင်းကို လည်း လူတွေ စိတ်ဝင်စားခြင်း မရှိကြတော့။

အရင်တုန်းကဆိုရင် ဟိုဟီးရိုးကို ဘယ်မှာ တွေ့လိုက်သည်။ သူက ဘယ်သူ့ကို ကယ်လိုက်သည် စသဖြင့်ရေးလျှင် လူတွေမှာ ရေးထားသည့်စာထက်ပင် ပိုဖတ်ချင်သည့်စိတ်တွေ ဖြစ်ခဲ့ကြသည်။

အခုတော့ သူတို့ကိုလည်း လူတွေ စိတ်မဝင်စားကြတော့။ ဒီ အတွက်ကြောင့် သူတို့လို သတင်းထောက်တွေအတွက် ဘာရေးလို့ ရေးရမှန်းမသိ၊ ဘယ်ဟာကို သတင်းထောက်လို့ ထောက်ရမှန်း မသိတော့ချေ။

သတင်းများမှာလည်း မထူးဆန်းသောကြောင့် သတင်းစာကို လည်း လူတွေ ဝယ်မဖတ်ကြတော့ချေ။ ထိုသို့ သတင်းစာ စောင် ရေ ကျသောကြောင့် သူတို့၏ ဝင်ငွေသည်လည်း ကျဆင်းနေသည်။



ဟုတ်တော့လည်း ဟုတ်သည်။ မိမိပင် မိမိတို့ တိုက်ပိုင်သတင်း စာကို မဖတ်ချင်တော့။ မိမိတို့ သတင်းစာပဲ အဲ့ဒီလို ဖြစ်နေတာလား ဆိုတော့လည်း မဟုတ်ချေ။

အခြားသတင်းစာတွေလည်း ထိုနည်းလည်းကောင်းပင်။

ကား မရပ်ရနေရာတွင် ရပ်ထားသောကြောင့် ရဲကဖမ်း၊ အမှိုက်ပုံကို ခွေးဝင်မွှေသဖြင့် လူများက တုတ်ခဲများဖြင့် ခြောက် လှန့်ကြ၊ ကားဘီးပေါက်သောကြောင့် လူတစ်ဦးထိတ်လန့်. . .

စသဖြင့်သာ ဘာညာသာရကာ သတင်းများသာ ရေးနေရ၏။

ဒီနေ့လည်း မနက်ကနေ အခုထိ ဘာသတင်းမှ မရသောကြောင့် သတင်းတစ်ခုခုများ ရလိုရငြား ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့် နေခြင်းဖြစ်သည်။

ထို့ပြင် လူတစ်ဦးက သတင်းတစ်ခု ရနိုင်သည်ဆိုသည့် သတင်း စကားကြောင့် ဒီအနီးအနားတစ်ဝိုက်၌ လှည့်ပတ်နေခြင်း ဖြစ် သည်။

ယခုထိ စိတ်ဝင်စားလောက်သည့် သတင်းတစ်ခုမှ မတွေ့ချေ။ နောက်ပြောင်ပြီး သတင်းစကား ပေးလိုက်ပုံရသည်။

ဒီနေ့မှ သတင်းတစ်ပုဒ်မရလျှင် မနက်ဖြန်ဝါးတီးမရှိတော့ သောကြောင့် သတင်းတစ်ခုခုတော့ဖြစ်အောင်၊ ရအောင်လုပ်ရပေ မည်။

ထိုသို့တွေးရင်း လမ်းလျှောက်လာရာ တစ်နေရာအရောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ခြေလှမ်းများ ရပ်သွားလေ၏။

ချက်ချင်းဆိုသလိုပင် သူ၏ကင်မရာကိုထုတ်ကာ ထိုမြင်ကွင်းကို ဓာတ်ပုံရိုက်လိုက်၏။

သူရိုက်သောမြင်ကွင်းမှာ ဂျိန်း(စ်)ဘွန်းအိမ်ထဲကနေ စူပါမန်းနှင့် စပိုက်ဒါမန်းတို့နှစ်ယောက် ထွက်လာသည့်မြင်ကွင်းပင် ဖြစ်ပါသည်။

ထိုသတင်းဓာတ်ပုံသည် နောက်တစ်နေ့ထွက်သည့် သတင်းစာတွင် မျက်နှာဖုံးသတင်းအဖြစ်ပါလာပြီး တစ်ဖက်ပါအတိုင်း သတင်းခေါင်းစဉ်တပ်ကာ ရေးသားထားလေ၏။



## သူတို့တွေ ဘာလုပ်နေကြတာလဲ

----၊ နိုဝင်ဘာ ၂၂

ယမန်နေ့က ဂျိန်း(စ်)ဘွန်း နေအိမ်ကနေ တစ်ခေတ်တစ်ခါက ဟီးရိုးကြီးများ ဖြစ်ကြသည့် စပိုက်ဒါမန်းနှင့် စူပါမန်းတို့ ထွက်လာသည်ကို မြင်ရသောကြောင့် အထူးအဆန်း ဖြစ်မိပေသည်။

လူသာမန် ဟီးရိုးနှင့်ပါတ်ရှိသော ဟီးရိုးတို့ တစ်ခါမှ တွေ့ဆုံဖူးခြင်း မရှိသောကြောင့် စိတ်ဝင်စားဖွယ်ရာဖြစ်နေသည်။ ထို့ပြင် ဂျိန်း(စ်)ဘွန်းအိမ်ကနေ ထွက်လာ သော စူပါမန်းနှင့် စပိုက်ဒါမန်းတို့၏ မျက်နှာမှာလည်း သုန်မှုန်ပြီး စိတ်ညစ်နေသည့် အသွင်အပြင်ကြောင့် သို့လောသို့လော တွေးထင်စရာများလည်း ရှိနေပါသည်။

သူတို့ဘာကြောင့် တွေ့ဆုံ ကြတာလဲ?

ဘာကြောင့် သူတို့မျက်နှာတွေက သုန်မှုန်နေတာ လဲ?

www.burmeseclassic.com

www.burmeseclassic.com



နောက်ကွယ်က သတင်းများကို နောက်နေ့ထုတ် သတင်းစာများတွင် ဆက်တိုက် ဖော်ပြပေးသွား ပါမည်။

K2B

---

## အချစ်ကြောင့် ပါဝါကိုစွန့်လွှတ်ကြမည့် သူနှစ်ဦး

----၊ နိုဝင်ဘာ ၂၃

မနေ့က ဂျိန်း(စ်)ဘွန်း အိမ်ကနေ ထွက်လာသော စပိုက်ဒါမန်းနှင့် စူပါမန်းအကြောင်းကို စုံစမ်းကြည့်သောအခါတွင် ၎င်းတို့နှစ်ဦးမှာ "နိုဝေ" ဆိုသည့် ကောင်မလေးကို ပြိုင်တူချစ်မိကြသည်ဟု သိရ ပါသည်။

သို့သော် ထိုကောင်မလေးက သူတို့နှစ်ဦး၏ အချစ်ကို ငြင်းပယ်သည်ဟု ဆိုသည်။ ငြင်းပယ်သည့် အကြောင်းအရင်းမှာ ကောင်မလေးသည် သာမန်လူသား တစ်ဦးနှင့်သာ ချစ်ကြိုက်ချင်ပြီး လက်ထပ်ချင်ကြောင်း၊ သူတို့လို ပါဝါရှိသူ များနှင့် သမီးရည်းစား မဖြစ်ချင်သောကြောင့်ဟု ဆိုပါသည်။



ထို့ကြောင့် သူတို့နှစ်ဦးသည် ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေသေးသော ဂျိန်း(စ်) ဘွန်းထံသို့ သွားရောက် အကြံဉာဏ် တောင်းယူခဲ့သည်ဟု သိရပါသည်။

"သူတို့အခက်အခဲက ကျွန် တော့်အတွက် မိုင်နာလေးဆိုတော့ သိပ်ပြီးတော့ မကူညီလိုက်ရပါဘူး" ဟု ဂျိန်း(စ်)ဘွန်းက သူတို့လာ ရောက်သည့်ကိစ္စကို ပြန်ပြောပြခဲ့ပါသည်။

သူတို့ အဆင်ပြေသွားလားဟု ပြန်လည်မေးသောအခါတွင်တော့ "ဒါကတော့ သူတို့ပြန် လုပ် မလုပ်ပေါ်မှာ မူတည်တာပေါ့ဗျာ" ဟု ဖြေဆိုခဲ့ပါသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကာ ယကံရှင်များဖြစ်သည့် "နိုဝေ"၊ "စူပါမန်း" နှင့် "စပိုက်ဒါမန်း" တို့ကို ဆက်သွယ်သော်လည်း အဆက်အသွယ် မရရှိသေးချေ။

K2B

www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် ပါဝါရှိသူတွေက ပါဝါစွန့်လွှတ်မယ်ဆိုတာကြောင့်ပဲ လား ရေရေရာရာ မသိချေ။

သေချာတာတစ်ခုကတော့ ထိုသတင်းကို စတင်တွေ့ရှိသည့် ကေတူဘီသည် သူ၏သတင်းဌာနတွင် အလွန်မျက်နှာပွင့်သွားခြင်း ဖြစ်သည်။

ပထမတော့ ကေတူဘီသည်လည်း သတင်းမရှိသောကြောင့် ဘယ်ကိစ္စပဲဖြစ်ဖြစ် သတင်းဖြစ်အောင် ရေးမည်ဟု ကြံစည်ထားခဲ့ ခြင်းဖြစ်သည်။

အခုတော့ သူကြံစည်လိုက်သည့် သတင်းသည် ဟော့သွားခြင်း ဖြစ်သည်။

အနည်းဆုံးတော့ ထိုသတင်းသည် ရက်အတန် ကြာပေဦးမည်။ သူတို့တကယ်ပဲ ပါဝါကို စွန့်လွှတ်ကြမှာလားတို့. . .။

ဘယ်သူနဲ့ 'နိုဝေ'ပေါင်းသင်းမှာလဲတို့. . . စသည်ဖြင့် နောက် ဆက်တွဲ လိုက်နိုင်သေးသည်။

ထို့ပြင် သူကိုယ်တိုင်လည်း ထိုသုံးပွင့်ဆိုင် ဇာတ်လမ်းကို စိတ်ဝင်စားနေပြီဖြစ်သည်။

■

(၁၈)

ထင်သည့်အတိုင်းပင် 'နိုဝေ'၊ 'စူပါမန်း'နှင့် 'စပိုက်ဒါမန်း'တို့ သတင်းပါသည့်နေ့တွင် သတင်းစာများ လက်ကျန် မရှိတော့အောင် ရောင်းအား ကောင်းသွားလေ၏။

ချက်ချင်းပင် ထပ်မံရိုက်နှိပ်ရပြန်သည်။

ထို့ပြင် အခြားသတင်းစာများကလည်း ထိုသတင်း၏ စိတ်ဝင် စားမှုအတိုင်းအတာကို သိကြသောကြောင့် ချက်ချင်းပင် နောက် ဆက်တွဲသတင်းများကို လိုက်ကြလေတော့၏။

လူတွေကလည်း ထိုသတင်းကို စိတ်ဝင်စားကြလေသည်။ ထို့ ထက် စိတ်ဝင်စားစရာကောင်းသည့် သတင်းမရှိလို့လား၊ ဒါမှမဟုတ် အချစ်ရေးကိစ္စမို့ အညီအဟောက် ကိစ္စမို့လို့ စိတ်ဝင်စားကြတာလား မသိချေ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

နိုဝေမှာ တစ်မနက်လုံး စိတ်ပျက်နေရ၏။ ရုံးကိုလာတဲ့ လမ်းတစ်လျှောက်လုံးမှာ သတင်းသမားတွေက နောက်က လိုက်နေသည်။

ရုံးရောက်ပြန်တော့လည်း ရုံးရှေ့တွင် သတင်းသမားတွေက စောင့်နေ၏။

"သူတို့တွေ တကယ့် လူသားတစ်ဦးလိုဖြစ်သွားရင် ပြန်ချစ်မှာလား"

"ဘယ်သူ့ကို ပိုအရေးပေးလဲ"

"ဘယ်တုန်းက သူတို့နှစ်ဦးက ရည်းစားစကားလိုက်ပြောနေတာလဲ"

"လက်ရှိချစ်သူရှိလား"

"အရင်တုန်းကရော ရည်းစားရှိဖူးလား"

"သူတို့တွေရဲ့အချစ်ကို ဘယ်လိုထင်ပါသလဲ"



"အပြင်ကလူတွေက ဒီကိစ္စဟာ နိုဝေ စတန့်ထွင်တာလို့ ပြောကြပါတယ်. . . အဲ့ဒါနဲ့ပတ်သက်ပြီး. . ."

"ဂျိန်း(စ်)ဘွန်း နည်းလမ်းတွေ အသုံးပြုလာမယ် ဆိုရင်ရော. . ."

"နိုဝေ့မိဘတွေကရော ဘာများပြောကြပါသလဲ"

"နိုဝေကို. . ."

"နိုဝေက. . ."

"နိုဝေဟာ. . ."

မြောက်မြားလှစွာသော မေးမြန်းမှုများကို ဖြတ်ကျော်ရင်း ရုံးခန်းအတွင်းထဲကို ခက်ခက်ခဲခဲ ဝင်ခဲ့ရသည်။

ရုံးခန်းထဲရောက်သော်လည်း လုပ်ဖော်ကိုင်ဖက်များက သူ့ကို အထူးအဆန်းလို ကြည့်နေကြသေးသည်။

ရုံးစားပွဲကို ရောက်သောအခါတွင်လည်း သူ့ကို မေးမြန်းထားသော စာများ၊ သာမန်လူတစ်ယောက်နှင့်သာ ချစ်ကြိုက်ချင်သည်ဟု ဆိုထားသောကြောင့် သူတို့ကို ပြန်ချစ်ရန် ခွင့်ပန်ထားသည့် ရည်းစားစာများ စသဖြင့် များပြားလှသည့်စာများကို တွေ့ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

မထင်မှတ်ဘဲ လူတွေက သူတို့ကို သတိတရ ပြန်ရှိကြသောကြောင့် စူပါမန်းနှင့် စပိုက်ဒါမန်းမှာ ဝမ်းသာနေလေ၏။

သို့သော်လည်း ‘နိုဝေ’ကိစ္စနဲ့ပတ်သက်ပြီး သူတို့နှစ်ယောက်စလုံး အဖြေ မတွေ့ကြသေးချေ။

ဂျိန်း(စ်)ဘွန်းဆီကလည်း အားကိုးလောက်သည့် အကြံဉာဏ် မရသေးချေ။ ရသည့်တိုင်အောင် သူတို့နှစ်ဦးမှာ အကြံတူ၊ ဉာဏ်တူဖြစ်မှာစိုးသောကြောင့် သိပ်လည်း မယုံချင်ကြချေ။

သို့သော်လည်း နောက်ဆုံး ကြိုးပမ်းမှုအနေနှင့် နောက်နှစ်ရက်အကြာတွင် ဂျိန်း(စ်)ဘွန်းဆရာကို သွားတွေ့ရပေဦးမည်။

သတင်းစာထဲတွင် သူတို့အကြောင်းပါပြီးနောက် စူပါမန်းသည် သူ့ဆီကို ပေးပို့လာသောစာများကို တစ်စောင်ပြီးတစ်စောင် ဖတ်ကြည့်နေမိ၏။



အကြံဉာဏ်ပေးထားသည့်စာများ၊ အားပေးထားသည့်စာများ၊ အချစ်ဆိုတာ ဘယ်လိုဆိုပြီး ရှင်းပြထားသည့် စာများနှင့် ကောင်မလေးများကို ချစ်ရေးဆိုနည်း စသဖြင့် စုံလင်အောင် ရေးသားထားသည့် စာမျိုးစုံကို ဖတ်ကြည့်နေလေ၏။

ထိုနည်းတူ စပိုက်ဒါမန်းသည်လည်း သူ၏ နေအိမ်တွင် ငူငူကြီးထိုင်နေ၏။

သူ့ရှေ့မှာလည်း ဖွင့်ဖတ်ထားသည့်စာများဖြင့် ပြန့်ကျဲနေလေသည်။

သူ့ဆီရောက်လာတဲ့စာတွေကို အကုန်ဖွင့်ဖတ်နေပုံရသည်။

ထူးခြားတာက သူတို့နှစ်ဦးကို သတင်းထောက်တွေက လိုက်လံအင်တာဗျူးဖို့ ကြိုးစားကြသော်လည်း သူတို့နှစ်ဦးမှာ သတင်းထောက်များနှင့် မတွေ့အောင် ရှောင်နေကြ၏။

ယခုအချိန်တွင် သူတို့နှစ်ဦးလုံးသည် သူတို့နာမည် ပြန်ကြီးရေးတို စိတ်မဝင်စားတော့ဘဲ ‘နိုဝေ့’ အချစ်ကိုရရှိပြီး ဘဝတစ်လျှောက်လုံး အေးအေးချမ်းချမ်း နေသွားဖို့ပဲ စိတ်ကူးနေကြ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

"ဂျိန်း"

သံတံခါးကြီး ပွင့်သွားသည်။ လူဆယ်ယောက်ခန့် လက်နက်ကိုယ်စီဖြင့် ဝင်လိုက်ကြ၏။

ထိုအထဲကမှ တစ်ဦးကတော့ ပစ္စည်းအချို့ကို ကိုင်ထားလေ၏။

"ဂျိန်း"

နောက်ထပ် သံတံခါးကို ဖွင့်လိုက်ကြပြန်သည်။ ဒီတစ်ခါတံခါးကတော့ သံဆူးကြိုးတွေနဲ့ အထပ်ထပ်ကာရံထားသည့် အလုံပိတ်တံခါးမျိုးဖြစ်သည်။

တံခါးဖွင့်ပြီး အထဲကိုဝင်ပြီးနောက် ထိုတံခါးကို သေသေချာချာပြန်ပိတ်လိုက်ကြသည်။

"ဂျိန်း"

နောက်တံခါးတစ်ခု. . .။



"ဂျိန်း"

နောက်တံခါးတစ်ခု. . .။

"ဂျိန်း"

နောက်တံခါးတစ်ခု. . .။

ခလုတ်တွေတစ်ခုချင်းစီနှိပ်ရင်း အထပ်ထပ်ပိတ်ထားသောနေရာဆီသို့ လူတစ်စုကသွားနေခြင်းဖြစ်သည်။

သူတို့၏မျက်နှာတွင် စိုးရိမ်ထိတ်လန့်သည့် ပုံစံများရှိနေကြသော်လည်း နေ့စဉ်နေ့တိုင်း လုပ်နေကြအလုပ်မို့လို့ သက်သောင့်သက်သာပုံစံဖြင့်သာ ရှိနေကြောင်းထင်ရှားလှသည်။

"ဒီနေ့ ဘာစားစရာတွေပါလဲ"

သေနတ်ကိုင်ထားသည့် လူတစ်ယောက်က ပစ္စည်းတွေကိုင်ထားသည့် လူကို မေးလိုက်ခြင်းဖြစ်သည်။

"နေ့စဉ်ပို့နေတဲ့ စားစရာတွေပဲပေါ့"ဟု ထိုလူက ပြန်ဖြေသည်။

"တစ်နေ့တစ်လေ အပြောင်းအလဲလေး လုပ်ပါဦးဟ၊ သူလည်းဒါပဲစားရတော့ ငြီးငွေ့မှာပေါ့"

"တစ်ခါတစ်လေလည်း ပြောင်းပါသေးတယ်"

ထိုသို့ တစ်ယောက်တစ်ခွန်းပြောရင်းလျှောက်လာခဲ့ရာ တံခါးတစ်ခုအနီးသို့ ရောက်လာကြ၏။

တံခါးမှာ အနီရောင်ဖြစ်ပြီး သူတို့သွားနေသည့် နေရာရောက်ဖို့အတွက် နောက်ဆုံးတံခါးဖြစ်ပုံရသည်။

www.burmeseclassic.com



"ဂျိန်း"

တံခါးခလုတ်ကို လျှို့ဝှက်နံပါတ်ရိုက်ထည့်ပြီး ဖွင့်လိုက်သည်။

တံခါးမှာပွင့်သွားပြီး ကျဉ်းမြောင်းလှသော အခန်းလေးတစ်ခုကို တွေ့ရသည်။

အခန်းမှာ အတန်အသင့် မီးလင်းနေပြီး ခုတင်တစ်လုံးနှင့် စာအုပ်များကိုသာ တွေ့ရလေသည်။

ထိုစာအုပ်များအလယ်တွင်တော့ လူတစ်ဦး ထိုင်နေ၏။

ထိုသူက ဝင်လာသောသူများကို တစ်ချက်ကြည့်ပြီး

"လာကြပြီလားဟေ့. . . ဗိုက်ဆာနေပြီ"

ဟု လှမ်းအော်လိုက်လေ၏။

ထိုသူမှာ တစ်ချိန်တုန်းက လွန်စွာဆိုးသွမ်းလှသော၊ အရင့်အရင် လူစွမ်းကောင်း ဟီးရိုးကြီးတွေရဲ့ ရန်သူဖြစ်သော ခရစ်တိုဖာဆိုသည့် ရာဇဝင်လူဆိုးပင်ဖြစ်သည်။

ထိုသူသည် မသေမချင်း ထိုအခန်းကျဉ်းလေးတွင် နေရန်အတွက် အမိန့်ချခံထားရသူဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

ခရစ်တိုဖာသည် သူ့ရှေ့တွင် တင်ပေးသော စားစရာများကို တစ်ချက်ကြည့်လိုက်သည်။

နေ့တိုင်းစားနေသည့် စားစရာများပင်ဖြစ်သည်။ ခရစ်တိုဖာသည် စားစရာတစ်ခုကို လှမ်းယူလိုက်သည်။

အသားညှပ်ထားသည့် ဟမ်ဘာဂါတစ်ခုဖြစ်သည်။

ပုံမှန်အတိုင်းပဲကောက်ယူဝါးနေလိုက်သည်။ သူ့ရှေ့တွင်တော့ လက်နက်ကိုင်စစ်သားများက ရပ်နေဆဲဖြစ်သည်။

သူတို့သည် သူစားတာပြီးမှသာ သွားကြမည့် သူတွေ ဖြစ်သည်။

ထို့ကြောင့် သူတို့ကလည်း သူစားတာကို တကူးတက တောင့်တောင့်ကြီးတွေပုံစံဖြင့် ရပ်မကြည့်နေကြတော့ဘဲ သက်သောင့်သက်သာထိုင်နေကြ၏။

သူကလည်း တစ်လုပ်ချင်းစီ ခပ်မြန်မြန် ဝါးနေလိုက်သည်။

အခုလိုနေထိုင်မှုသည် သူ့အတွက် မထူးဆန်းတော့ချေ။

သူဒီထဲမှာနေရတာ အခုဆိုပါက ၁၅ နှစ်ခန့်ရှိနေပြီဖြစ်သည်။

ဒီနေရာသည် သူ့အတွက်တော့ မသေမချင်း နေသွားရမည့်



နေရာတစ်ခု ဖြစ်နေလေသည်။

မနက်ဆိုရင်ထကာ လာကျွေးသော မနက်စာကို စားမည်။ ပြီးရင် စာဖတ်မည်။

တရေးတမော အိပ်မည်။ နေ့ခင်းလာကျွေးသောထမင်းကို စားမည်။ စာပြန်ဖတ်မည်။ ရေချိုးဖို့အတွက် စီစဉ်ပေးထားသည့် နေရာတွင် ရေချိုးမည်။ စာပြန်ဖတ်မည်။ ပြန်အိပ်မည်။

ဤသည်မှာ သူ၏ တစ်နေ့တာအလုပ်တွေပဲ ဖြစ်သည်။ ၁၅ နှစ်ခန့်ရှိနေသောကြောင့် နေသားကျနေသော်လည်း လွတ်လပ်တဲ့ဘဝကိုတော့ တစ်ခါတစ်ခါ သတိရသေးသည်။

"ဒါဘာလေးလဲ"

ဟမ်ဘာဂါစားပြီးနောက် ရှေ့တွင်သတင်းစာနှင့်ထုပ်ထားသော စားစရာတစ်ခုကို တွေ့သောကြောင့် ဘာစားစရာလဲဆိုပြီး လှမ်းမေး လိုက်သည်။

"ဘီစကစ်လေ. . . ဟိုနေ့က ရရင်စားချင်တယ်ဆိုလို့ ယူလာပေးတာ၊ သတင်းစာနဲ့ထုပ်ခဲ့တယ်"

"ဩော်"

ခရစ်တိုဖာသည် ဘီစကစ်မုန့်ထက် ထိုမုန့်ကိုထုပ်လာသည့် သတင်းစာအပိုင်းလေးကို ပိုစိတ်ဝင်စားလေသည်။

သူသည် ဒီထောင်ထဲမှာ အခြားစာအုပ်တွေ ဖတ်ခွင့်ရှိသော်လည်း သတင်းစာတော့ ဖတ်ခွင့် လုံးဝမရှိ။

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းဆိုဖူးသော်လည်း တစ်ခါမှ မရဘူးပေ။

အခုတော့ သူတို့သည် စားစရာကိုသတင်းစာနှင့်ထုပ်လာသောကြောင့် ထိုသတင်းစာအပိုင်းလေးကို ခရစ်တိုဖာ စိတ်ဝင်စားနေခြင်းဖြစ်သည်။

ခရစ်တိုဖာသည် အခြားစားစရာများကို စားသောက်ပြီးနောက် ဘီစကစ်မုန့်ထုပ်ကို လှမ်းယူလိုက်သည်။

"ဒါကတော့ ညမှာစားဖို့ ယူထားလိုက်မယ်"

"ယူထားလေ၊ ကျန်တာတွေတော်ပြီလား"

"တော်ပြီ"

ထိုင်နေသော ထောင်စောင့်များသည် လက်နက်များကို ပြန်ယူကြကာ ထိုင်နေရာမှ လူးလဲထလိုက်သည်။

သည်ထောင်ခန်းကျဉ်းကျဉ်းလေးထဲသို့ တစ်နေ့တာဝင်ရသည့်အလုပ်ပြီးသွားပြီဖြစ်သောကြောင့် အားလုံးရှင်ရှင်လန်းလန်းဖြစ်ကာ ပါလာသောပစ္စည်းများကိုသိမ်းကြပြီး တံခါးပိတ်ကာ ပြန်ထွက်သွားကြလေ၏။

သူတို့ထွက်သွားပြီးခဏအကြာတွင် ခရစ်တိုဖာသည် ဘီစကစ်မုန့်များကို ထုတ်ကာ သတင်းစာအပိုင်းလေးတွင် ရေးသားထားသော သတင်းတစ်ပုဒ်ကို ဖတ်ကြည့်လိုက်သည်။

■

(၂၃)

နောက် (၂)ရက်ခန့်ကြာသောအခါတွင် ဂျိန်း(စ်)ဘွန်းက ဘယ်လောက်ပဲ သတိပေး သတိပေး စူပါမန်းနှင့် စပိုက်ဒါမန်းမှာ သိပ္ပံပညာရှင် အဘိုးကြီးအိမ်ကို အတူရောက်သွားကြလေသည်။

ပထမတော့ ဂျိန်း(စ်)ဘွန်းပြောသလို တစ်ယောက်တစ်ချိန်စီသွားကြမလို့ပါပဲ။ ဒါပေမယ့် သူအရင်သွားမယ်၊ ငါအရင်သွားမယ်ဆိုသောကြောင့် နောက်ဆုံးတွင် နှစ်ယောက်အတူသွားရန် ဖြစ်လာရခြင်းဖြစ်သည်။

ရည်းစားလုဘက်တွေဆိုတော့ ကိုယ့်ထက် သူများက အရင်ဦးသွားမှာ စိုးရိမ်ကြသည်။

အဲ့ဒီလိုနဲ့ သိပ္ပံပညာရှင်ကြီးအိမ်ကို ရောက်သွားကြသည်။ သိပ္ပံပညာရှင်ကြီးသည် သူတို့ထင်တာထက် အတော်ကို အိုနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တံခါးခေါက်ပြီး အတော်ကြီးကြာမှ တံခါးဖွင့်ပေးလေသည်။

"ဆရာကြီး"

"ဘယ်သူတွေလဲ"

နားတော့ကောင်းပုံရသေးသည်။

"ကျွန်တော်တို့ကို ဂိုန်း(စ်)ဘွန်းက ဆရာကြီးဆီညွှန်လိုက်လို့ပါ"

"ဩော်. . . သင်း မသေသေးပဲကိုး"

ဟု ရေရွတ်ပြီး အိမ်ထဲဝင်ရန် ပြောသည်။

"ဘာကိစ္စလဲ"

"ဟို"

လာရင်းကိစ္စကို ဘယ်လိုပြောရမှန်းမသိ ဖြစ်နေလေသည်။

အချစ်ရေးလေးပါဆရာကြီးရယ် ဆိုပါကလည်း လူရယ်စရာဖြစ်နေသည်။ လာကတည်းကလည်း ဘာရယ်တော့မဟုတ် အကူအညီရလိုရငြား ဂိုန်း(စ်)ဘွန်းက လွှတ်လိုက်၍သာ လာရခြင်းဖြစ်သည်။

အခုလို 'ဘာကိစ္စလဲ'မေးတော့ နှစ်ယောက်သားဖြေရခက်သွား၏။

"မင်းပြောလိုက်"

စူပါမန်းက စပိုက်ဒါမန်းကို လွှဲချသည်။ စပိုက်ဒါမန်းကလည်း



"မင်းပြောပါလား"

ဆိုပြီး ပြန်လွှဲချသည်။

အဘိုးကြီးမှာ မူးနောက်လာပုံရသည်။ ထို့နောက် သူကပဲ-

"ဘာလဲ. . . ကျုပ်ဆီက တီထွင်ထားတဲ့ ပစ္စည်းတွေကို ဝယ်မလို့လား"ဟု မေးလိုက်လေ၏။

ထိုအခါမှပဲ ပြောစရာမရှိသော စူပါမန်းနှင့် စပိုက်ဒါမန်းမှာ အားရဝမ်းသာဖြစ်သွားပြီး-

"ဟုတ်တယ်၊ ဟုတ်တယ်"ဟု ပြန်ဖြေလိုက်ရလေ၏။

"ဒါဆိုလိုက်ခဲ့"

အဘိုးကြီးသည် သူတို့နှစ်ယောက်ကိုခေါ်ပြီး မြေအောက်ခန်းထဲကို ဆင်းသွားလေ၏။

သူတို့နှစ်ယောက်လည်း ဘုမသိဘမသိနှင့် နောက်ကနေ လိုက်သွားလိုက်လေ၏။

အဘိုးကြီး၏ သိပ္ပံစမ်းသပ်သည့် မြေအောက်ခန်းသည် အတော်ကြီးကို ကျယ်ဝန်းလေ၏။ တပည့်တပန်းများကိုလည်း တွေ့ရ၏။

ဂိုန်း(စ်)ဘွန်း ခေတ်ကောင်းတုန်းက ဆောက်ထားခြင်း ဖြစ်သည်ဟု သိပ္ပံပညာရှင်ကြီးက ရှင်းပြသည်။

ပစ္စည်းများကလည်း စုံလင်လှသည်။ ဟိုတစ်စ ဒီတစ်စနှင့် ဘာတွေမှန်းမသိချေ။ အဘိုးကြီးက ရှေ့ကနေ ဖြည်းညင်းစွာ သွား

www.burmeseclassic.com

www.burmeseclassic.com




နေသောကြောင့် စပိုက်ဒါမန်းနှင့် စူပါမန်းကလည်း စိတ်ရှည်ရှည်ထားပြီး အနောက်ကနေ လိုက်နေရ၏။

တစ်နေရာအရောက်တွင် အဘိုးကြီးမှာရပ်လိုက်ပြီး-

"ဒါက ငါတီထွင်ထားတဲ့ ဘီယာခါးပတ်"ဟုဆိုပြီး သူ့တပည့်တစ်ယောက်ကိုလှမ်းခေါ်ကာ နမူနာ ဝတ်ပြခိုင်းလေ၏။

"ပါတီပွဲတွေမှာ အသုံးပြုလို့ရတယ်၊ ဘီယာဘူးတွေ ခဏခဏ ထမယူရတော့ဘူးပေါ့. . . ဒီမှာကြည့်"ဟုဆိုပြီး ဘီယာခါးပတ်ကို ဝတ်ထားသော သူ့တပည့်အား ပြလေသည်။




"ကဲ. . . ဘယ်လောက်တောင်အသုံးဝင်လဲ"

စပိုက်ဒါမန်းနှင့် စူပါမန်းမှာ အဘိုးကြီးစကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေလိုက်ကြလေ၏။



"ဒါကတော့ ဘီယာထည့်ပေးတဲ့စက်ရုပ်"




အဘိုးကြီးက တစ်ခုချင်းစီ ရှင်းပြနေလေ၏။

"တချို့တွေကကွာ ပေါင်မုန့်ထောပတ်သုတ်တော့ စားချင်တယ်၊ ဒါပေမယ့် ထောပတ်ဘူးကိုယူ၊ ဇွန်း (ဒါမှမဟုတ်) ဓားနဲ့ ထောပတ်တို ကော်ပြီးရင် ပေါင်မုန့်မှာ သုတ်၊ နောက်ပြီး ဇွန်းတို့၊ ဓားတို့ ပြန်ဆေးရမှာ မလုပ်ချင် ပျင်းကြတယ်လေ။ ဒီတော့ အဲ့ဒီလူတွေ အတွက် ထောပတ်တောင့်လေးတွေ ထွင်ထားတယ်၊ တစ်ယောက် လာပါဦးဟေ့၊ ဒီမှာ ထောပတ်ကို သုတ်ပြပါဦး"

www.burmeseclassic.com

www.burmeseclassic.com






ပြီးနောက် စူပါမန်းနှင့် စပိုက်ဒါမန်းကို ကျွေးလေ၏။


စူပါမန်းက ယူစားလိုက်သော်လည်း စပိုက်ဒါမန်းက ခေါင်းစွပ်ချွတ်ရမှာ စိုးသောကြောင့် ငြင်းလိုက်လေ၏။

"ဒါက နေရောင်ခြည် စွမ်းအင်နဲ့သုံးတဲ့ ဦးထုပ်ပန်ကာ"






"ဒါက သစ်သီးအခွံခွာတဲ့စက်"



"ဒါက. . . ကားအိမ်သာ၊ ပါတီပွဲတွေမှာ မူးပြီးတွေ့ကရာ သေး ပေါက်ချင်တဲ့လူတွေအတွက် လုပ်ထားတာ"




www.burmeseclassic.com

www.burmeseclassic.com



"ဒါက ခြေအိတ်စွပ်တဲ့အခါ အလွယ်တကူ စွပ်လို့ရအောင် တီထွင်ထားတဲ့ဟာ"



"ဒါကတော့ ရေခဲမုန့်စားရင် ဟိုဘက်ဒီဘက်လှည့်စရာမလိုဘူး၊ လျှာလေးကို ရေခဲမုန့်ပေါ်တင်ထားတာနဲ့ ရေခဲမုန့်က သူ့အလိုလို လည်ပြီး စားလို့ရအောင် တီထွင်ထားတာ"





အဘိုးကြီးရှင်းပြနေသည့် ပစ္စည်းများကိုကြည့်ရင်း စုပါမန်းနှင့် စပိုက်ဒါမန်းမှာ စိတ်ညစ်နေလေသည်။

အသုံးဝင်သည်ထင်ရသော အသုံးမဝင်သည့် ပစ္စည်းများဖြစ်နေလေသည်။

"ဒီပစ္စည်းတွေအားလုံးကို ပျင်းရိတဲ့သူတွေအတွက် ပစ္စည်းဆိုပြီး နာမည်ပေးထားတယ်၊ ကဲ. . . မောင်ရင်တို့က ဒီထဲက ဘာပစ္စည်း လိုချင်တာလဲ"

"အဲ. . ."

အဲ့ဒါမှ သူတို့နှစ်ယောက်လုံး တစ်ဦးမျက်နှာတစ်ဦး ထပ်ကြည့်မိပြန်သည်။

သူတို့လိုချင်တာကတစ်မျိုး၊ အဘိုးကြီးပြနေတာတွေက တစ်မျိုးတွေဖြစ်သည်။ အရင်တုန်းကတော့ ဘာတွေတီထွင်ခဲ့မှန်းမသိ၊ အခု တီထွင်ထားတာတော့ သူတို့အတွက်တော့ ဘယ်လိုမှအဆင်မပြေချေ။

"ဟို. . . ကျွန်တော်. . . ကျွန်တော်တို့လိုချင်တာ အဲ့ဒါတွေ မဟုတ်ဘူးခင်ဗျ"

"ဘာ"

အဘိုးကြီး၏ 'ဘာ'ဆိုသည့်အသံကြောင့် စပိုက်ဒါမန်းနှင့် စုပါမန်းမှာ လန့်သွားသည်။ အသက်ကြီးသလောက် လေသံပြင်းတဲ့ အဘိုးကြီးပဲ. . .။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မင်းတို့က ငါ့ဆီ ဘာလာလုပ်ကြတာလဲ"

"ဟို. . . ကျွန်တော်တို့က ဟို. . . ကောင်မလေးတစ်ယောက်ကိုလေ. . ."

"ဪ. . . သိပြီ. . . မင်းတို့ ချစ်သူတွေကို လက်ဆောင်ပေးဖို့လား၊ ဒီမှာ. . . ခေါက်ဆွဲစားတဲ့ ဇွန်းဆိုတာ ရှိသေးတယ်။ သူက ခေါက်ဆွဲကို အော်တိုလိပ်ပေးတာလေ"

ဟုဆိုပြီး နောက်တစ်ခုကို ပြပြန်၏။



"အဲ. . . ဟို. . . အဲ့ဒီလိုလည်း မဟုတ်သေးပါဘူး. . . ဒီလိုပါ"

ဆိုပြီး စူပါမန်းက ဇာတ်စုံခင်းပြလေ၏။

သို့သော်လည်း အဘိုးကြီးမှာ နားမလည်သေးဘဲ သူ ထွင်ထား



တဲ့ ပစ္စည်းများဟာ အသုံးဝင်ကြောင်း၊ ကောင်မလေးတွေကို ပိုးပန်းပါကလည်း အဆင်ပြေနိုင်ကြောင်း၊ သူဘယ်လောက်ထိ ခက်ခက်ခဲခဲ တီထွင်ရတဲ့အကြောင်း၊ လူတွေက အခု နောက်ပိုင်း သူ တီထွင်တဲ့ ပစ္စည်းတွေကို ပိုကြိုက်ကြောင်း တရစပ်ပြောနေလေ၏။

နောက်ဆုံးတွင် စူပါမန်းနှင့် စပိုက်ဒါမန်းမှာ အဘိုးကြီး တီထွင်ထားသည့် ပစ္စည်းများထဲက စပိုက်ဒါမန်းက ခြေအိတ်စွပ်သည့် ပစ္စည်းနှင့် စူပါမန်းက ဘီယာခါးပတ်ဝယ်ကာ စိတ်ညစ်ညစ်နှင့် ပြန်လာခဲ့ကြရ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

အပြန်လမ်းတွင် တော်တော်ကြာကြာ လမ်းလျှောက်မိသည် အထိ တစ်ဦးနှင့်တစ်ဦး စကား မပြောမိကြသေးချေ။

မိမိတို့ဝယ်လာသော ပစ္စည်းများကိုကြည့်ပြီး လမ်းကိုပဲ စိတ်ညစ်ညစ်နှင့် ဖိလျှောက်မိနေကြခြင်း ဖြစ်သည်။

ကောင်းကင်ကနေ ပျံဖို့ သွားဖို့လည်း စိတ်ကူး မရှိကြတော့။

အခုချိန်မှာ သူတို့တွေးနေတာက ဘာဆက်လုပ်ရမလဲဆိုတာပင် ဖြစ်သည်။

"စပိုက်ဒါမန်း"

"ဟင်"

"တို့ ဘာဆက်လုပ်ကြမလဲ"

"မသိတော့ပါဘူးဗျာ"

ပြိုင်ဘက်တွေဆိုတာမေ့သွားပြီး အချင်းချင်း စိတ်ညစ်နေချိန်



တွင် ခဏတာ စည်းလုံးမိနေကြ၏။

"တစ်ခုခုစားရအောင်"

စပိုက်ဒါမန်းပြောမှပင် သူတို့နှစ်ယောက်စလုံး မနက်ကတည်းက ဘာမှစားမလာသေးမှန်း သတိရလိုက်ကြသည်။

"ဟိုရှေ့မှာ ဆိုင်လေးတစ်ဆိုင်ရှိတယ် အဲ့ဒီမှာ ဝင်စားကြရအောင်"

"အင်း. . . စားလေ"

ထိုသို့ဖြင့် ရှေ့ဆက်လျှောက်လာရင်း ခဏအကြာတွင် စားသောက်ဆိုင်ငယ်လေးတစ်ခုကို တွေ့ရလေ၏။

နာမည်က What Restaurant ဆိုသည့် အမည်ပင်ဖြစ်သည်။

ဘာနာမည်ကြီးမှန်း မသိ။

အခုချိန်မှာနာမည်က အရေးမကြီးပေ။ ဗိုက်ဆာတာပဲသိသောကြောင့် ဆိုင်ထဲဝင်ပြီး ခေါက်ဆွဲကြော်တစ်ပွဲစီမှာကာ ခပ်မြန်မြန်ပဲ စားလိုက်ကြ၏။

ဆိုင်မှာ မကျယ်ဝန်းပေမယ့် စားသောက်သူတော်တော်များများ ရှိသည်။

ကျဉ်းသောကြောင့် တစ်ယောက်စကား တစ်ယောက်ကြားနေရပြီး အော်ကြီးဟစ်ကျယ်စကားပြောနေသည့် စားပွဲဝိုင်းများလည်း ရှိနေ၏။

"ရှင်းမယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘီယာတစ်ခွက်ပေးပါဦး"

"အဲ့ဒါ သူလွန်တာပေါ့ဗျ၊ ခင်ဗျားကရော ဘာမှမပြောဘူးလား"

"ဟား. . . ဟား. . . ဟား. . ."

"ကောင်မလေးက မလွယ်တော့ မလွယ်ဘူးကွ"

"အမြည်းထပ်မှာမှ ဖြစ်မယ်ထင်တယ်"

နှစ်ယောက်သားမှာ ဆူညံသံများကို အတော်ကြီး စိတ်ပျက်နေသည်။

ထို့ကြောင့် ခပ်မြန်မြန်စားပြီး ပိုက်ဆံရှင်းမလို့ပြင်စဉ်တွင် သူတို့ရှေ့ကို အမူးသမားတစ်ယောက်က လာရပ်ပြီး-

"အံမယ်. . . ဘယ်သူတွေများလဲမှတ်တယ်၊ စူပါမန်းနှင့် စပိုက်ဒါမန်းပဲ. . . အော့. . ."

ထိုလူသည် အတော်ကြီးကို မူးနေပြီဖြစ်သည်။

"ကျုပ်လည်း ခင်ဗျားတို့လို ခရိုမိုဇုန်းတစ်ခု အပိုပါရင် အခုလိုမျိုး အိမ်ကို အကြာကြီး ပြန်ရမှာမဟုတ်ဘူး. . . အော့၊ ရွှတ်ဆိုပြီးပြီပဲ။ အော့. . . ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့လည်း အဲ့ဒီ ခရိုမိုဇုန်း မရှိရင် သာမန်လူပါပဲဗျာ၊ သာမန်လူပါပဲ"

ဟု သူ့ဘာသာသူပြောဆိုပြီး ဆိုင်ထဲမှ ယိုင်နဲ့ယိုင်နဲ့နှင့် ထွက်သွားလေ၏။

စူပါမန်းနှင့် စပိုက်ဒါမန်းမှာ ထိုသူ၏ ပြောစကားများကို ကြောင်ပြီး နားထောင်နေမိသည်။



ခဏနေမှ အသိပြန်ဝင်လာပြီး-

"ရှင်းမယ်"

ဟုဆိုပြီး ဝိတ်တာတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

ဝိတ်တာရောက်လာသောအခါ ချက်ချင်း မရှင်းသေးဘဲ စူပါမန်းက-

"ခုနက ယိုင်တိယိုင်တိုင်နဲ့ ထွက်သွားတာ ဘယ်သူလဲဗျ"

ဟု အရင်မေးလိုက်၏။

"ဘယ်သူ့ကို ပြောတာလဲ"

ဆိုပြီး ဆိုင်ထဲကနေ အပြင်ကို တစ်ချက်ကြည့်လိုက်၏။

ပြီးမှ-

"ဩော်. . . ဒေါက်တာကေဆောင်ကို ပြောတာထင်တယ်"

"ဒေါက်တာကေဆောင် ဟုတ်လား"

"ဟုတ်တယ်၊ အရင်တုန်းကတော့ နာမည်ကြီး ခွဲစိတ်ဆရာဝန်ကြီးလေ၊ အခုတော့ မွဲနေပြီ၊ သူယူခဲ့တဲ့ ကေ့စ်တစ်ခုက မှားလို့ တရားစွဲခံရရင်း နာမည်ပျက်သွားပြီး အခုလိုဘဝ ရောက်သွားတာပဲ"

စူပါမန်းနှင့် စပိုက်ဒါမန်းမှာ စားပွဲထိုးလေးပြောသော နောက်ဆက်တွဲစကားကို မကြားရတော့ချေ။

သူတို့ကိုပြောသွားသော "ခရိုမိုဇုန်းကို ဖယ်ထုတ် လိုက်ရင် သာမန်လူလိုပဲ ဖြစ်သွားရော"ဆိုတဲ့ စကားကိုသာ အလွန် အမင်း

www.burmeseclassic.com



စိတ်ဝင်စားနေကြသည်။

"ဒါနဲ့ အဲ့ဒီ ဒေါက်တာက ဘယ်မှာနေတာလဲ"

ဆိုပြီး စားပွဲထိုးလေးကို ထပ်မေးလိုက်လေသည်။

■

(၂၅)

နောက်တစ်နေ့တွင် သူတို့နှစ်ယောက်သည် ဒေါက်တာကေဆောင်အိမ်သို့ ရောက်သွားကြလေ၏။

မနေ့ကတည်းက ဒေါက်တာကေဆောင်နောက် လိုက်သွားချင်သော်လည်း အရက်မူးနေသည့်သူနှင့် စကားပြောရတာ အဆင်ပြေဖြစ်မှာ စိုးသောကြောင့် ဒီနေ့မှ အိမ်မှာသွားတွေ့ရန် ဆုံးဖြတ်ထိုက်ကြခြင်း ဖြစ်သည်။

လာသည့်အခါတွင်လည်း တကွဲတပြားစီမလာဘဲ နှစ်ဦးဆုံမှသာ ဒေါက်တာကေဆောင်အိမ်လာရန် ဆုံးဖြတ်ထားကြသောကြောင့် အတူတူရောက်လာခြင်း ဖြစ်သည်။

ဒေါက်တာကေဆောင်မှာ သူတို့ရောက်လာမှ အိပ်ချင်မူးတူးနှင့် အိပ်ရာက ထလာပုံ ရသည်။

သူတို့နှစ်ယောက်ကိုမြင်တော့ နည်းနည်းလန့်သွားပုံရပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"

ဟုမေးလေ၏။

စူပါမန်းက မနေ့က အဖြစ်အပျက်ကို ပြန်လည်ပြောပြသော်လည်း ဒေါက်တာကေဆောင်မှာ ပြန်မမှတ်မိတော့ချေ။

"ခင်ဗျားတို့နှစ်ယောက်နဲ့ ကျွန်တော်က မနေ့က တွေ့သေးတယ်ဟုတ်လား"

"တကူးတက တွေ့တာတော့မဟုတ်ပါဘူး၊ ဒေါက်တာက ကျွန်တော်တို့နှစ်ယောက်ရှေ့ဝင်ရပ်ပြီး စကားပြောသွားတာပါ"

"ဩော်. . . အဲ့ဒီတော့၊ အဲ့ဒီတုန်းက ကျွန်တော် ဘာများမှားသွားလဲ ခင်ဗျာ"

ဒေါက်တာကေဆောင်မှာ ညက သူ ပြဿနာတစ်ခုခုလုပ်လာသောကြောင့်ထင်ပြီး ထိတ်လန့်နေခြင်းဖြစ်ပုံရသည်။

"ဟို. . . ပြဿနာလုပ်တာမဟုတ်ဘူး၊ ကျွန်တော်တို့ နှစ်ယောက်က ဒေါက်တာ့ဆီက အကူအညီလေးတစ်ခု တောင်းချင်လို့ပါ"

အကူအညီတောင်းချင်လို့ဆိုသောကြောင့် ဒေါက်တာကေဆောင်မှာ တွေဝေသွား၏။

"ဘာများလဲ"

"ဟို. . . မနေ့က ဒေါက်တာ ကျွန်တော်တို့ကို ပြောသွားတဲ့အထဲမှာ ခရိုမိုဇုန်းဆိုတဲ့ ကိစ္စပါတယ်၊ ဘာလဲဆိုတော့ ကျွန်တော်တို့



က သာမန်လူတွေထက်ပိုပြီး ခရိုမိုဇုန်း တစ်ခုအပိုပါတဲ့အတွက် စွမ်းအားရှင် ဟီးရိုးတွေဖြစ်နေတာတဲ့၊ အဲ့ဒီ ခရိုမိုဇုန်းသာ ဖယ်လိုက်ရင် သာမန်လူပဲတဲ့၊ အဲ့ဒီကိစ္စလေး ဆွေးနွေးချင်လို့ပါ"

"ဩော်. . . ဒါလား၊ ဒီလိုပါ၊ သာမန်လူတစ်ယောက်မှာ ခရိုမိုဇုန်း အစုံပေါင်း ၂၀ ကျော်နဲ့ ဖွဲ့စည်းထားတာလေ၊ ဒါသာမန်လူသားအနေနဲ့ ရှိတဲ့ ဖွဲ့စည်းမှုပေါ့၊ အဲ. . . ခင်ဗျားတို့မှာက သာမန်အပြင် ထူးခြားတဲ့ ခရိုမိုဇုန်း တစ်ခုပါတဲ့အတွက်၊ အဲ့ဒီလိုဖြစ်နေတာလို့ ဆိုလိုတာပါ၊ နေပါဦး၊ ဘာဖြစ်လို့ အဲ့ဒီလောက်တောင် တကူးတက သိချင်နေရတာလဲ"

"ဟို. . ."

စူပါမန်းက ပြောရမှာကို တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေလေ၏။ ထို့ကြောင့် စပိုက်ဒါမန်းကပဲ ကြားဖြတ်ဝင်ဖြေပေးလိုက်သည်။

"ကျွန်တော်တို့နှစ်ယောက်က အခုရရှိထားတဲ့ ပါဝါတွေကို စွန့်လွှတ်ပြီး သာမန်လူသားဘဝလို နေချင်လို့ပါ"

"ဟင်. . . ဘာဖြစ်လို့လဲဗျ၊ ထူးဆန်းလှချည်လား"

စပိုက်ဒါမန်းက သူတို့နှစ်ယောက်ရဲ့ ဇာတ်ကြောင်းကို ရှင်းပြနေလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

"အေးဗျာ. . . ဒါကတော့ ခင်ဗျားတို့ စိတ်ကူးနဲ့ခင်ဗျားတို့ဆိုတော့ ဘာမှမပြောလိုတော့ပါဘူး"

"ဒါဆို. . . ကျွန်တော်တို့ကို သာမန်လူသားဘဝဖြစ်အောင် လုပ်ပေးလို့ရလား ဒေါက်တာ"

ဒေါက်တာကေဆောင်မှာ စူပါမန်းစကားကြောင့် တွေဝေသွားလေ၏။

ထို့နောက်-

"တကယ်တော့ ခုန ကျွန်တော်ပြောခဲ့တဲ့ကိစ္စက သီအိုရီပဲရှိပါတယ်။ တကယ်မသေချာပါဘူး။ သို့သော်လည်း ကျွန်တော့်ဆရာကတော့ လက်တွေ့စမ်းသပ်တာတွေဘာတွေ လုပ်ခဲ့ဖူးပါတယ်။ ကျွန်တော်ကတော့ အဲ့ဒီခွဲစိတ်မှုကို လုပ်ပေးနိုင်လိမ့်မယ်လို့ မထင်ပါဘူး"



"ဒါဆို ဒေါက်တာရဲ့ ဆရာက ဘယ်သူများလဲ ကျွန်တော်တို့ကို လမ်းညွှန်ပေးလို့ရမလား"

"ကျွန်တော်တစ်ခုတော့ ပြောပါရစေ"

"ပြောပါဒေါက်တာ"

"ခင်ဗျားတို့ ဒီအတိုင်းပဲနေတာက ကောင်းမယ်လို့ ကျွန်တော်ယူဆပါတယ်"

"ဘာဖြစ်လို့လဲဆရာ"

"ကျွန်တော်သိသလောက်ကတော့ ခင်ဗျားတို့ဆီမှာရှိနေတဲ့ ခရိုမိုဇုန်း အပိုကို ဖယ်ထုတ်မယ်ဆိုရင် စွန့်စားမှုတော့ ရှိလိမ့်မယ်"

"ဘာလဲ. . . အသက်အန္တရာယ်စိုးရိမ်ရလို့လား ဒေါက်တာ"

"မဟုတ်ပါဘူး၊ ဒါပေမယ့် ခွဲစိတ်မှုအောင်မြင်ရင်တော့ ခင်ဗျားတို့မျှော်လင့်တဲ့ သာမန်လူသားဘဝဆိုတာ ရပါလိမ့်မယ်၊ အကယ်၍ ခွဲစိတ်မှုမအောင်မြင်ရင်တော့. . . ခင်ဗျားတို့ ရူးသွားပါလိမ့်မယ်"

"ဟင်"

"ပြီးတော့ ကျွန်တော့်ဆရာဆိုတာ သာမန်လူ မဟုတ်ပါဘူး၊ ခင်ဗျားတို့ကြောင့် နှစ်ရှည်ထောင်ကျနေတဲ့. . . ဒေါက်တာခရစ်တိုဖာဆိုတဲ့ ရာဇဝင် လူဆိုးပါပဲ"

"ဗျာ. . . "

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

လေးတဖြူးဖြူးတိုက်နေသည်။ ရှေ့မှာ ကွင်းပြင်ကြီးဖြစ်နေသောကြောင့်သာ လေသည်အတားအဆီးမရှိဘဲ တိုက်နေခြင်းဖြစ်သည်။

မြက်ပင်တို့က စိမ်းစိုနေပြီး ဖြတ်သန်းသွားလာနေသော လူတစ်ဦးတစ်ယောက်မှလည်းမရှိချေ။

သစ်ပင်တစ်ပင်. . .။ ဟုတ်ပါသည်။ သစ်ပင်တစ်ပင်တော့ရှိနေ၏။ အရွက်စိမ်းစိမ်းတို့နဲ့ အပြိုင်းအရိုင်းလွှင့်နေသော သစ်ပင်။

ဘေးပတ်ပတ်လည်မှာ သူနှင့်အပြိုင် ဘယ်သူမှမရှိဘဲ သူတစ်ပင်တည်း ထီးထီးကြီးပေါက်နေသော သစ်ပင်တစ်ပင်. . .။

ထိုသစ်ပင်ကြီးအောက်တွင်တော့ လူနှစ်ယောက် ထိုင်နေကြ၏။ ရုပ်ရှင်တွေထဲမှာဆိုပါက ထိုမြင်ကွင်းသည် ချစ်သူနှစ်ဦး ထိုင်ကာ သစ်ရွက်ကလေးတွေ ကြွေနေတာကို ကြည့်နူးပြီး ကြည့်မည်။

လေတိုက်ရင်း လွင့်နေတဲ့ ကောင်မလေးရဲ့ဆံနွယ်တွေကို



ကောင်လေးက ဆော့ကစားနေမည် စသဖြင့် ကြည်နူးစရာမြင်ကွင်းဖြစ်နေပေလိမ့်မည်။

သို့သော် အပြင်မှာ ထိုင်နေသည့် လူနှစ်ယောက်မှာတော့ တစ်ဦးက ဝတ်ရုံတကားကားနှင့်ဖြစ်ပြီး နောက်တစ်ဦးကတော့ မျက်နှာဖုံးစွပ်ထားသည့်သူတစ်ဦးဖြစ်သည်။

သူတို့နှစ်ဦးမှာ သစ်ရွက်ကလေးတွေလွင့်နေတာလည်း သတိထားမိပုံမရ. . .။

လေတိုက်လို့လည်း ဆံပင်လွင့်စရာမရှိ. . .။

သို့သော် သေချာတာက သူတို့နှစ်ဦးသည် တစ်ခုခုကို အကြီးအကျယ်စိတ်ညစ်နေပုံရသည်။

စိတ်ညစ်နေတာထက်စာရင် ဆုံးဖြတ်ရခက်နေသည့် ပုံစံကပို၍ပေါ်လွင်နေသည်။

“စပိုက်ဒါမန်း ငါတို့ဘာလုပ်ကြမလဲ”

“အင်း. . . ဘယ်လိုလုပ်ရမှန်းကိုမသိပါဘူးဗျာ၊ ကျွန်တော်တို့အဖြစ်ကလည်း ဟို. . . မြန်မာစကားပုံလိုပေါ့ ဆုပ်လည်းစူး၊ စားလည်းရူးဆိုတဲ့အတိုင်းဖြစ်နေပြီ”

“ဘာပဲပြောပြော၊ တစ်ခုခုတော့ မြန်မြန်ဆုံးဖြတ်မှ ဖြစ်မယ်ထင်တယ်”

“ဒါဆိုကျွန်တော်တို့က အခုလိုပဲ ဒီအတိုင်းနေသွားမလား၊ ဒါမှမဟုတ် ဟို ဒေါက်တာကြီးဆီသွားပြီး ခွဲစိတ်မှုခံမလား၊ ခွဲခဲ့ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ နှစ်ယောက်ထဲမှာ တစ်ယောက်ယောက်က ရှုံးသွားနိုင်တယ်၊ ဒါမှမဟုတ် နှစ်ယောက်လုံးရှုံးသွားနိုင်တာပဲ"

အသံများ တိတ်ဆိတ်သွားပြန်၏။

ခုနက အေးမြနေသောလေသည် ချက်ချင်းပူသလို ခံစားလာရ၏။

"ကျုပ်တို့က ခွဲစိတ်မယ်လို့ ဆုံးဖြတ်ပြီးပြီပဲထားပါတော့. . . ဒေါက်တာခရစ်တိုဖာက ထောင်ထဲမှာလေ၊ ထောင်ထဲမှာမှ လုံခြုံရေး အထပ်ထပ်လုပ်ထားတဲ့ ထောင်ထဲမှာ၊ ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ကျွန်တော်တို့က သူ့ကိုထောင်ထဲထည့်ထားတာလေ၊ ကျွန်တော်တို့ရဲ့ အသက်ကို ခွဲစိတ်နေတဲ့အခါမှာ ရန်မရှာတော့ဘူးတဲ့လား၊ သူ့ကို ဘယ်လိုယုံရမှာလဲ"

ထိုအရာသည် သူတို့နှစ်ဦးအတွက် စဉ်းစားသင့်သော အရာဖြစ်သည်။

ဒေါက်တာခရစ်တိုဖာနှင့် သူတို့သည် သူတို့ခေတ်ကောင်းစဉ် (တစ်ချိန်က) ကမ္ဘာ့ရန်သူများသဖွယ် တိုက်ခိုက်ခဲ့ကြသူများဖြစ်သည်။

နောက်ဆုံးတွင် သူ့ကို လုံခြုံရေးအထပ်ထပ်ရှိသည့် ထောင်ထဲ၌ သေတဖန်သက်တဆုံး ပိတ်လှောင်ခြင်းခံရအောင် လုပ်ထားသည့် သူတို့နှစ်ဦးကို သူက ကျေနပ်စွာနဲ့ ခွဲစိတ်ပေးမယ်ဆိုတာ ဘယ်မှာသေချာမှာလဲ။



ခွဲစိတ်ပေးခဲ့တာတောင်မှ သူတို့နှစ်ဦး၏အသက်ကို သူ့လက်ထဲ ပုံအပ်ပေးထားရမည့်အဖြစ်က မတွေးရဲစရာပင်။

သို့သော်လည်း သာမန်လူသားတစ်ယောက်ပြန်ဖြစ်ဖို့အတွက် သူတို့မှာလည်း အခြားနည်းလမ်းမရှိတော့ပေ။

"သူက ကျွန်တော်တို့ကို ခွဲစိတ်ကုသပေးလိုက်ရင် တကယ်ပဲ ကျွန်တော်တို့က သာမန်လူတစ်ဦးလို ပြန်ဖြစ်သွားမှာ သေချာပါ့မလား"

စပိုက်ဒါမန်းက သူထင်နေသောအတွေးကို ပြောပြလိုက်၏။

"ငါကတော့ သူ့ကိုယုံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူလုပ်ခဲ့တဲ့ အလုပ်တွေကိုပြန်ကြည့်မယ်ဆိုရင် သူဟာ ထူးချွန်တဲ့ခွဲစိတ်ဆရာဝန်ဆိုတာ သေချာနေတယ်၊ သုတေသနတွေလည်း လုပ်ခဲ့ဖူးတယ်၊ ပြီးတော့ မထင်မှတ်တဲ့တီထွင်ဖန်တီးမှုတွေ လုပ်ခဲ့တဲ့အတွက် ငါတို့ကိစ္စဟာ ဖြစ်နိုင်ဖို့သေချာနေတယ်"

လေတစ်ချက်အဝှေ့မှာ စကားသံတွေဝေဝါးသွား၏။

"ဒါဆို ကျွန်တော်တို့ သူ့ကို သွားတွေ့ကြည့်ရင် မကောင်းဘူးလား"

"ထောင်ဖောက်ပြီးတော့လား"

"အင်းလေ. . . ဒါပဲရှိတာပဲ"

"ရာဇဝတ်မှု ကျူးလွန်တာတော့ ဖြစ်နေမှာပဲ"

"ဘယ်တတ်နိုင်မလဲ၊ ဆုံးဖြတ်ပြီးရင်တော့ လုပ်ရမှာပဲ. . .

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတာက ခင်ဗျားနဲ့ ကျွန်တော် ကတိတစ်ခုရှိဖို့လိုတယ်"

"ဘာလဲ"

"ခင်ဗျားနဲ့ကျွန်တော်က ရည်းစားလုဘက်ဆိုတော့ မတည့်ဘူး ပေါ့၊ ဒါပေမယ့် အခုကိစ္စက အတူပေါင်းလုပ်ရမှာဆိုတော့ ခဏ တော့ လက်တွဲမယ်၊ ပြီးရင်တော့ ကိုယ့်လမ်းကိုယ်လျှောက်ပြီး 'နီဝေ' စိတ်ကြိုက်လူကိုရွေးပါစေ၊ ဘယ်လိုလဲ"

"မင်းဟာကလည်း မြန်မာအချစ်ကားတွေထဲက ရည်းစားလု ဘက် အခန်းတွေထဲက ပြောစကားတွေနဲ့ တူနေတယ်၊ အင်းလေ မင်းလည်းနိုင်ငံထဲကို ခိုးသွင်းလာတဲ့ မြန်မာကားတွေ အကြည့်များ တယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ. . . အဲ့ဒီစကားကိုငါလည်း သဘောတူပါတယ်"

"ဒါဆို. . . အဲဒီကိစ္စဘယ်တော့စမလဲ"

■

(၂၈)

သူမ ထင်သည့်အတိုင်းပင် လူတွေက သုံးလေးရက်ကြာသော အခါတွင် သူတို့အကြောင်းကို မေ့သွားပြီဖြစ်သည်။

တခုတ်တရပြောဆိုခြင်း မရှိတော့။ သတင်းသမားများကိုလည်း ဒီရက်အတွင်းမတွေ့ရတော့ချေ။ ထို့ကြောင့် သူမအနေနှင့်လည်း အိမ်ကနေရုံး၊ ရုံးကနေအိမ် သွားလာရာတွင် အရင်ကအတိုင်း လွတ် လွတ်လပ်လပ်ရှိနေလေသည်။

ယနေ့အိမ်ကနေ ရုံးအသွားတွင်လည်း ကားပေါ်တွင် လူတွေ တ သူမကိုတကူးတကကြီး ကြည့်မနေကြသောကြောင့် သူမဘာသာ သက်သောင့်သက်သာထိုင်ပြီး ကားစီးနိုင်သည်။

သူမသည် သာမန်ဘဝကိုနှစ်သက်သူ တစ်ဦးဖြစ်သည်။ ကျော် ကြားမှုတွေ၊ လူတွေရဲ့ဂရုစိုက် ကြည့်နေမှုတွေကို သူမ မကြိုက်။ အေးဆေးတည်ငြိမ်ပြီး လွတ်လပ်သည့် ဘဝကိုသာ ကြိုက်နှစ် သက်သူတစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူ့ကိုချစ်ရေးဆိုလာသည့် သူနှစ်ဦးဖြစ်သည့် စူပါမန်းနှင့် စပိုက်ဒါမန်းတို့ကိုလည်း သာမန်အိမ်ထောင်ရေးဘဝနှင့် သာမန်လူသားတစ်ဦးကိုသာ ချစ်မြတ်နိုးချင်ကြောင်း ပြောလိုက်ခြင်း ဖြစ်သည်။

စူပါမန်းနှင့်စပိုက်ဒါမန်းဆိုလို့ သူတို့နှစ်ယောက်တောင် သူ့ဆီကိုမလာတာ တော်တော်ကြာသွားပြီဖြစ်သည်။

သူမအနေနဲ့ ခပ်ပြတ်ပြတ်ပြောလိုက်ပြီးကတည်းက ယနေ့တိုင်မလာကြခြင်းဖြစ်သည်။

သတင်းတွေမှာလည်း သူတို့နှစ်ယောက်နှင့် သူမအကြောင်းကိုဖတ်ရသော်လည်း သူတို့နှင့်တော့ ထပ်တွေ့ခြင်းမရှိတော့ချေ။

သူမပြောလိုက်သည့် သာမန်လူသားတစ်ယောက်ဖြစ်အောင်ကြိုးစားနေကြသည်ဟုသာ သိရသည်။

တကယ်တော့ ထိုကိစ္စဟာ မလွယ်မှန်းသိသည်။ သူမကလည်း အများထင်သလို သူတို့နှစ်ယောက်ကို လှည့်စားချင်လို့ ကစားချင်လို့ စသည်ဖြင့်မဟုတ်ဘဲ သူမရဲ့နေပုံထိုင်ပုံအတိုင်း သူမလိုချင်သည့် လူတစ်ယောက်ပုံစံကိုသာ ပြောပြရခြင်းဖြစ်သည်။

တကယ်တော့ သူမကို အရင်တုန်းက သာမန်လူသားတွေက ရည်းစားစကားလိုက်ပြောဖူးတာ ခံရဖူးပါသည်။

သို့သော်လည်း သူမ ကြိုက်သည့် သူတစ်ဦးမှ မတွေ့ခဲ့ချေ။ အခုစူပါမန်းနှင့် စပိုက်ဒါမန်းက ရည်းစားစကားပြောသည့် အခါတွင်လည်း သူမအနေနဲ့ ရည်းစားအဖြစ်ထားရင် သာမန်လူသားတစ်ဦးနဲ့ထားချင်ကြောင်း ပြောလိုက်မိခြင်းဖြစ်သည်။



သူတို့တကယ် သာမန်လူဖြစ်သွားပါက ပြန်ကြိုက်မှာလား?

ပြန်ကြိုက်ရင်ရော ဘယ်သူ့ကိုပြန်ကြိုက်မှာလဲ? စတဲ့ကိစ္စတွေတော့ သူ့စိတ်ထဲမှာ မရှိသေးချေ။

ခဏကြာသောအခါတွင် သူစီးလာသောကားသည် ရပ်သွားလေ၏။ ကားပေါ်ကဆင်းပြီး လမ်းအနည်းငယ် လျှောက်လိုက်သောအခါ သူမ၏ရုံးကို ရောက်ပြီဖြစ်သည်။

ပုံမှန်နေ့တွေလိုပဲ ရုံးအဆောက်အအုံထဲဝင်ခဲ့ပြီး ဓာတ်လှေကားဖြင့် ကုမ္ပဏီရုံးခန်းအလွှာကို တက်သွားလိုက်၏။

ရုံးခန်းထဲအရောက် မိမိစားပွဲပေါ်ထိုင်မှသာ ဒီနေ့ရဲ့ပြဿနာကို စတင်တွေ့ရလေသည်။

ဤသည်မှာ စားပွဲပေါ်တင်ထားသော ယနေ့ထုတ်သတင်းစာတစ်စောင်၏ ခေါင်းကြီးပိုင်း သတင်းတစ်ခုကြောင့် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## စူပါမန်းနှင့် စပိုက်ဒါမန်းဟု ယူဆရသည့်လူနှစ်ဦး ရာဇဝင်လူဆိုး ဒေါက်တာခရစ်စတိုဖာအား ထောင်ဖောက်ပြီး ခေါ်ထုတ်သွားခြင်း

- - -၊ ဒီဇင်ဘာလ ၂

ယမန်နေ့ညက ရာဇဝင်လူဆိုး ဒေါက်တာ ခရစ်တိုဖာအား ဖမ်းဆီးထားသည့် ထောင်တွင် ထောင်ဖောက်တွင်းမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်ပွားပုံမှာ ဒေါက်တာ ခရစ်တိုဖာအား ညစာကျွေးချိန်ပြီး သည့်နောက်တွင် အစောင့်စစ်သားများက ပုံမှန်တာဝန်ကျ နေရာများတွင် စောင့်နေခဲ့ကြကြောင်း....။

ခဏအကြာတွင် "ဒုန်း၊ ဒုန်း" ဆိုသည့် အသံများကြားပြီး တံခါးများ တစ်ခုချင်းစီ ပြိုလဲသွားသံများ ကို ကြားရသည်ဟု တာဝန်ကျ တစ်ယောက်က ဆိုသည်။

"တံခါးတွေက ခိုင်တယ်ဗျ၊ သာမန် သေနတ်နဲ့ ပစ်၊ ဗုံးနဲ့ ဖောက်၊ ဘယ်လိုပဲလုပ်လုပ် ဖွင့်လို့ မရအောင် လုပ်ထားတဲ့ တံခါးတွေဗျ" ဟု သူက ပြောပါသည်။



အသံကြားသောကြောင့် တာဝန်ကျ စစ်သားများ ထောင်မှူးများက အသံကြားရာဆီသို့ ချက်ချင်း ပြေးလာကြပြီး ကြည့်သောအခါ ဒေါက်တာ ခရစ်တိုဖာမှာ သူ၏အခန်းထဲတွင် မရှိတော့ကြောင်း တွေ့ရပါသည်။

ထိုနေရာသို့ အသံ ကြားကြားခြင်း ရောက်သွားသည့် တာဝန်ကျစစ်သားကတော့ "အသံ ကြားခြင်း ချက်ချင်း ရောက်သွားတာဗျ၊ အဲ့ဒီမှာ မြန်လိုက်တာဗျာ၊ လူနှစ်ယောက်က ဒေါက်တာ ခရစ်တိုဖာကို ခေါ်သွားတာ တွေ့လိုက်ရတာပဲ၊ တစ်ယောက်ကတော့ စူပါမန်းနဲ့တူပြီး၊ တစ်ယောက်ကတော့ စပိုက်ဒါမန်းလို့ ထင်ပါတယ်" ဟု ထွက်ဆို ထားသည်။

"သူတို့လို လူမျိုးတွေပဲ အဲ့ဒီ တံခါးတွေကို ဖျက်ဆီးနိုင်တာဗျ" ဟုလည်း ပြောသေးသည်။

ထိုဒေါက်တာခရစ်တိုဖာမှာ အရင်တုန်းက နာမည်ကြီး လူဆိုး တစ်ဦးဖြစ်ပြီး ဟီးရိုးများ အကူအညီဖြင့် ထောင်ချခြင်းခံထားရသည့် သူတစ်ဦး ဖြစ်ပါသည်။

အကယ်၍ ဒေါက်တာခရစ်တိုဖာကို ခေါ်ထုတ်သွားသည့်သူများမှာ စူပါမန်းနှင့် စပိုက်ဒါမန်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည် သေချာပါက သူတို့ ဘာကြောင့် ခေါ်ထုတ် သွားသည် ဆိုတာကို အားလုံးက သိချင်နေကြလေသည်။

စူပါမန်းနှင့် စပိုက်ဒါမန်းကိုတော့ အခုထိ ဆက်သွယ်လို့ မရရှိသေးချေ။ သူတို့အိမ်များမှာလည်း တစ်ယောက်မှ မရှိကြောင်း နောက်ဆုံး သတင်း ရရှိထားပါသည်။

■

(၂၉)

'နီဝေ'သည် ထိုသတင်းစာကို ဖတ်ရင်းနှင့်ပင် ဖုန်းဝင်လာသောကြောင့် ရုတ်တရက် လန့်သွားလေ၏။

ခဏကြာတော့မှ သတင်းစာကိုချပြီး ဖုန်းကို ကိုင်လိုက်သည်။

"ဟယ်လို"

"မနီဝေလား မသိဘူး"

"ဟုတ်ပါတယ်"

"ဟုတ်ကဲ့... ကျွန်တော်က ယနေ့ခေတ် သတင်းစာက သတင်းထောက်ပါ။ ဒီနေ့ စပိုက်ဒါမန်းနဲ့ စူပါမန်းရဲ့သတင်းကို သိပြီးသွားပြီလား မသိဘူး"

"သိပြီးပါပြီ"

"အဲဒါနဲ့ပတ်သက်ပြီး အစ်မဘယ်လိုထင်လဲမသိဘူး ခင်ဗျာ"

"ဟင်... ကျွန်မက ဘယ်လိုထင်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီထောင်ဖောက်မှုက အစ်မကိစ္စနဲ့များ ပတ်သက်နေတယ်လို့ မထင်ဘူးလားလို့ မေးတာပါ"

"အို . . . ဘာဆိုင်လို့လဲ၊ သူတို့အလုပ် သူတို့လုပ်တာပဲ၊ ပြီးတော့ သူတို့လုပ်တယ်ဆိုတာ သက်သေမှ မရှိသေးတာ"

"သူတို့လုပ်တာတော့ သေချာသလောက်ရှိနေပါပြီ"

"ဟင် . . . သေချာလို့လား"

"သတင်းတော့ လိုက်နေတုန်းပါပဲ၊ သေချာသလောက် ရှိပါတယ်"

"အင်း . . . သေချာတယ်ဆိုလည်း ကျွန်မနဲ့ ဘာမှတော့ မဆိုင်ပါဘူး"

ထိုသို့ပြောပြီး ဖုန်းကို ချလိုက်သည်။

သူ၏ နှလုံးခုန်နှုန်းမြန်နေကြောင်း သူ့ကိုယ်သူ သတိထားမိလိုက်သည်။

ထိုသူနှစ်ယောက်၏ ထောက်ဖောက်သည့်ကိစ္စသည် သာမန်ရိုးရိုးသားသားကိစ္စတော့ မဟုတ်ကြောင်း သူ့စိတ်ထဲမှာ အလိုလိုသိနေသည်။

ထို့နောက် အခြားသတင်းထောက်များ သူ့ကို ဆက်တိုက်ဖုန်းဆက်လာမှာစိုးသောကြောင့် သူမ၏ဖုန်းကို အမြန်ပိတ်လိုက်လေ၏။

ဖုန်းပိတ်ပြီးသော်လည်း သူ့စိတ်ထဲမှာ အလိုလိုထိတ်လန့်နေသည်။ ဘာကို ထိတ်လန့်နေမှန်း မသိချေ။



သူတို့နှစ်ယောက်ကိစ္စက ပြီးသွားပြီလို့ သူ့စိတ်ထဲမှာ ထင်ခဲ့မိသည်။

သို့သော် အခုချိန်မှာ မပြီးသေးဟု ခံစားနေရသေး၏။

သူတို့နှစ်ယောက် ဘာဖြစ်လို့ ဒေါက်တာခရစ်တိုဖာကို ထောင်ထဲက ခေါ်ထုတ်သွားရတာလဲ?

သာမန်ကြည့်ပါက ထိုကိစ္စသည် သူနှင့်လုံးဝ မဆိုင်ပေ။

သို့သော်လည်း အကြောင့်မဲ့သက်သက်တော့ ထိုကိစ္စကို သူတို့လုပ်မှာ မဟုတ်ပေ။

အခုတလော သူတို့မှာလည်း သူမနှင့် ပတ်သက်သည့်ကိစ္စသာ ရှိနေကြသည်။ ထို့အတွက်ကြောင့် သူက စိတ်ပူမိခြင်း ဖြစ်သည်။

ထိုနေ့က ရုံးကို စောစောဆင်းပြီး အိမ်ပြန်လာတဲ့အထိ စိတ်ထဲမှာ ဒွိဟဖြစ်နေသေးသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

နောက်တစ်နေ့ မနက်စောစော အိပ်ရာကနိုးသောအခါ နိုဝေသည် မျက်နှာပင်မသစ်အားပဲ အောက်ထပ်ကိုဆင်းကာ သတင်းစာကိုအရင်ယူကြည့်သည်။

သတင်းများသည် သူထင်သည့်အတိုင်း ရေးထားတာကို တွေ့ရလေ၏။ ထို့ကြောင့် နိုဝေသည် မျက်နှာကို ကမန်းကတန်းသစ်ကာ လမ်းထိပ်က သတင်းစာဆိုင်ကိုပြေးပြီး ယနေ့ထွက်သမျှ သတင်းစာများကို ဝယ်ကာ အိမ်ကိုခပ်မြန်မြန်ပြန်ပြီး သတင်းစာ တစ်စောင်ချင်းစီ ဖတ်မိ၏။

သတင်းစာများ၏ ခေါင်းကြီးပိုင်း သတင်းမျက်နှာဖုံးခေါင်းစဉ်များကို ဖတ်မိစဉ်မှာပဲ မူးမေ့လဲသွားလေ၏။



ချစ်သူ၏အလိုဆန္ဒကို လိုက်လျောရန်အတွက်
စူပါမန်းနှင့်စပိုက်ဒါမန်းထောင်ဖောက်

---

စပိုက်ဒါမန်းနှင့် စူပါမန်းကို နောက်ဆုံးတွေ့လိုက်ရသည့်
စားသောက်ဆိုင်တစ်ခုမှ စားပွဲထိုးနှင့်အင်တာဗျူး

---

တစ်ချိန်ကနာမည်ကြီး ခွဲစိတ်ဆရာဝန်ဖြစ်ပြီး
ယခုအချိန်တွင် နာမည်မရှိတော့သည့်
ဒေါက်တာကေဆောင်က ဒေါက်တာခရစ်တိုဖာဆီသွားရန်
လမ်းညွှန်လိုက်ကြောင်းပြောကြား

---

ခရိုမိုဇုန်းများ အကြောင်း ဒေါက်တာတစ်ဦးမှ ပြောပြ

---

သာမန်လူတစ်ဦးဖြစ်သွားမလား၊ ရူးသွားမလား
စပိုက်ဒါမန်းနှင့် စူပါမန်းရယ်

---

ဒေါက်တာခရစ်တိုဖာ လွတ်သွားခြင်းကြောင့် တစ်နိုင်ငံလုံး
စိုးရိမ်နေ

---

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာခရစ်တိုဖာသည် စူပါမန်းနှင့် စပိုက်ဒါမန်းကို
တကယ်ပဲ သာမန် လူသားဘဝဖြစ်အောင်
လုပ်ပေးနိုင်သလား။

---

သာမန်လူတစ်ဦး ဖြစ်သွားပါက 'နီဝေ'
ဘယ်သူ့ကိုရွေးမလဲ?

---

တစ်ချိန်က စပိုက်ဒါမန်းနှင့် စူပါမန်းတားများ ရောင်းအား
စံချိန်မြင့်တက်ဟု ရုပ်ရှင်စျေးကွက်မှ စုံစမ်းသိရှိရ

---

စူပါမန်းနှင့် စပိုက်ဒါမန်း၏ သူငယ်ချင်းများက သူတို့
သူငယ်ချင်း နှစ်ဦးကို ဟီးရိုးအနေဖြင့်သာ
မြင်တွေ့လိုကြောင်း ပြောဆို

---

ဒေါက်တာခရစ်တိုဖာ၏ အရင်ခေတ်က ဆိုးသွမ်းမှုများ

■

(၃၁)

သတင်းစာများက ထိုသို့ရေးသားနေကြချိန်တွင် နိုင်ငံတွင်း တာဝန်ရှိသူများကလည်း အရေးပေါ် အစည်းအဝေးတစ်ခုကို ချက်ချင်းခေါ်လိုက်ရလေ၏။

နိုင်ငံတော် လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ဦးဆောင်ကာ ဒေသအလိုက်လုံခြုံရေး တာဝန်ရှိသူများက တက်ရောက်ကြ၏။

"သူတို့ ဘယ်ရောက်နေပြီလဲဆိုတဲ့ သတင်းကိုသိရပြီလား"

အစည်းအဝေးစစချင်းပင် နိုင်ငံတော်လုံခြုံရေး တာဝန်ရှိသူ ဗိုလ်ချုပ်ကြီး ပေါနိတ်က မေးလိုက်လေ၏။

"မသိသေးပါဘူး ဗိုလ်ချုပ်ကြီး"

"အဲ့ဒီနေ့က ရေဒါတွေ၊ ဂြိုဟ်တုတွေထဲမှာရော မဖမ်းမိလိုက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မမိပါဘူးခင်ဗျာ၊ သူတို့က အရမ်းမြန်တဲ့အတွက် ဘယ်ရေဒါ၊ ဘယ်ဂြိုဟ်တုမှ မမိလိုက်ပါဘူး"

ဗိုလ်ချုပ်ကြီးသည် ခေါင်းကို ခါယမ်းလိုက်၏။

"ဒီကောင်တွေကွာ မိန်းမတစ်ယောက်အတွက်နဲ့ တိုင်းပြည်ကို ဒုက္ခပေးပြန်ပြီ"ဟု ရေရွတ်လိုက်၏။ ထို့နောက် အားလုံးဘက်လှည့်ပြီး-

"သူတို့ အခုလုပ်နေတဲ့ ကိစ္စတွေက အမှန်ပဲလား"

မေးပြန်၏။

"ဘာ. . . ဘာကိုပြောတာလဲ ဗိုလ်ချုပ်ကြီး"

"ဟာ. . . သူတို့ သာမန်လူဖြစ်ဖို့အရေး ကြိုးစားနေတာကို ပြောတာ"

"အဲဒါတော့ မှန်ပါတယ်၊ သူတို့နှစ်ယောက်က 'နိုဝေ'ဆိုတဲ့ ကောင်မလေးကို ကြိုက်နေတော့၊ အဲ့ဒီကောင်မလေးကလည်း သာမန်လူသားတစ်ယောက်နဲ့ပဲ လက်ထပ်ချင်တယ်ဆိုတော့၊ အဲ့ဒီ အတွက် သူတို့က မဖြစ်မနေ ကြိုးစားနေကြတာပါ"

"အေးလေ၊ အဲ့ဒီသူတို့ကို ခွဲစိတ်ပေးမယ့်သူကလည်း သူတို့ရန်သူဆိုတော့ သူတို့အရေးကမလွယ်ဘူးပဲ၊ အဲ့ဒါအကြောင်းမဟုတ်ဘူး သူတို့နှစ်ယောက်လုံးကြောင့် ဒေါက်တာခရစ်တိုဖာက လွတ်မြောက်သွားပြီး အရင်အတိုင်းသောင်းကျန်းနေရင်ဒုက္ခပဲ"

အစည်းအဝေးတစ်ခုလုံး အချင်းချင်းတီးတိုးသံများနဲ့ ဆူညံသွား၏။



ထိုစဉ် ဗိုလ်မှူးစမစ်က မတ်တပ်ရပ်လိုက်ပြီး-

"ဗိုလ်ချုပ်ကြီးခင်ဗျား"

"အေး၊ ပြော"

"အခုကိစ္စတော့ အားလုံးသိတဲ့အတိုင်း ဒေါက်တာခရစ်တိုဖာ လွတ်မြောက်သွားနိုင်တဲ့ အခြေအနေ အများကြီးရှိနေပါတယ်"

"အင်း"

"ဒါပေမယ့် အခုအချိန်မှာ စပိုက်ဒါမန်းနဲ့ စူပါမန်းက ဒေါက်တာခရစ်တိုဖာရဲ့ ခွဲစိတ်မှုကို ခံယူကြရသေးပုံ မရဘူးလို့ ယူဆရပါတယ်"

"မင်းက ဘာဖြစ်လို့ အဲ့ဒီလိုထင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့ခွဲစိတ်မယ်ဆိုရင် ပစ္စည်းကိရိယာတွေ အပြည့်အစုံပါတဲ့ နေရာတစ်ခုလိုပါတယ်၊ ဒေါက်တာ ခရစ်တိုဖာရဲ့ ပစ္စည်းတွေ၊ နေရာတွေအားလုံးကိုလည်း ကျွန်တော်တို့က သိမ်းဆည်းထားတဲ့အတွက် သူဘယ်လိုမှ အဲ့ဒီနေရာတွေကို အသုံးမပြုနိုင်ပါဘူး၊ ဒီတော့ မခွဲစိတ်ခင်မှာ နေရာတွေ၊ ပစ္စည်းတွေ စုံဖို့လိုပါတယ်"

"အေး၊ အဲ့ဒါတော့ဟုတ်တယ်"

"နောက်ပြီး ခွဲစိတ်မယ့်နေရာရော၊ ပစ္စည်းရောစုံပြီဆိုပါတော့၊ သူတို့တွေ ဒေါက်တာခရစ်တိုဖာရဲ့ ခွဲစိတ်မှုကို ဘယ်လိုနည်းလမ်းမျိုးနဲ့ခံယူကြမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ဒီလိုပါ ဗိုလ်ချုပ်ကြီးခင်ဗျား၊ ခရစ်တိုဖာနဲ့ သူတို့နှစ်ယောက်ဟာ ရန်သူတွေပါ။ ဒီတော့ သူတို့ခွဲစိတ်ဖို့ဆိုတာ ခရစ်တိုဖာရဲ့လက်ထဲကို သူတို့နှစ်ယောက်ရဲ့ အသက်ကို လုံးဝအပ်ထားရမယ့် အနေအထား ဖြစ်နေပါတယ်"

"အင်း"

"ခွဲစိတ်ပြီးရင်လည်း သူတို့နှစ်ယောက်ဟာ သာမန်လူဖြစ်သွား မလား၊ ရူးသွားမလား ဆိုတာလည်း မသေချာသေးဘူးဖြစ်နေတယ်"

"ဟုတ်ပြီ"

"ဒီတော့ ခရစ်တိုဖာဟာ သူတို့နှစ်ယောက်ကို အချိန်မရွေး အသက်အန္တရာယ်ပြုနိုင်တဲ့ အနေအထားဖြစ်နေတော့ သူတို့တွေရဲ့ အသက်အန္တရာယ်ကို သူတို့ကာကွယ်မယ့်နည်းလမ်း လိုမှာပေါ့"

"သူတို့ဘယ်လိုလုပ်မယ်ထင်သလဲ"

"ကျွန်တော့်အထင်ပြောရရင် ခရစ်တိုဖာရဲ့ လက်ရှိစိတ်အခြေ အနေကိုလည်း စူးစမ်းလိမ့်မယ်လို့ထင်ပါတယ်"

ဗိုလ်ချုပ်ကြီးသည် ဗိုလ်မှူးစမစ်တင်ပြချက်ကို နားထောင်ရင်း ခေါင်းကဆတ်ဆတ်ညိမ့်နေပြန်၏။

"ဒါဆို ကျုပ်တို့က ရက်အနည်းငယ် အချိန်ရသေးတာပေါ့"

"ဟုတ်ပါတယ်"

"ဒါဆို ဒီကြားထဲမှာ သူတို့နှစ်ယောက်ကို သိမ်းသွင်းလို့ရသေး



တာပေါ့"

ဗိုလ်ချုပ်ကြီးရဲ့ ပြောစကားကို အစည်းအဝေးမှာရှိတဲ့ လူများ အားလုံးဘယ်သူမှ နားမလည်လိုက်သောကြောင့် ကြောင်တောင် တောင်ဖြစ်သွားကြသည်။

"ဘာကိုဆိုလိုတာလဲ ဗိုလ်ချုပ်ကြီး"

ဗိုလ်မှူးစမစ်ကမေးလိုက်သည်။

"ကဲ. . . အစည်းအဝေးဆုံးဖြတ်ချက်ချမယ်၊ အားလုံးလိုက် မှတ်ကြ၊ ဗိုလ်မှူးစမစ်က ဒီကိစ္စကိုဦးဆောင်ပြီး လုပ်ရမယ်"

"ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး"

"(၁) အချက်က 'နိုဝေ'ကို တွေ့ရမယ်၊ သူ့ကြောင့်ဖြစ်တဲ့ ကိစ္စ ဆိုတော့ သူ့ကိုပဲ တွန်းအားပေးရမယ်"

"ဘာတွန်းအားပေးမှာလဲ"

"သူက ဟီးရိုးကိုပဲ လက်ထပ်ချင်တယ်ဆိုတဲ့အကြောင်းကို စုပါမန်းနဲ့ စပိုက်ဒါမန်းသိအောင် လုပ်ခိုင်းရမယ်၊ ဒါကတစ်ချက်၊ နောက်တစ်ချက်က. . ."

"ဟုတ်ကဲ့"

"တကယ်လို့များ သူတို့က သာမန်လူတစ်ယောက်ပဲ ဖြစ်ချင် သေးတယ်ဆိုရင် ဒေါက်တာခရစ်တိုဖာနဲ့ သူတို့ကိုခွဲစိတ်ဖို့အတွက် ငါတို့ကိုယ်တိုင် စီစဉ်ပေးမယ်ဆိုပြီး သူတို့နဲ့တစ်တိုင်းပြည်လုံးသိအောင် ကြေညာရမယ်၊ အဲ့ဒါကို အခုချက်ချင်း အမြန်ဆုံးလုပ်ရမယ်၊ သတင်း

www.burmeseclassic.com

www.burmeseclassic.com



သမားတွေ၊ ရေဒီယိုတွေ၊ တီဗီတွေကို အဲ့ဒီကြေညာချက် အမြန်ဆုံး ပါအောင် လုပ်ရမယ်၊ နောက်ပြီး ချက်ချင်းပဲ 'နို့ဝေ'ကို ငါတို့ရုံးဆီ ခေါ်ရမယ်"ဟုဆိုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်၏။

■

## (၃၂)

ပြည်သူတွေကလည်း စူပါမန်းနှင့် စပိုက်ဒါမန်း ထောင်ဖောက်သည့်ကိစ္စကို စိတ်ဝင်စားကြသောကြောင့် ထိုနေ့က ထွက်သမျှ သတင်းစာများ ချက်ချင်းပင် ရောင်းကုန်သွားကြလေသည်။

တစ်ချို့ကလည်း စူပါမန်းနှင့် စပိုက်ဒါမန်းကို အပြစ်တင်ကြသလို၊ တစ်ချို့ကတော့ အချစ်ကြောင့် စွန့်စားကြသည့် သူနှစ်ဦးဆိုပြီး ချီးကျူးကြသည်။

လူကြီးများကတော့ ဒေါက်တာခရစ်တိုဖာ လွတ်သွားသည့်အတွက် စိုးရိမ်မကင်း ဖြစ်နေကြသည်။ ထို့ပြင် ဈေးများ၊ ဆိုင်များ၊ ရုံးများတွင်လည်း စူပါမန်းနှင့် စပိုက်ဒါမန်းအကြောင်း ပြောဆိုနေမှုတို့သာ လွှမ်းမိုးနေလေသည်။

စူပါမန်းနှင့် စပိုက်ဒါမန်းကို ဟိုနေရာမှာပဲ တွေ့လိုက်သလိုလို၊ ဒီ နေရာမှာပဲတွေ့လိုက်သလိုလိုနဲ့ သတင်းစကားများလည်း ထွက်ပေါ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မရေရာသည့် သတင်းများ ဖြစ်နေ၏။

ရုပ်သံသတင်းများမှာလည်း စူပါမန်းအကြောင်း၊ စပိုက်ဒါမန်း အကြောင်းနှင့် ဒေါက်တာခရစ်တိုဖာတို့၏ အကြောင်းများကိုသာ ဆက်တိုက်ထုတ်လွှင့်နေလေ၏။

ထူးခြားတာက နောက်နှစ်ရက် သုံးရက်အထိ စပိုက်ဒါမန်း၊ စူပါမန်းနှင့် ဒေါက်တာခရစ်တိုဖာတို့၏ အရိပ်အယောင်တွေကို လုံးဝမတွေ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် အားလုံး၏ စိတ်ထဲတွင် ဒေါက်တာခရစ်တိုဖာသည် စူပါမန်းနှင့် စပိုက်ဒါမန်းကို ခွဲစိတ်နေပြီဟု ယုံကြည်နေကြလေ၏။

တစ်ချို့ကလည်း မခွဲစိတ်သေးဟု ယုံကြည်ကြ၏။

သို့သော် ခွဲစိတ်နေပြီဟု ထင်သည့် သူများက တကယ်လို့များ စပိုက်ဒါမန်းနှင့် စူပါမန်းတို့သည် သာမန်လူတစ်ယောက်ဖြစ်လာပါက နိုဝေသည် ဘယ်သူ့ကို ရွေးမလဲဆိုသည့် ကိစ္စကိုပိုပြီး စိတ်ဝင်စားနေကြသည်။

တချို့က စပိုက်ဒါမန်းဘက်က . . .။

တချို့ကတော့ စူပါမန်းဘက်က ဖြစ်သည်။

ထိုကိစ္စကို လူထုစိတ်ဝင်စားမှုမြင့်တက်လာကြသောကြောင့် ရုပ်သံများကလည်း ထိုအကြောင်းနှင့် ပတ်သက်သည့် တီဗီ အစီအစဉ်များကို တင်ဆက်လာကြသည်။

နာမည်ကြီး ABC ရုပ်သံလိုင်းကလည်း-



Will you merry me as hero?

'ငါ့ကို ဟီးရိုးအနေနဲ့ လက်ထပ်မလား'ဆိုသည့် တီဗီအစီ အစဉ်များကိုလည်းကောင်း၊

Star Network ကလည်း Superman? Spiderman? ဆိုသည့် Game Show အစီအစဉ်ဖြင့် လည်းကောင်း။

စသည်ဖြင့် ရုပ်သံလိုင်းတစ်ခုနှင့် တစ်ခုအပြိုင်အဆိုင် တင်ဆက်လာကြလေ၏။ ထို့ပြင် သတင်းစာတိုင်းတွင်လည်း အစိုးရက ထုတ်ပြန်ထားသည့် ဒေါက်တာခရစ်စတိုဖာ ခွဲစိတ်နိုင်ရန် စီစဉ်ပေးမည်ဆိုသည့် ကြေညာချက်ကိုလည်း အဆက်မပြတ် ထုတ်ပြန်နေလေ၏။ သို့သော်လည်း စူပါမန်းနှင့် စပိုက်ဒါမန်းတို့၏ သတင်းများကို အချိန်အတော်ကြာသည်အထိ မကြားရသေးချေ။

ထို့ပြင် နိုဝေ၏ သဘောထားများကိုလည်း သတင်းစာများက အပြိုင်အဆိုင် အင်တာဗျူး ဖော်ပြလာကြလေ၏။

People Newspaper ကလည်း နိုဝေကို အောက်ပါအတိုင်း အင်တာဗျူးထားလေ၏။

People Newspaper : သူတို့သတင်းမကြားရတာ ဒီနေ့နဲ့ဆို သုံးရက်ရှိပြီနော်။

နိုဝေ : ဟုတ်ပါတယ်။

People Newspaper : အခုလိုဖြစ်သွားတဲ့ အခြေအနေအတွက် နိုဝေစိတ်ထဲမှာ ဘယ်လိုခံစားနေရလဲ?

www.burmeseclassic.com

www.burmeseclassic.com



နိုဝေ : ကျွန်မကြောင့်အခုလိုဖြစ်သွားရတာ စိတ်မကောင်းပါဘူး။ တကယ်ပါ။ အဲ့ဒီလိုဖြစ်မယ်မှန်းသိရင် ကျွန်မ အဲ့ဒီလို မပြောခဲ့ပါဘူး။

People Newspaper : တကယ်လို့များ သူတို့တွေဟာ ဟီးရိုးအနေနဲ့ပဲ ပြန်လာခဲ့မယ်ဆိုရင် နိုဝေ့အနေနဲ့ လက်ခံနိုင်ပါ့မလား။

နိုဝေ : ကျွန်မအနေနဲ့ လက်ခံနိုင်ပါတယ်။ပြီးတော့သူတို့ကျွန်မကို ဒီလောက်တောင်ချစ်တယ်ဆိုတာ သိရတဲ့အတွက် ကျွန်မစိတ်ထဲ ဘယ်လို ခံစားနေရလဲဆိုတာ မပြောပြတတ်တော့ပါဘူး။

People Newspaper : အဲ့ဒီလိုပြောဖို့အတွက် အစိုးရက တိုက်တွန်းထားတယ်ဆိုပြီး သတင်းတွေလည်းထွက်နေပါတယ်။ ဒီလိုဖြေခြင်းက သူတို့တိုက်တွန်းထားလို့များလား။

နိုဝေ : အမှန်အတိုင်းပြောရရင်တော့ သူတို့ ကျွန်မကို အဲ့ဒီလိုဖြေကြားပေးဖို့ လာပြောထားကြပါတယ်။ ဒါပေမယ့် ကျွန်မက သူတို့နှစ်ယောက်သတင်းကို စကြားလိုက်ရတဲ့နေ့ကစပြီး၊ ဒီလိုစိတ်ကူးမျိုး ပြောင်းလဲသွားခဲ့တယ်ဆိုပြီး သူတို့ကို ပြန်ပြောလိုက်ပါတယ်။



People Newspaper : ဟီးရိုးအနေနဲ့ ပြန်လာခဲ့မယ်ဆိုရင်ရော ဘယ်သူ့ကို ရွေးမှာလဲ။ စူပါမန်းလား၊ စပိုက်ဒါမန်းလား။

နိုဝေ : ကျွန်မ အခုထိ အဲ့ဒီကိစ္စကို မစဉ်းစားရသေးပါဘူး။

People Newspaper : သာမန် လူသားတစ်ယောက်အနေနဲ့ ပြန်လာမယ်ဆိုရင်ရော။

နိုဝေ : ကျွန်မအနေနဲ့ ဒီလောက် အန္တရာယ်များတဲ့ ခွဲစိတ်မှုမျိုးကို သူတို့ကို မလုပ်စေချင်ပါဘူး။ ဒါက ကျွန်မရဲ့ စိတ်ရင်းအမှန်ပါ။

People Newspaper : နိုဝေကြောင့်ဆိုပြီး ပြစ်တင်ပြောဆိုနေတဲ့ သူတွေကို ဘာပြောချင်ပါသလဲ?

နိုဝေ : ဒီကနေပဲ တောင်းပန်ပါရစေ။

People Newspaper : နောက်ဆုံးအနေနဲ့ တစ်ခုမေးပါရစေ။

နိုဝေ : ဟုတ်ကဲ့။

People Newspaper : သူတို့ပြန်လာခဲ့မယ်ဆိုရင်. . .

နိုဝေ : ကျွန်မ သူတို့နှစ်ယောက်ထဲက တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဘဝကြင်ဖော်အဖြစ် ရွေးချယ်သွားမှာ ပါ။ ကျွန်မ မိဘတွေကလည်း ကျွန်မ အပေါ် ဒီလောက်ကောင်းတဲ့ သူတွေထဲ က တစ်ယောက်ယောက်ကို ရွေးချယ် သင့်တယ်လို့ ပြောထားပါတယ်။ ဒီတော့ မိဘတွေကလည်း သဘောတူ၊ ကျွန်မ လည်း သဘောတူပါတယ်။

People Newspaper : တကယ်လို့များ ခွဲစိတ်ကုသတာ မအောင် မြင်ခဲ့လို့ သူတို့ ရှုံးသွပ်သွားရင်ရော။

နိုဝေ : ကျွန်မကတော့ အဲဒီလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေပါတယ်။

အခြားသတင်းစာများကလည်း နိုဝေနှင့်အင်တာဗျူးထားသည့် သတင်းများကို အပြိုင်အဆိုင် ဖော်ပြကြလေ၏။

သို့သော်လည်း တစ်ပတ်ကြာတဲ့အထိ စူပါမန်းနှင့် စပိုက်ဒါမန်း တို့၏အကြောင်း သတင်းအစအန ကြားရခြင်း မရှိသေးချေ။

■

အဲဒီလိုနဲ့ နှစ်ပတ်ခန့်ကြာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

ယနေ့တွင် အင်တာနက်ပေါ်၌ စူပါမန်း ပျံသန်းနေသည်ကို တွေ့ရသည့် ဗီဒီယိုဖိုင်ဆိုပြီး ဗီဒီယိုဖိုင်တစ်ခု ပျံ့နှံ့နေလေ၏။

ချက်ချင်းဆိုသလိုပင် ထိုဗီဒီယိုဖိုင်ကို ကြည့်ရှုသူ သန်းချီသွားလေ၏။ ထိုဗီဒီယိုဖိုင်မှာ တောရွာတစ်ခုရှိ လူတစ်ဦးက လမ်းသွားနေရင်း အပေါ်ကနေ အလင်းတန်းတစ်ခု ဖြတ်သွားသည်ကို တွေ့လိုက်ရသောကြောင့် လက်ကိုင်ဖုန်းဖြင့် ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ဖြစ်သည်။

ဗီဒီယိုထဲတွင် လယ်ကွင်းတစ်ခုအပေါ်ကနေ ဖြတ်ပျံသွားသော စူပါမန်း၏ပုံကို တွေ့ရလေ၏။

ဗီဒီယိုကို ဘယ်မှာ ရိုက်ကူးထားမှန်း မသိသော်လည်း တောရွာတစ်ရွာဆိုတာတော့ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့က အရင်တုန်းက ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ကို အခုမှ အင်တာနက်ပေါ် တင်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ယခုရက်အတွင်း ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ဟု မယုံကြည်ကြချေ။

ထိုဗီဒီယိုဖိုင်နှင့် တစ်ဆက်တည်းလိုပဲ အခြားဗီဒီယိုဖိုင်များ၊ ဓာတ်ပုံများလည်း တက်လာလေ၏။

ဓာတ်ပုံတစ်ခု၏အောက်တွင် စပိုက်ဒါမန်း သာမန်လူသား တစ်ယောက်ပြန်ဖြစ်သွားခြင်းဟုရေးထိုးထားပြီး လမ်းမတစ်ခုတွင် စပိုက်ဒါမန်း သာမန်ပုံစံဖြင့် လမ်းလျှောက်နေသည်ကို ရိုက်ကူးထားသည့်ဓာတ်ပုံတစ်ခုဖြစ်၏။

တချို့က စူပါမန်းရှုံးသွားပြီး၊ စပိုက်ဒါမန်း သာမန်လူသားပြန်ဖြစ်ဆိုပြီး ထင်ကြေးပေးနေကြ၏။

သို့သော်လည်း ဘယ်ဗီဒီယိုဖိုင်ကမှ လတ်တလော ရိုက်ကူးထားခြင်းဖြစ်ကြောင်း သက်သေ မပြနိုင်ပေ။

ထို့ပြင် ဟိုလူကလည်း စူပါမန်းကိုတွေ့လိုက်ရသည်။ ဒီလူကလည်း စပိုက်ဒါမန်းကိုတွေ့လိုက်ရသည်ဆိုပြီး ပြောဆိုနေကြသောကြောင့် ပိုပြီး မယုံကြည်ဘဲ ဖြစ်နေကြခြင်းဖြစ်သည်။

သို့သော် နောက်ထပ် ငါးရက်ခန့်ကြာသောအခါတွင် စူပါမန်းနှင့် စပိုက်ဒါမန်းတို့၏သတင်းမှာ လုံးဝ မရတော့သောကြောင့် အားလုံးမှာ စပိုက်ဒါမန်းနှင့် စူပါမန်းသည် ဒေါက်တာ ခရစ်တိုဖာ သတ်လို့ သေပြီ (သို့) ရှုံးသွားကြပြီးနောက် ဒေါက်တာ ခရစ်တိုဖာ



သည် တောတောင်တွေကြားက တစ်နေရာတွင် ဇာတ်မြှုပ်လိုက်ပြီဆိုပြီး ယူဆလိုက်ကြလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

စပိုက်ဒါမန်းနှင့် စူပါမန်းမသေသေးဟု ယုံကြည်သောသူမှာ စူပါမန်း၏ မိတ်ဆွေဝက်သားသည် အိတ်စ်မန်းပင်ဖြစ်၏။

သူသည် ဝက်သားဆိုင်မထွက်နိုင်သည်မှာ ရက်အတော်ကြာပြီ ဖြစ်သည်။ သူ့မိတ်ဆွေ စူစူရဲ့ သတင်းကို ကြားပြီးကတည်းက ဆိုင်ထွက် ရတာလည်း အဆင်မပြေ၊ စိတ်မပါသောကြောင့် ဆိုင်ပိတ်ထားလိုက်ခြင်း ဖြစ်သည်။

စူစူသတင်းကို တစ်နေ့ကြားနိုးကြားနိုးစောင့်ရင်း ယခုအချိန်အထိ မကြားရသောကြောင့် စိုးရိမ်စိတ် ဝင်လာလေ၏။

ကြားသမျှသတင်းနှင့် အွန်လိုင်းပေါ်က ဗီဒီယိုများကို ကြည့်ရင်း စူစူဘယ်မှာရှိလိမ့်မလဲ ခန့်မှန်းသော်လည်း အခုထိ သူရှိနေမည့်နေရာကို ခန့်မှန်းလို့ မရသေးချေ။



အကယ်၍ စူစူ့ကို ဒေါက်တာခရစ်တိုဖာ သတ်ပစ်ခဲ့ပါက သူသည် ဒေါက်တာခရစ်တိုဖာကို ရေးဆုံးမြေဆုံး လိုက်သတ်မည်ဟု ဆုံးဖြတ်ထားသည်။

သို့သော် သူတစ်ယောက်တည်းက ဒေါက်တာ ခရစ်တိုဖာကို သတ်နိုင်မည်လား။ တကယ်တော့ ဒေါက်တာ ခရစ်တိုဖာသည် သူတို့တွေ့ဖူးသမျှ လူဆိုးတွေထဲမှာတော့ ဉာဏ်ပညာ အထက်မြက်ဆုံးနဲ့ အကောက်ကျစ်ဆုံး ဖြစ်သည်။

နောက်ဆုံး သူ့ကို ထောင်ထဲထည့်တာတောင်မှ စူပါမန်းနှင့် စပိုက်ဒါမန်း နှစ်ယောက်ပေါင်းပြီး ဖမ်းဆီးခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် ဒီကိစ္စသည် သူတစ်ယောက်တည်း မဖြစ်နိုင်တာတော့ သေချာသည်။

ခေါင်းထဲမှာ ဘတ်မန်း (လင်းနို့လူသား)ကို ပြေးမြင်မိ၏။ စပိုက်ဒါမန်း၏မိတ်ဆွေ ဘတ်မန်းပင် ဖြစ်သည်။

သို့သော် ဘတ်မန်းက သူ့ကို သိပ်မကြည်လင်ပေ။ မည်သို့ဆိုသော် သူ့မိန်းမဖြစ်သည့် ကြောင်နက်မနှင့် သူက အရင်တုန်းက အိစီကလီတွေဖြစ်ခဲ့ကြသည်ဟု ဘတ်မန်းကထင်ပြီး သူ့ကို မကျေမနပ်ဖြစ်နေခြင်းဖြစ်၏။

သို့သော်လည်း ယခုကိစ္စသည် ကိုယ်ရေးကိုယ်တာ ကိစ္စမဟုတ်ပဲ မိတ်ဆွေ၊ သူငယ်ချင်းအရေး ကိစ္စဖြစ်သောကြောင့် ဘတ်မန်းအနေဖြင့် ပူးပေါင်းသင့်သည်ဟု ထင်မြင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘတ်မန်းအိမ် သွားမလို့ပြင်နေစဉ်မှာပဲ ဘတ်မန်းဆီက ဖုန်းတစ်ခု ဝင်လာလေ၏။

"အိတ်(စ်)မန်းလား"

■

(၃၅)

"ကျုပ်ကတော့ ဒေါက်တာကေဆောင်ကို သိပ်မသက်သာဘူး"

ဘတ်မန်းသည် အိတ်(စ်)မန်းကို တွေ့တွေ့ချင်းပင် ပြောလေ၏။

သူတို့နှစ်ဦးသည် ဖုန်းထဲကနေပြောပြီးနောက် ဆိုင်တစ်ဆိုင်မှာ တွေ့ရန်အတွက် ချိန်းလိုက်ကြခြင်း ဖြစ်သည်။

သူတစ်ယောက်တည်းသာ ရောက်လာခြင်း ဖြစ်သည်။ ကြောင်နက်မရောဟု မေးချင်ပေမယ့် ဘတ်မန်း တစ်မျိုးထင်မှာ စိုးသောကြောင့် မမေးဘဲ ငြိမ်နေလိုက်သည်။

"ဘာကို မသက်သာတာလဲ ကိုဘတ်မန်းက"

"စဉ်းစားကြည့်လေ အခုဒေါက်ခရစ်တိုဖာနဲ့ ကျုပ်တို့မိတ်ဆွေနှစ်ယောက် ဘယ်ရောက်နေလဲဆိုတာ ဘယ်လိုမှ အစရှာလို့မရဘူး ဖြစ်နေတယ်၊ ဒါပေမယ့် ဒေါက်တာကေဆောင်ကတော့ သူ့ဆရာ

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းနဲ့ ကျုပ်တို့ မိတ်ဆွေနှစ်ယောက် ဘယ်ရောက်နေလဲဆိုတာ သိကိုသိရမယ်လို့ ထင်တယ်"

"သူက သတင်းစာတစ်ခုမှာ သူလည်း မသိဘူးလို့ ဖြေထားတာပဲ"

"ကျုပ်တော့ မယုံဘူးဗျ၊ သူ့ဆရာ ဘယ်မှာရှိလဲဆိုတာ သိကိုသိရမယ်"

ကိုဘတ်မန်းက အပြင်းအထန် ပြောနေသောကြောင့် အိတ်စ်မန်းလည်း ဟုတ်နိုးနိုး ထင်လာ၏။

"အဲ့ဒီတော့ ကျွန်တော်တို့ ဘာလုပ်ကြမလဲ ကိုဘတ်မန်း"

"အဲ့ဒီကေဆောင်ဆိုတဲ့လူဆီကို သွားမယ်ဗျာ၊ တစ်ခုခု သိလိုသိငြားပေါ့"

"အဲ့ဒါကောင်းတယ်"

"နေဦးကျုပ်တို့ လူတစ်ယောက်ကိုလည်း ဝင်ခေါ်သွားရမယ်"

"ဘယ်သူလဲ"

"ဂျိန်း(စ်)ဘွန်းလေ"

"အာ. . . သူ့ကိုဘာလုပ်မလို့လဲ"

"သူက လည်လည်ဝယ်ဝယ်ရှိတယ်ဗျ၊ ဒီတော့ ကျုပ်တို့က လူတွေနဲ့ဆက်ဆံရမှာဆိုတော့ သူပါရင်ပိုကောင်းတာပေါ့"

"သူကကျွန်တော်တို့နဲ့အတူ လိုက်ပါ့မလား"

"လိုက်အောင်တော့ခေါ်ရမှာပေါ့"



အဲ့ဒီလိုနဲ့ အိတ်စ်မန်းနဲ့ ဘတ်မန်းတို့လည်း ဂျိန်း(စ်)ဘွန်းအိမ်ရောက်သွားကြ၏။

ထင်သည့်အတိုင်းပင် ဂျိန်း(စ်)ဘွန်းက ဟိုလိုလို ဒီလိုလို အကြောင်းပြပြီး ငြင်းပယ်နေ၏။

နောက်ဆုံးတွင် ဒေါက်တာခရစ်တိုဖာ ပြန်ပြီး ခေါင်းထောင်လာပါက အလုပ်ပြန်လုပ်ရပြီး ကောင်မလေးများနှင့် အတူနေချိန်လျော့သွားဦးမယ်ဟု ဆိုလိုက်မှသာ မလိုက်ချင်လိုက်ချင်နဲ့ လိုက်လာလေ၏။

ဒါတောင် ညနေကောင်မလေးတစ်ယောက်နှင့် ချိန်းထားသောကြောင့် စောစောပြန်ပါရစေဟု လုပ်နေသေးသည်။

တကယ်တော့ ဂျိန်း(စ်)ဘွန်းသည် သူတို့နှစ်ဦး၏ စွမ်းအားကိုလန့်နေလို့သာ လိုက်လာပုံရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

“ဒေါက်. . . ဒေါက်”

တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

“ဘယ်သူလဲ”

အထဲကနေ လှမ်းမေးသံ ကြားရ၏။

“ဘေးအိမ်ကပါ”

ဂျိန်း(စ်)ဘွန်းက ပြန်ဖြေလိုက်၏။

ဘယ်သူတွေပါဟု ပြောပါက မထွက်လာမှာစိုးသောကြောင့်ဖြစ်သည်။ ထိုအခါ ခြေသံခပ်ပြင်းပြင်းကြားရပြီး ခဏအကြာတွင် တံခါး ပွင့်သွားလေ၏။

“ဟင်”

တံခါးဝတွင် မတ်တတ်ရပ်နေသော သူတို့သုံးယောက်ကိုတွေ့



သွားသောအခါ ဒေါက်တာကေဆောင်မှာ မျက်နှာပျက်သွားလေ၏။

သို့သော်လည်း ချက်ချင်းဆိုသလိုပင် မျက်နှာဟန်ပန်ကို ပြင်လိုက်ပြီး-

“သြော်. . . မိတ်ဆွေတွေပါလား၊ ဘေးအိမ်က လူတွေထင်လို့”

“ဟဲ. . . ဟဲ၊ ကျုပ်တို့က နောက်လိုက်တာဗျ”

ဂျိန်း(စ်)ဘွန်းက အတည်လိုလိုနဲ့ ခပ်ဖြီးဖြီး ပြောလေ၏။

“အထဲဝင်ပါဦး”

ဒေါက်တာကေဆောင်က အထဲကို ဖိတ်ခေါ်လိုက်လေ၏။

ထိုသို့ဖြင့် အိတ်စ်မန်း၊ ဘတ်မန်းနှင့် ဂျိန်း(စ်)ဘွန်းတို့သည် အိမ်ရဲ့ အနေအထားကို တစ်ချက်ကြည့်မိကြသည်။

အိမ်အတွင်း အပြင်အဆင်ကို ကြည့်ခြင်းအားဖြင့် ဒေါက်တာကေဆောင်သည် အရင်တုန်းက ဝင်ငွေကောင်းပြီး အခုအခြေအနေတွင် ဝင်ငွေ မကောင်းတော့မှန်း သိသာနေသည်။

ဟောင်းနွမ်းပြီး ကောင်းလွန်းသည့် ပစ္စည်းများနှင့် ဖုန်တက်၊ ကျိုးပျက်နေသည့် ပစ္စည်းများက မြင်မကောင်းအောင် ဖြစ်နေသည်။

“ထိုင်ပါဦး၊ အိမ်က ရှုပ်နေတော့ အားနာတယ်”

သူတို့သုံးယောက်သည် နီးစပ်ရာ ခုံများတွင် ဝင်ထိုင်လိုက်ကြသည်။

“ဘာကိစ္စရှိလို့လဲ မသိဘူး”

ဒေါက်တာကေဆောင်သည် အားလုံးကို တစ်ချက်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေ၏။

သူ့စိတ်ထဲတွင် တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေပုံရသည်ဟု အားလုံးက ထင်မိကြ၏။

အိတ်စ်မန်းက စကားပျိုးမနေတော့ပဲ ဒဲ့မေးချလိုက်သည်။

"ဒေါက်တာ ခရစ်တိုဖာရဲ့နေရာကို သိချင်လို့ပါ"

"ဟင်"

"ဟုတ်တယ်၊ သူတို့ရှိမယ့်နေရာကို သိချင်လို့"

ဘတ်မန်းကလည်း ဝင်ပြောပြန်၏။

"ကျွန်တော်မှ သူရှိတဲ့နေရာကို မသိတာဗျာ၊ အရင်တုန်းက သူ့တပည့် ဖြစ်ခဲ့တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ထောင်ကျပြီး နောက်ပိုင်း သူနဲ့ကျွန်တော် တစ်ခါမှ မတွေ့တော့ပါဘူး"

ဒေါက်တာကေဆောင်က ပြာပြာသလဲ ငြင်းလေ၏။

ဒေါက်တာကေဆောင်စကားကြောင့် အားလုံးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ အိတ်စ်မန်းကတော့ ဒေါက်တာကေဆောင်၏ စကားကို မယုံချေ။ ထို့ကြောင့် ဒေါက်တာကေဆောင်ကို ဗျင်းမယ် တကဲကဲ လုပ်နေ၏။

"နေပါဦး အိတ်စ်မန်းရယ် ငါမေးပါရစေဦး"

ဘတ်မန်းက အိတ်စ်မန်းကို ဝင်တားပြီး ဒေါက်တာကေဆောင် ဘက်လှည့်ကာ-

"ဒီမှာ ဒေါက်တာ ကျွန်တော်တို့ အကြောင်းကိုလည်း ဒေါက်



တာ သိပါတယ်။ အရင်တုန်းကလို စိတ်မျိုးသာ ပြန်ဖြစ်ရင် ဒေါက်တာ မလွယ်ဘူးနော်။ ဒီတော့ ဒေါက်တာ အမှန်အတိုင်း ဖြေပါ"

ဘတ်မန်းက ဒေါက်တာကေဆောင်ကို နည်းနည်း ခြိမ်းခြောက်လိုက်၏။ ဒေါက်တာကေဆောင်သည် အနည်းငယ် တည်ငြိမ်လာပုံရသည်။

ထို့ကြောင့် သူတို့သုံးယောက်ကို တစ်ချက်ကြည့်ပြီး-

"ကျွန်တော် တစ်ခုပြောပါရစေ"

"အင်း. . . . ပြော"

ဂျိန်း(စ်)ဘွန်းက ဝင်ပြောလိုက်သည်။

"အခုကိစ္စကို ပြန်ကြည့်ရင် သူတို့ ဘယ်မှာလဲဆိုတာ ခင်ဗျားတို့က ကျွန်တော့်ကို မေးစရာမလိုဘူးလို့ ထင်ပါတယ်၊ ကျွန်တော်ကသာ ခင်ဗျားတို့ကို ပြန်မေးရမလို ဖြစ်နေပြီ"

ဒေါက်တာကေဆောင်စကားကြောင့် အားလုံး အံ့သြသွားကြလေသည်။

"ခင်ဗျား စကားက ဘာစကားလဲဗျ"

"ဟုတ်တယ်လေ၊ ကျုပ်ဆရာ ဒေါက်တာခရစ်တိုဖာကို ဖမ်းခေါ်သွားတာ ခင်ဗျားတို့လူတွေ မဟုတ်လား၊ ဒီတော့ ကျုပ်ဆရာ သွားချင်တဲ့နေရာကို သွားလို့ ရမယ်ထင်လား၊ ခင်ဗျားတို့လူတွေထားတဲ့နေရာမှာ ကျုပ်ဆရာနေရမှာပေါ့. . . ကဲ. . . ပြောစမ်းပါဦး၊ ကျုပ်ဆရာ အခုဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဒေါက်တာကေဆောင် စကားကြောင့် သုံးယောက်သား စိတ်ပျက်လက်ပျက် ဖြစ်သွားကြလေသည်။

■

## (၃၇)

အပြန်လမ်းတစ်လမ်းလုံး အိတ်(စ်)မန်းက မကျေမနပ်နဲ့ တဗျစ်ဗျစ်တောက်တောက် ဖြစ်နေလေ၏။

"ကျုပ်. . . ဒီကောင့်ကို ဗျင်းထည့်လိုက်ရမှာဗျာ၊ ဒါမှ ဒီကောင် အမှန်ထွက်လာမှာ"

"နေပါဦး အိတ်(စ်)မန်းရယ်၊ မင်းကလည်း တမှောင့်၊ အခုဘာပဲ ပြောပြော သူ နောက်ဆုံးပြောလိုက်တဲ့စကားက မင်းလည်း မငြင်း နိုင်ဘူး၊ ငါလည်း မငြင်းနိုင်ဘူးလေ၊ ဟုတ်တယ်မလား"

ထိုအခါမှပဲ အိတ်(စ်)မန်း ပါးစပ်ပိတ်သွားလေ၏။

ဂျိန်း(စ်)ဘွန်းကတော့ သူတို့နှစ်ယောက်ကို တစ်ခွန်းမှ ဝင်မပြောဘဲ လမ်းသွားလမ်းလာ ကောင်မလေးများကို ကြည့်နေ၏။

ဒါကို သတိထားမိသွားသော ဘတ်မန်းက-

"ဟေ့လူ. . . ကောင်မလေးတွေပဲ ကြည့်မနေနဲ့၊ ကျုပ်တို့ကိစ္စတိုလည်း စဉ်းစားဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းပြောလိုက်ရ၏။ ထိုအခါ ဂျိန်း(စ်)ဘွန်းက-

"အားယူနေတာ"

ဟု ပြန်ပြော၏။

"ခင်ဗျားအားယူတာကလည်းဗျာ၊ အားကုန်မယ့်အလုပ်ပဲ"

"အဲ့ဒါတွေကြောင့် ခင်ဗျားတို့ စွမ်းအားရှင်တွေမသိတာ၊ ကျုပ်တို့လူတွေမှာ အချစ်ဟာ ခွန်အားတစ်မျိုးပဲဗျ၊ မသိရင် မပြောစမ်းပါနဲ့၊ ကဲ. . . ကျုပ်က ဘာစဉ်းစားပေးရမှာလဲ"

"ဟ. . . အခု ဒေါက်တာကေဆောင်ဆီကလည်း ဘာမှမရဘူးဆိုတော့. . . ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

"အေးဗျာ၊ သူနောက်ဆုံး ပြောလိုက်တာကလည်း ဟုတ်နေတော့ ထပ်မေးရခက်နေတယ်၊ ဒါပေမယ့် သူ့မျက်လုံးတွေကတော့ မရိုးသားဘူးလို့ ကျုပ်ခံစားရတယ်"

"ကျုပ်တို့လည်း အဲဒီလိုပဲ ထင်မိတာပဲ"

မင်းတစ်ယောက်တည်းသိတာမဟုတ်ဘူး။ ငါတို့လည်းသိတယ်ဆိုတဲ့ပုံစံနဲ့ ပြန်ပြော၏။

"ပြီးတော့ သူ့စကားတစ်ခု မှန်မမှန်စစ်လိုက်ရင် တစ်ခုခုတော့ ပေါ်လာမယ်ထင်တယ်"

"ဘာစကားလဲ၊ ဆိုစမ်းပါဦး"

"ထောင်ကျပြီးနောက်ပိုင်း သူနဲ့ သူ့ဆရာ တစ်ခါမှ မတွေ့တော့ပါဘူးဆိုတဲ့ စကားလေ"



"အဲ့ဒီစကားက ဘာဖြစ်လို့လဲ၊ ဟုတ်နေတာပဲလေ"

"အာ. . . ဟုတ်မဟုတ်ခင်ဗျားတို့ဘယ်လိုသိလဲ၊ သူလိမ်နေရင်ရော ဘယ်လိုလုပ်မလဲ"

"ကဲ. . . ထားပါတော့၊ သူက ဒေါက်တာခရစ်တိုဖာ ထောင်ကျတဲ့ထောင်မှာ သွားတွေ့တယ်ပဲထားပါတော့ ကျုပ်တို့အခုအဖြစ်ကို ဘယ်လိုအထောက်အကူဖြစ်စေမှာလဲ"

"ဟေ့လူတွေ၊ ကျုပ်က ဂျိန်း(စ်)ဘွန်းဆိုတာလဲ မမေ့နဲ့ဦးလေ၊ ခင်ဗျားတို့မှာ ပါဝါတွေရှိသလို၊ ကျုပ်မှာလည်း ကျုပ်ရဲ့ထူးခြားတဲ့အသိလေးတော့ရှိပါတယ်ဗျ၊ အဲ့ဒါကြောင့် ကျုပ်နာမည်ကြီးခဲ့တာလည်း မမေ့နဲ့ဦးလေ"

"ကဲ. . . ထားပါတော့၊ လေကြောရှည်တယ်၊ အဲ့ဒီတော့ မောင်ရင် ဂျိန်း(စ်)ဘွန်းက ဘာလုပ်ချင်တာလဲ"

အိတ်(စ်)မန်းက စိတ်မရှည်တော့ပဲ ကြားဖြတ် ဝင်မေးလိုက်သည်။

"ဒေါက်တာခရစ်တိုဖာကို ဖမ်းထားတဲ့ထောင်မှာ ကျုပ်အသိအရာရှိတွေ အများကြီးရှိပါတယ်၊ ခဏလေး ကျုပ်ဖုန်းတစ်ချက်ဆက်ကြည့်လိုက်ဦးမယ်"

ဂျိန်း(စ်)ဘွန်းသည် သူ၏ အိတ်ထဲက ဖုန်းကို ဟန်ပါပါ ထုတ်ရင်း နံပါတ်အချို့ကို နှိပ်လိုက်၏။

ခဏအကြာတွင်-

www.burmeseclassic.com



"ဟယ်လို. . . ကွစိကွိစိလား"

". . . . . . . . . . . . . . . . ."

"ကွစိ၊ ကွစိ၊ ကွိစိ၊ ကွိစိ၊ ကွစိ၊ ကွစိ၊ ကွိစိ၊ ကွိစိ၊ ကွစိ၊ ကွစိ၊ ကွိစိ၊ ကွိစိ. . . ဩော်. . . ကွစိ၊ ကွစိ၊ ကွိစိ၊ ကွိစိ၊ ကွစိ၊ ကွစိ၊ ကွိစိ၊ ကွိစိ"

ဂျိန်း(စ်)ဘွန်းဖုန်းပြောနေသည်ကို နားငြီးလာသောကြောင့် အိတ်(စ်)မန်း နှင့် ဘတ်မန်းမှာ လမ်းဘေးအုတ်ခုံပေါ်တွင် သွားထိုင်နေလိုက်ကြ၏။

ဂျိန်း(စ်)ဘွန်းကတော့ ပြောကောင်းနေတုန်းပင်-

"ကွစိ. . . ကွိစိ. . . ကွစိ. . . ကွိစိ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

တော်တော်လေးကြာမှ ဂျိန်း(စ်)ဘွန်းသည် ဖုန်းကိုပိတ်လိုက်ပြီး သူတို့ထိုင်နေသည့် နေရာကိုလျှောက်လာခဲ့၏။

"ကျုပ်ထင်တဲ့ အတိုင်းပဲဗျို့၊ ဒေါက်တာကေဆောင်က သူ့ဆရာ ဒေါက်တာခရစ်တိုဖာကို ထောင်ထဲမှာ ထောင်ဝင်စာ နှစ်ခါလာတွေ့တယ်တဲ့. . . ရက်အတိအကျပြောရရင်တော့ လွန်ခဲ့တဲ့ တစ်နှစ်လောက်က တစ်ကြိမ်နဲ့ နောက်ဆုံးတစ်ကြိမ်က စူပါမန်းနဲ့ စပိုက်ဒါမန်းတို့ ထောင်မဖောက်ခင်နှစ်ရက် အလိုကတဲ့"

"ဟင်"

■

လွန်ခဲ့တဲ့ တစ်နှစ်ခန့်က. . .

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

"ဂျိန်း"

တံခါးပိတ်သံကြောင့် ဒေါက်တာကေဆောင်၏ စိတ်ထဲတွင် နည်းနည်း တုန်လှုပ်သွားလေ၏။

ကြီးမားကျယ်ပြန့်လှသော ထောင်ကြီး၏ သေးငယ်လှသော တံခါးတစ်ခုကပင် သူ့ကိုဒီလောက်တောင် တုန်လှုပ်စေနိုင်သည် ဆိုပါက ဒီထောင်ထဲတွင် နေရပါက အသက်ပင် သေသွားနိုင်လောက်သည်ဟု တွေးမိသည်။

သူ့ဆရာ၏ ကောင်းမှုကြောင့်သာ ဒီထောင်ထဲကို သူ့အနေနဲ့ ရောက်မလာခြင်းဖြစ်သည်။ သူ့ဆရာအကြောင်း တွေးမိရင် စိတ်ထဲမှာ အလိုလို ထိတ်လန့်နေတာကိုတော့ ဝန်ခံရပေမည်။ သူသည် သူ့ဆရာ၏ ဩဇာကို မလွန်ဆန်နိုင်သူတစ်ဦး ဖြစ်သည်။ အခုလည်း သူ့ဆရာက လူကြုံဖြင့် သူ့ကို ထောင်ဝင်စာလာတွေ့ရန် ဆခိုင်းလိုက်သည့်အတွက် ယခုလို လာရောက်တွေ့ခြင်းဖြစ်သည်။ သူ့ဆရာသည် ဒီထောင်ထဲတွင် ထောင်ကျနေသည်မှာ နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာနေပြီ ဖြစ်ပါသည်။ ယခုအချိန်ကျမှ သူကို ထူးထူး ဆန်းဆန်း ထောင်ဝင်စာလာတွေ့ခိုင်းခြင်းဖြစ်သည်။ တံခါးနှစ်ခု ပွင့်ပြီးသောအခါတွင် အကျဉ်းသားများနှင့် ထောင်ဝင်စာ လာတွေ့ ရသည့် ခန်းမကို တွေ့ရသည်။

ထူထဲသော မှန်များဖြင့် ကာရံထားသည့် အခန်းငယ်များကို တွေ့ရပြီး အချို့အခန်းများတွင် အကျဉ်းသားများနှင့် မိသားစုဝင် များ တွေ့ဆုံနေကြသည်ကို တွေ့ရသည်။ အကျဉ်းသားများနှင့် မိသားစုဝင်များကြားတွင် မှန်အထူနှင့်အတူ သံဇကာတစ်ချပ်ကာရံ ထား၏။

"အခန်းနံပါတ် (၇) ဝင်မယ်"

လူတစ်ယောက်က သူ့ကို လှမ်းအော်၏။

ထို့ကြောင့် အခန်းများကို ကြည့်နေပြီး နံပါတ် (၇)ဟု ကပ် ထားသည့် မှန်ခန်းထဲကို ဝင်ထိုင်နေလိုက်သည်။

အချိန်အတော်ကြာသည်အထိ သူ့မှာ ဟိုကြည့်ဒီကြည့်နှင့် ကြောင်တောင်တောင်ဖြစ်နေရသည်။

ခပ်လှမ်းလှမ်းတွင် ရပ်နေသော စစ်သားတစ်ယောက်၊ သူ့ဘေး နားက မှန်ခန်းထဲတွင် ငိုနေသော မိသားစုတစ်စုကို လိုက်ကြည့် နေမိသည်။

ထိုအချိန်တွင် တံခါးပွင့်သံနှင့်အတူ သူ့ရှေ့တွင် ဒေါက်တာ ခရစ်တိုဖာ မျက်နှာကြီး ဘွားခနဲပေါ်လာသောကြောင့် ဒေါက်တာ



ကေဆောင်မှာ လန့်သွားလေ၏။

"ဆရာ"

သူက ရိုရိုသေသေ ခေါ်လိုက်သည်။

ဟိုဘက်က ပြန်ပြောနေတာကို သူ မကြားရပေ။

ဒေါက်တာခရစ်တိုဖာက ဖုန်းပုံစံ စကားပြောခွက်ကို လှမ်းကိုင် ပြီး ပြောမှသာ သူလည်း အလိုလို နားလည်သွားပြီး သူ့ရှေ့တွင် ချိတ်ထားသော ဖုန်းပုံစံစကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

"ကေဆောင်"

"ဗျာ. . . ဆရာ"

"အလုပ်အကိုင် အဆင်ပြေရဲ့လား"

"ပြေပါတယ် ဆရာ"

တကယ်တော့ သူ သိပ်အဆင်မပြေပါ။ ဒါပေမယ့် အဆင်ပြေ တယ်ဆိုပြီး လွယ်လွယ်ကူကူ ပြောလိုက်သည်။

"ဆရာရော ဒီအထဲမှာ အဆင်ပြေရဲ့လား"

ဒေါက်တာကေဆောင်က ပြန်မေးလိုက်သည်။

"နေရထိုင်ရတာတော့ အဆင်ပြေပါတယ် ဒါပေမယ့် မင်းကို ခိုင်းစရာရှိလို့ ငါခေါ်လိုက်တာ"

"ဟုတ်. . . ဟုတ်ကဲ့ ကျွန်တော် ဘာလုပ်ပေးရမလဲဆရာ"

"ငါ အပြင်မှာ ကိစ္စတစ်ခု လုပ်စရာရှိတဲ့အတွက် အပြင်ထွက် ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထိုစကားသံကြောင့် ဒေါက်တာကေဆောင်မှာ ရင်ပူသွားလေသည်။ ဘေးနားက တစ်ယောက်ယောက်များ နားထောင်နေမလား အသံဖမ်းထားမလားဆိုပြီး တွေးပြီး ကြောက်သွားလေသည်။

သူ့ပုံစံကိုကြည့်ပြီး ဒေါက်တာခရစ်တိုဖာကလည်း ရိပ်မိပုံရသည်။

"စိတ်မပူနဲ့ ကေဆောင် ဒီမှန်ခန်းထဲမှာ လွတ်လွတ်လပ်လပ်ပြောလို့ရတယ်"

ဒါပေမယ့် သူသည် အတော်လေးကို ထိတ်လန့်နေ၏။ စကားသံများတောင် နည်းနည်း တုန်ယင်လာသည်။

"ကျွန်. . . ကျွန်တော် ဒီ. . . ထောင်. . . ထောင်ကြီးကိုတော့ မဖောက်နိုင်ဘူး ဆရာ"

တကယ်လည်း သူ့အစွမ်းနှင့်ဆိုပါက ဒီထောင်ကိုဖောက်ပြီး ဒေါက်တာခရစ်တိုဖာကို ကယ်ထုတ်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပေ။

"ငါက မင်းကို ထုတ်ခိုင်းတာ မဟုတ်ပါဘူးကွ"

"ဒါဆို ဆရာက"

"ခဏလေး ငါပြောတာပဲနားထောင် မင်းဘာမှ ဝင်မပြောနဲ့တော့"

■

(၃၉)

အပြန်လမ်းသည် သူ့အတွက် စိတ်ညစ်စရာတွေချည်းပဲ ဖြစ်နေလေသည်။

သူ့ဆရာ၏ စကားသံများကို ကြားယောင်ရင်း ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းမိ၏။ လမ်းသွားလမ်းလာတွေကို ဂရုမစိုက်မိလောက်အောင် သူ့စိတ်တွင် ရှုပ်ထွေးနေလေသည်။

သူ့ဆရာပြောလိုက်သည့် စကားများသည် သူ့အတွက် အဆန်းကြီးပဲဖြစ်သည်။ သူညာဏ်နှင့် လိုက်မမီခဲ့။

သို့သော်လည်း သူ့ဆရာဖြစ်တဲ့အတွက် သူခိုင်းသမျှ ဖြစ်အောင် လုပ်ပေးမည်ဟု ကတိပေးခဲ့ရလေသည်။

အခုလို ကတိပေးပြီးခဲ့သောကြောင့် စိတ်ထဲ လေးလံနေမိခြင်းဖြစ်သည်။

သူ့ဆရာခိုင်းသလို ကွက်တိ မဖြစ်ခဲ့ရင်ရော. . .။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ဆက်မတွေးချင်းတော့ဘဲ ရှေ့တွင် ကော်ဖီဆိုင်လေးတစ်ဆိုင်တွေ့သောကြောင့် စိတ်ပြေလက်ပျောက် ဝင်ထိုင်ကာ သူအကြိုက်နှစ်သက်ဆုံး ကော်ဖီခါးခါးလေး တစ်ခွက် မှာလိုက်သည်။

"နှင် ဟီးရိုးတစ်ယောက်နဲ့ ရည်းစားဖြစ်နေတယ်ဆို"

"အေး ဟုတ်တယ် နှင့်ဘယ်သူပြောလဲ"

"ဘယ်သူရှိရမလဲ ဟိုကောင်မ ပြောတာပေါ့"

"အေး. . . ဟုတ်တယ် ကြိုက်နေတာ တစ်လရှိပြီ"

"နှင်မို့လို့ဟယ် ဟီးရိုးကိုကြိုက်ရတယ် ကိုယ့်သာမန်လူအချင်းချင်း မကြိုက်ဘဲနဲ့"

"ဟင် ဘာဖြစ်လို့လဲဟဲ့၊ ဟီးရိုးဖြစ်လဲ ငါချစ်ရင်ပြီးတာဘဲ ဘာလဲ နှင်က ဟီးရိုးဆိုရင်မကြိုက်ဘူးဆိုတဲ့သဘောလား"

"မကြိုက်လည်း မကြိုက်ဘူး လက်လည်း မထပ်ချင်ဘူး"

"နှင့်ဟာကလည်း တစ်ယူသန်ကြီးပါလား၊ အကြောင်းပြချက် ပြောစမ်းပါဦး"

"အဲဒီလိုတော့ ငါမပြောတက်ဘူး ငါ့စိတ်ထဲငါယူမယ့် ယောကျ်ားက ငါ့လိုဘဲ သာမန်လူသားဖြစ်ရမယ်ဆိုပြီး စိတ်ထဲတွေးထားလို့ပါ ထားပါတော့ နှင်သောက်ပြီးပြီလား ရှုံးသွားရအောင်"

သူ့နောက်စားပွဲက ကောင်းမလေးနှစ်ယောက်ထသွားတာကို သူသတိပြုမိသည်။ သူလည်း စားပွဲထိုးလေးကို ခေါ်လိုက်ပြီး



ကျသင့်ငွေကို စားပွဲပေါ် ခပ်မြန်မြန်လေးတင်ပေးပြီး ခုနက ထွက်သွားသော ကောင်မလေးနှစ်ယောက်နောက်ကနေ ခပ်မှန်မှန် လေး လိုက်သွားလိုက်သည်။

ဟီးရိုးနှင့် ရည်းစားဖြစ်နေသည်ဟု ဆိုသော ကောင်မလေးက အကျႌအဖြူရောင်ဝတ်ထားပြီး သာမန်လူကိုမှ လပ်ထပ်ချင်သည် ဆိုသည့် ကောင်မလေးကတော့ ပန်းရောင်ဝတ်ထားလေသည်။

ခဏကြာသောအခါ သူတို့နှစ်ယောက်လုံးမှာ ရုံး အဆောက် အဦတစ်ခုတည်းသို့ ဝင်သွားတာ ကိုတွေ့ရလေ၏။

သူလည်း ခပ်တည်တည်ပင် ကောင်မလေးနှစ်ယောက် ဝင် သွားသော ရုံးအဆောက်အဦထဲ လိုက်ဝင်ပြီး ထိုကောင်မလေး နှစ် ယောက်၏ ရုံးခန်းကို သေချာမှတ်သားကာ ဓာတ်လှေကားနှင့် ပြန် ဆင်းခဲ့လေ၏။

တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီနေ့ပဲ သူ့ဆရာရှာခိုင်းလိုက်သည့် ကောင်မလေးမျိုးကိုမှ အမှတ်မထင်တွေ့ခြင်းဖြစ်သည်။

ရုပ်ချောပြီး ဆွဲဆောင်မှုရှိသည်။ ပြောစကားတွေအရ ရည်းစား မရှိ အိမ်ထောင်မရှိသူ ဖြစ်သည်။

အဓိကကတော့ ဟီးရိုး(ပါဝါရှိသူ)ကို စိတ်မဝင်စားခြင်းဖြစ် သည်။ သူကျေနပ်စွာနဲ့ပဲ ရုံးအဆောက်အဦထဲက ပြန်ထွက်လာပြီး နောက် ဆက်လုပ်ရမည့်ကိစ္စများကို စဉ်းစားမိလိုက်သည်။

ထိုကိစ္စသည် မလွယ်မှန်းတော့ သိသည်။ သိသော် ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမည်။ ဤသည်မှာ ထိုကောင်မလေးကို စူပါမန်းကရော စပိုက်ဒါမန်းကပါ နှစ်ယောက်စလုံးက ချစ်လာအောင် လုပ်ရမည့် ကိစ္စ ဖြစ်နေလေသည်။

■

အချစ်၏နောက်ကွယ်တွင်
အကြောင်းအရာအချို့ရှိနေကြောင်းကို
ရိပ်မိသူ အနည်းငယ်သာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄၀)

ပထမဆုံး လုပ်ရသည့်အလုပ်မှာ စူပါမန်း၊ စပိုက်ဒါမန်းနှင့် ပန်းရောင်ကောင်မလေးတို့၏ နေစဉ် ပုံမှန်လုပ်နေသည့် ကိစ္စများကို တစ်ပတ်၊ နှစ်ပတ်ခန့် လေ့လာမှတ်တမ်းတင်ရခြင်းဖြစ်သည်။

ဘယ်လိုအချိန်တွေမှာ ဘယ်နေရာတွေသွားတက်ကြသည်။ ဘာတွေလုပ်ကြသည်။ သူငယ်ချင်းတွေကဘယ်သူ စသဖြင့် အသေးစိတ်မှတ်သားထားရလေသည်။

ဒေတာအချက်အလက်တွေအားလုံး ပြည့်စုံသောအခါတွင်မှ သူ၏လုပ်ငန်းကို စရလေသည်။

ပထမဦးစွာ စူပါမန်းကို အကဲခတ်လေသည်။ စူပါမန်းသည် အပတ်စဉ်ဆိုသလိုပင် သူ့မိတ်ဆွေ ဝက်သားသည် အိတ်(စ်)မန်းဆိုင်ကို သွားလေ့ရှိသည်။

သွားသည့်အခါတွင်လည်း အိတ်(စ်)မန်းဆိုင်တွင် တစ်မျှော်

www.burmeseclassic.com



တစ်ခေါ် ထိုင်နေလေ့ရှိသောကြောင့် စူပါမန်းနှင့် ပန်းရောင်ကောင်မလေးကို တွေ့ဆုံနိုင်အောင် အရင်ကြိုးစားပေးရသည်။

ထိုသို့ ကြိုးစားပေးဖို့အတွက်က ဒေါက်တာ ကေဆောင်အတွက် သိပ်မခက်ခဲလှပေ။ စူပါမန်းရှိသည့် နေ့ကို ပန်းရောင် ကောင်မလေးက ဈေးကိုသွားဖို့အတွက် နည်းလမ်းများစွာရှိအောင် လုပ်ရလေသည်။

အိတ်(စ်)မန်းဆိုင်ဘေးနားရှိဆိုင်မှ Discount ကတ်များကို ဆိုင်ရဲ့ Marketing အသွင်ဖြင့် ပန်းရောင်ကောင်မလေး အိမ်သို့ ပေးပို့ ခြင်း (စူပါမန်းရှိသည့် အချိန်တွင် ပြုလုပ်ခြင်း။)

ပန်းရောင်ကောင်မလေးက ဈေးလျှောရောင်းသည်ဆိုပါတ မဖြစ်မနေ သွားတတ်သည့်အကျင့်ရှိကြောင်းကို ဒေါက်တာ ကေဆောင်က သိထားသည်။

ထိုသို့ ကောင်မလေးသွားသည့်နေ့တွင် ပန်းရောင်ကောင်မလေးတို့ စူပါမန်းက သတိထားမိသွားအောင် ဒေါက်တာကေဆောင်က မသိမသာ ကြိုးစားရသည်။

တစ်ချိန်မဟုတ် တစ်ချိန်တွင် ဒေါက်တာကေဆောင်၏ လုပ်ဆောင်မှုသည် အောင်မြင်သွားလေ၏။

ထိုသို့ဖြင့် စူပါမန်းသည် ထိုပန်းရောင်ကောင်မလေးကို သတိထားမိသွားလေ၏။

အဲ့ဒီနောက်ပိုင်းတွင် ဒေါက်တာကေဆောင်သည် စူပါမန်းနှင့်



ပန်းရောင်ကောင်မလေးကို အကြိမ်ကြိမ်တွေ့မိစေရန် ဖန်တီးမှုများ ပြုလုပ်ပေးရလေသည်။

လမ်းသွားရင်း မတော်တဆဆုံမိအောင်၊ ဈေးနား၊ ရုံးနားတို့တွင် စူပါမန်းနှင့် ပန်းရောင်ကောင်မလေးတို့ ခဏခဏ တွေ့ဆုံဖြစ်အောင် ပြုလုပ်ရခြင်းဖြစ်သည်။

မကြာသောအချိန်တွင် ဒေါက်တာကေဆောင်၏ ကြိုးပမ်းချက်ကြောင့် စူပါမန်းသည် ပန်းရောင်ကောင်မလေးကို ချစ်မိသွားလေ၏။

ထို့ကြောင့် စူပါမန်းသည် ကောင်မလေးကို ရင်းနှီးအောင် ပြုလုပ်ပြီး ရည်းစားစကားပြောသောအခါတွင် ဒေါက်တာကေဆောင် မျှော်လင့်ထားသည့်အတိုင်းပင် စူပါမန်းကို ကောင်မလေးက ငြင်းဆိုလိုက်လေ၏။

ဤတွင် စူပါမန်းက စိတ်မလျှော့သေးဘဲ ကောင်မလေး နှုံးဆင်းရုံးတက် အချိန်များတွင် ကောင်းကင်၌လည်းကောင်း၊ မြေပြင်၌လည်းကောင်း တဝဲလည်လည်ဖြစ်ကာ ကောင်မလေး၏ အချစ်ကို ရဖို့အတွက် ဆက်လက်ကြိုးပမ်းနေလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၁)

စူပါမန်းကို ပန်းရောင်ကောင်မလေးနှင့် ချစ်ကြိုက်အောင် ပြုလုပ်ပေးနေစဉ် တစ်ပြိုင်နက်တည်းတွင် စပိုက်ဒါမန်းနှင့်လည်း ပန်းရောင်ကောင်မလေးကို တွေ့ဆုံမိအောင် ဒေါက်တာ ကေဆောင်က ကြိုးစားပေးရသည်။

စပိုက်ဒါမန်းကတော့ စူပါမန်းလောက် စီစဉ်ပေးရတာမခက်ပေ။ မည်သို့ဆိုသော် စပိုက်ဒါမန်း၏ မိတ်ဆွေတစ်ဦးသည် ပန်းရောင်ကောင်မလေး ရုံးအဆောက်အဦရှိ ရုံးတစ်ခုတွင် အလုပ်လုပ်နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကောင်မလေး ရုံးဆင်းချိန်များတွင် စပိုက်ဒါမန်းကို သူ့မိတ်ဆွေနှင့် ခဏခဏ တွေ့ဆုံမှုရှိအောင် ဖန်တီးပေးသည်။

ကောင်မလေးထိုင်လေ့ရှိသည့် ရုံးနားကဆိုင်တွင်လည်း သူတို့နှစ်ယောက်ကို မကြာမဏဆုံအောင် ပြုလုပ်ပေးသည်။ စပိုက်ဒါမန်း



၏ မိတ်ဆွေနှင့်လည်း ပန်းရောင်ကောင်မလေးက ရင်းနှီးကြသောကြောင့် မကြာမီအချိန်တွင် စပိုက်ဒါမန်းမိတ်ဆွေသည် စပိုက်ဒါမန်းကို ပန်းရောင်ကောင်မလေးနှင့် မိတ်ဆက်ပေးလေသည်။

စပိုက်ဒါမန်းကို ကောင်မလေးနှင့်တွေ့ဆုံအောင် ပြုလုပ်ပေးသည့် အချိန်တွင် စူပါမန်းနှင့် အချိန်မတိုက်အောင် စီစဉ်ပေးထားသည်။

ဤသို့ဖြင့် များမကြာမီကာလတွင် စူပါမန်းနည်းတူ စပိုက်ဒါမန်းသည်လည်း ကောင်မလေးကို ချစ်ကြိုက်လာလေ၏။

ဤနေရာတွင် ပြောစရာတစ်ခု ရှိပါသည်။ ထိုသို့ သူတို့နှစ်ယောက်စလုံးကိုကောင်မလေးနှင့် ခဏခဏတွေ့ဆုံ နိုင်အောင်လုပ်ပေးယုံနှင့် ချစ်ကြိုက်သွားရောလား ဆိုသည့် မေးခွန်းရှိပါသည်။

ဒေါက်တာကေဆောင်ကတော့ အောက်ပါအချက်များကြောင့် စူပါမန်းနှင့် စပိုက်ဒါမန်းတို့က ကောင်းမလေးကို ချစ်သွားသည်ဟု ထင်မြင်မိနေသည်။

(၁) ကောင်မလေးသည် ချောမောလှပခြင်း၊ ဆွဲဆောင်မှုရှိခြင်း။

(၂) မြင်ပါများတော့ ချစ်မိသည် ဆိုသည့် စကားအတိုင်း မြင်ပါများတော့ ချစ်မိသွားသည်ဟု ထင်ခြင်း။

(၃) ကောင်မလေးသည် သူတို့လို ဟီးရိုးများကို မကြိုက်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(တစ်ဖက်လူက ဆန့်ကျင်လေ ပိုပြီး စိတ်ဝင်စားလေ ဆိုသည့် စိတ်ရှိတတ်ကြခြင်း။)

(၄) စူပါမန်းနှင့် စပိုက်ဒါမန်းသည် ပြိုင်ဘက်များ ဖြစ်ကြသောကြောင့် ကောင်မလေး တစ်ယောက်တည်းကို သူတို့နှစ်ယောက်က တစ်ပြိုင်တည်း ချစ်မိနေကြသည်ဟု သိသွားသည့်အချိန်တွင် တစ်ဦးကိုတစ်ဦး သူ့ထက်ငါဦးအောင် ကြိုးစားကြခြင်းတို့ကြောင့်ပဲလို့ ယူဆသည်။

သို့သော်လည်း ဘယ်လိုပဲ သူတို့က ကြိုက်ကြိုက် ကောင်မလေးက သူတို့ကို ပြန်မကြိုက်သောကြောင့် ဆက်လက် ကြိုးစားလာရင်း တစ်နှစ်ခန့်ပင် ကြာလာခဲ့ပြီ ဖြစ်သည်။

တစ်နေ့ . . .

ထိုတစ်နေ့သည် ဒေါက်တာကေဆောင် မျှော်မှန်းထားသည့် နေ့တစ်နေ့လည်း ဖြစ်ပါသည်။

■

## (၄၂)

စပိုက်ဒါမန်းသည် သူ၏ပင့်ကူမျှင်များကို ပစ်လွှတ်ရင်း တစ်တိုက်ပြီး တစ်တိုက် ခုန်ကူးလာနေသည်ကို ဒေါက်တာကေဆောင် လှမ်းမြင်လိုက်ရသည်။ သူသည် ပန်းရောင်ကောင်မလေး ရုံးအဆောက်အဦနားတွင် မတ်တတ်ရပ်နေခြင်း ဖြစ်သည်။

ရုံးဆင်းချိန်ဖြစ်သောကြောင့် ကောင်မလေးသည် ရုံးအဆောက်အဦထဲက ထွက်လာသည်ကို ဒေါက်တာကေဆောင် မြင်လိုက်သည်။

သူ ကြည့်နေစဉ်မှာပဲ စပိုက်ဒါမန်းသည် တိုက်တစ်တိုက်ရဲ့ အပေါ်ကနေ ကောင်မလေးရှေ့ကို ရုတ်တရက် ဆင်းချလိုက်၏။

"အမယ်လေး"

ကောင်မလေး လန့်သွားသည်။

"ဟဲ . . . ဟဲ မကြောက်ပါနဲ့ ကျွန်တော် စပိုက်ဒါမန်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်လာပြန်ပြီလား"

ကောင်မလေးပုံစံက စပိုက်ဒါမန်းကို ဟိုတစ်နေ့ကတည်းက မလာနဲ့တော့လို့ ပြောလိုက်ပုံရသည်။

"ကိုယ်ကို တစ်ချက်တော့ စဉ်းစားပေးပါဦးကွာ"

စပိုက်ဒါမန်းရဲ့ရုပ်ကို မမြင်ရပေမယ့် အသံကတော့ တိုးလျှိုးတောင်းပန်နေသည့်အသံနှင့် တူနေသည်ဟု ဒေါက်တာကေဆောင်က ထင်လိုက်သည်။

"ရှင့်ကို ကျွန်မ ဘယ်နှခါ ပြောရမလဲ၊ ကျွန်မက ပင့်ကူတို့ ပိုးဟတ်တို့ကို ကြောက်တယ်ရှင့်၊ ရှင့်အမျှင်ကြီးတွေက ဟိုပစ်ဒီပစ်နဲ့ ရွံစရာကြီး"

"ကိုယ်. . . ကိုယ် မင်းမကြိုက်ဘူးဆိုရင်လည်း ပုံမှန်လူသားလို နေမယ်လေ"

"ဘယ်ရတော့မလဲရှင်၊ ရှင့်ကို ကျွန်မက စပိုက်ဒါမန်းမှန်း သိနေတော့ ရှင် ဘယ်လိုပဲနေနေ အတွေးထဲမှာ ပင့်ကူပဲ ပေါ်နေတော့တာပေါ့"

"ကိုယ် မင်းကို တကယ်ချစ်တာပါကွာ၊ အရင် ခေတ်ကောင်းတုန်းကတောင် ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပေမယ့် ဘယ်သူ့ကိုမှ ပြန်မချစ်ခဲ့ပါဘူး။ အခု မင်းနဲ့တွေ့မှ ကိုယ့်ရင်ထဲမှာ ဘယ်လိုဖြစ်မှန်း မသိပါဘူး"

စပိုက်ဒါမန်းသည် ငိုနေပုံရ၏။



သို့သော်လည်းပဲ ကောင်မလေးက ပြတ်သားသည်။

"ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မက ရှင့်လိုလူကို မချစ်နိုင်ဘူး"

"ဘယ်လိုလူမျိုးမှ နိုဝေက ချစ်နိုင်မှာလဲ ဟင်"

ကောင်မလေးကို ဒေါက်တာကေဆောင်က လှမ်းကြည့်လိုက်သည်။ သူမပုံစံမှာ တစ်ခုခုကို ဆုံးဖြတ်ထားပြီးသည့်ပုံစံဖြစ်သည်။ ထို့ကြောင့် စပိုက်ဒါမန်းကို သေချာကြည့်ကာ-

"ကျွန်မတို့လို ပုံမှန်လူသား ယောကျ်ားတစ်ယောက်ကိုပဲ ချစ်နိုင်မယ်ရှင့်"

"ဟင်"

စပိုက်ဒါမန်း ခေါင်းငိုက်စိုက်ကျသွားတာကို မြင်ရသည်။

ထိုအချိန်မှာပဲ ကောင်မလေးက စပိုက်ဒါမန်း ရှေ့ကနေ လှစ်ခနဲ ထွက်သွား၏။ စပိုက်ဒါမန်းကတော့ ခံစားပြီး ကျန်နေခဲ့လေသည်။

ဒေါက်တာကေဆောင်လည်း ကောင်မလေး မရိပ်မိအောင် သူမနောက်ကနေ မသိမသာ လိုက်နေမိ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၄၃)

"လာပြန်ပြီ နောက်တစ်ယောက်"

ရှေ့ကသွားနေသော ကောင်မလေး၏အသံကြောင့် ဒေါက်တာကေဆောင်၏ ခြေလှမ်းများလည်း အလိုလို ရပ်သွားပြီး အဆောက်အဦ အကွယ်တစ်ခုမှာ ဝင်ရပ်လိုက်၏။

"နို. . . နိုလေး ပြန်လာပြီလား"

အသံကြားရာကို လှမ်းကြည့်လိုက်သောအခါ ကောင်မလေး ရှေ့မှာ ရပ်နေသော စူပါမန်းကို တွေ့လိုက်ရ၏။

အချိန်ကတော့ ကွက်တိပဲဟု ဒေါက်တာကေဆောင် တွေးလိုက်သည်။

"ရှင်မတွေ့ဘူးလား"

ကောင်မလေး၏ ပြန်ပြောသံကြောင့် စူပါမန်းမျက်နှာ ရဲတက်သွားသည်။



"မိုးပေါ်ကနေပျံပြီး ကိုယ်လိုက်ပို့ပေးမယ်လေ နိုလေး"

"အောင်မာ ရှင်က ကျွန်မကို ဘယ်လို အမျိုးအစားထဲကမှတ်လို့လဲ၊ အဲဒီလို လိုက်ပို့လို့ ကျွန်မက ရင်ခုန်ပြီး ရှင့်ကို ပြန်ချစ်မယ်လို့ ရှင် ထင်နေလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး နိုလေးရယ်၊ အဲ့ဒါတွေက အရင်တုန်းက သူတို့တွေ ကိုယ့်အကြောင်းကို ဇာတ်လမ်းဆင်ပြီး ရိုက်ထားတဲ့ ရုပ်ရှင်တွေထဲက ဇာတ်ဝင်ခန်းတွေပါ။ အခုက. . . နို. . . နိုလေး ပင်ပန်းမှာကို မကြည့်ရက်လို့ပါ "

"ဒီမှာ ရှင့်ကို ကျွန်မ ခပ်ပြတ်ပြတ်ပဲပြောမယ်၊ ခုနကလည်း ကျွန်မ စပိုက်ဒါမန်းကို ပြောပြီးပြီ"

"ဘာ. . . ဒီ. . . ဒီကောင်က နိုလေးဆီ လာတယ်ဟုတ်လား"

ကောင်မလေးက စကားပြောရင်း လမ်းကို ခပ်မြန်မြန် လျှောက်နေသောကြောင့် ခပ်ဝေးဝေးကနေ လိုက်နေသော ဒေါက်တာကေဆောင်မှာ ကောင်မလေးနှင့် စူပါမန်းတို့၏ ပြောစကားများကို မကြားတစ်ချက်ကြားတစ်ချက် ဖြစ်နေလေသည်။

ထို့ကြောင့် သူတို့နောက်ကို ခပ်သွက်သွက် လျှောက်သွားရင်း အနားရောက်အောင် မသိမသာ တိုးကပ်လိုက်သည်။ သူတို့ စကားသံကြားနိုင်လောက်သည့် နေရာအကွာအဝေးကို ရောက်သောအခါ ကောင်မလေးသည် ရုတ်တရက် ရပ်လိုက်ပြီး စူပါမန်းကို နောက်ဆုံး စကားပြောသည့်အသံကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သာမန်သမီးရည်းစားဘဝ၊ သာမန် အိမ်ထောင်ရှင်မဘဝကိုပဲ လိုချင်တာ၊ ဒုက္ခရောက်ရင် ရောက်မယ်၊ အခက်အခဲတွေ တွေ့မယ်။ ဒါဟာ လူ့သဘာဝပဲလေ၊ ဒီတော့ ကျွန်မ ရှင့်ကို ဘယ်လိုမှ ပြန်မချစ်နိုင်တာ ဝမ်းနည်းပါတယ်"

ထိုသို့ ပြောပြီး ကောင်မလေးက စူပါမန်း ရှေ့က ချာခနဲ လှည့်ထွက်သွားလေ၏။

စူပါမန်းနှင့် စပိုက်ဒါမန်းတို့ အဖြစ်အပျက်ကို ကြည့်ပြီး ဒေါက်တာကေဆောင်မှာ စိတ်မကောင်းဖြစ်သွားလေသည်။

သို့သော်လည်း သူ့ဆရာ ကိစ္စက ပိုအရေးကြီးလေသည်။

■

(၄၄)

အဲ့ဒီနောက်ပိုင်းတွင် စပိုက်ဒါမန်းနှင့် စူပါမန်းတို့သည် သူတို့၏ မိတ်ဆွေများထံမှ အကြံဉာဏ်တောင်းရင်းနဲ့ပဲ အချိန်ကုန်ဆုံးနေတာကို ဒေါက်တာကေဆောင်က စောင့်ကြည့်နေသည်။

ထိုကာလအတွင်း သူတို့သည် ဂျိန်း(စ်)ဘွန်းဆီကိုလည်း သွားကြမည်ဟု သတင်းရသောကြောင့် သူတို့ ကိစ္စကို အရှိန်မြှင့်တင်ရန်အတွက် ဒေါက်တာကေဆောင်က အစီအစဉ်တစ်ခု ပြုလုပ်လိုက်သည်။

ထိုအစီအစဉ်မှာ ဂျိန်း(စ်)ဘွန်းအိမ်နားတွင် သတင်းထူးတစ်ခု ရလိမ့်မည်ဆိုပြီး သတင်းထောက်တစ်ယောက်ကို သတင်းပေးလိုက်ခြင်း ဖြစ်သည်။

နောက်ပိုင်းတွင် သတင်းစာများက ဖွလိုက်သဖြင့် သူတို့ကိစ္စသည် ဟိုးလေးတကျော် ဖြစ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ သာမန်လူသားတစ်ဦးဖြစ်ချင်သည့် စိတ်ဆန္ဒသည် ထိုသတင်းများနှင့်အတူ ပြင်းထန်သည့်ဆန္ဒ အဖြစ်ကူးပြောင်း သွားမှန်း ဒေါက်တာကေဆောင် ရိပ်မိသည်။ နောက်ဆုံးတွင် သူသည် သူတို့နှစ်ယောက်ကို ကိုယ်တိုင် တွေ့ဆုံရန် အချိန်ကျရောက်ပြီဟု ဆုံးဖြတ်လိုက်သည်။

ထိုနေ့သည် ဂျိန်း(စ်)ဘွန်း၏ ဆရာကို စူပါမန်းနှင့် စပိုက်ဒါမန်း တို့က သွားရောက် တွေ့ဆုံသည့်နေ့ ဖြစ်သည်။

■

(၄၅)

သူတို့သည် ဂျိန်း(စ်)ဘွန်း ဆရာ့အိမ်မှ အပြန်လမ်းရှိ တစ်ခုတည်းသော စားသောက်ဆိုင်တွင် ဝင်ထိုင်နေကြလေသည်။

သူတို့ထိုင်နေသောဆိုင်သည် ဒေါက်တာကေဆောင်နှင့် သိသောကြောင့် ဒေါက်တာကေဆောင်လည်း သူတို့နှင့် မရှေးမနှောင်းတွင် ဆိုင်ထဲရှိ ချောင်ကျကျနေရာတွင် ဝင်ထိုင်နေလိုက်သည်။

အကယ်၍ သူတို့နှစ်ယောက်သည် ထိုဆိုင်တွင် မထိုင်ပါက နောက်တစ်နေရာတွင် သူတို့နှင့် အမှတ်မထင် တွေ့မိအောင် စီစဉ်ထားပြီးဖြစ်သည်။

သို့သော် စူပါမန်းနှင့် စပိုက်ဒါမန်းတို့က သူနှင့်သိသောဆိုင်မှာပင် ဝင်ထိုင်လိုက်သောကြောင့် ပိုပြီး အဆင်ပြေသွား၏။ ဒေါက်ဆွဲကြော် တစ်ယောက်စ်ပွဲစီ မှာနေတာကို သူထိုင်နေသော စားပွဲမှ လှမ်းမြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ခေါက်ဆွဲကြော်များ လာချသောအခါတွင် ပလုတ်ပလောင်းနဲ့ စားနေကြလေသည်။

သူတို့ကို ကြည့်နေရင်းမှပင် ဒေါက်တာကေဆောင်သည် သူ့ရှေ့ရှိ မသောက်ရသေးသော အရက်ခွက်ကို မော့လိုက်သည်။ သုံးလေးခွက် ထပ်သောက်ပြီးသော ခဏအကြာတွင် သူတို့နှစ်ယောက်ကို ကြည့်လိုက်သောအခါမှာ ပိုက်ဆံရှင်းတော့မည့် ပုံစံရှိနေသောကြောင့် သူသည် နောက်ဆုံးအရက်ခွက်ကို မော့ကာ ထိုင်နေရာမှ ထလိုက်သည်။

ထို့နောက် မူးနေတဲ့ပုံစံဖမ်းပြီး သူတို့နှစ်ယောက်ရဲ့ စားပွဲရှေ့နားတွင် ရပ်လိုက်သည်။

"အံမယ် ဘယ်သူများလဲ မှတ်တယ် စူပါမန်းနဲ့ စပိုက်ဒါမန်းပဲ. . . အော့"

". . . . . . . . . ."

"ကျုပ်လည်း ခင်ဗျာတို့လို ခရိုမိုဇုန်းတစ်ခု အပိုပါရင် အခုလိုမျိုး အိမ်ကို အကြာကြီး ပြန်ရမှာမဟုတ်ဘူး။ အော့. . . ရွှတ်ဆိုပြီးပြီပဲ။ အော့. . . ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့လည်း အဲ့ဒီ ခရိုမိုဇုန်းမရှိရင် သာမန်လူပါပဲဗျာ. . . သာမန်လူပါပဲ"

ဟုပြောလိုက်ပြီး ဆိုင်ထဲကနေ ဒယီးဒယိုင်နဲ့ ထွက်ခဲ့လိုက်သည်။



သူထင်သည့်အတိုင်းပင် နောက်တစ်နေ့တွင် သူ့အိမ်သို့ စူပါမန်းနှင့် စပိုက်ဒါမန်း ရောက်လာကြလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၄၆)

"ဆရာ. . . ခိုင်းတဲ့အတိုင်း ကွက်တိလုပ်ပြီးပါပြီ"

"ငါပြောတဲ့အတိုင်း ဖြစ်တယ်မှတ်လား"

"ဖြစ်ပါတယ်ဆရာ"

ဒေါက်တာကေဆောင်သည် သူ့ဆရာကို ပထမတစ်ခေါက် တွေ့ပြီး တစ်နှစ်ကျော်ကြာပြီးနောက်တွင် ဒုတိယအကြိမ် လာတွေ့ခြင်း ဖြစ်သည်။ အတိအကျ ပြောရလျှင် စူပါမန်းနှင့် စပိုက်ဒါမန်း သူ့အိမ်ကိုလာပြီး နောက်တစ်ရက်တွင် ထောင်ဝင်စာ လာတွေ့ခြင်း ဖြစ်သည်။

"ကျွန်တော် တစ်ခုမေးပါရစေ ဆရာ"

"မေး ဘာမေးမလို့လဲ"

"ဒီလိုကိစ္စတွေ လုပ်နေရုံနဲ့ သူတို့က ဆရာကို ထောင်ထဲလာပြီး ခေါ်ပါ့မလား"



"သူတို့စိတ်ကို ငါအသိဆုံးပါ သူတို့ ငါ့ဆီလာမှာပါ၊ ပြီးတော့. . . ဒီကမ္ဘာပေါ်မှာ သူတို့ကို သာမန်လူသားအဖြစ် ပြောင်းလဲပေးနိုင်တာ ငါတစ်ယောက်ပဲရှိတာ"

"ကျွန်တော်တွေ့သလို ထောင်ဝင်စာ လာတွေ့ရင်ရော"

"အဲဒီအခါမှာ ငါ့ကိုဒီထောင်ထဲက ခေါ်ထုတ်မှ သူတို့ကို ခွဲစိတ်ကုပေးမယ်ပြောရမှာပေါ့"

"အခြားနည်းလမ်းတွေနဲ့ ကုသဖို့ တောင်းဆိုရင်ရော"

"လုပ်ပေးခြင်း မလုပ်ပေးခြင်းက ငါ့အပေါ် မူတည်ပါတယ်။ ပြီးတော့ ငါ့အကြောင်းကိုလည်း သူတို့ သိပါတယ်။ ငါက ဒီလိုလာတွေ့ပြီး အကူအညီတောင်းတိုင်း လုပ်ပေမယ့်သူ မဟုတ်ဘူးဆိုတာ သူတို့ သိပြီးသားပါ။ ဒီတော့ သူတို့ကိုယ်တိုင် ငါ့ကို ထောင်ထဲကနေ ခေါ်ထုတ်လိမ့်မယ်"

ဘယ်လိုပဲဖြစ်ဖြစ် ယခုအချိန်မှာ သူ့ဆရာ စီစဉ်သည့်အတိုင်း ကွက်တိဖြစ်နေသောကြောင့် သူ့ဆရာ၏ ဦးနှောက်ကိုပင် ချီးကျူးရမလို ဖြစ်နေသည်။

"တစ်ခုမေးပါရစေ ဆရာ"

"မင်းကလည်း စကားခံနေသေးတယ်။ ညှိတွေ့ချိန်က ငါး မိနစ်ပဲ ကျန်တော့တယ်"

"ဟုတ် သူတို့နှစ်ယောက်ကို ဆရာ ဘာလုပ်မှာလဲဟင်"

"ဒါ ငါ့ကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာက ခပ်ပြတ်ပြတ်ပြန်ဖြေသည်။ ဒေါက်တာကေဆောင်ကလည်း ဆက်မေးပြန်၏။

"ဆရာလုပ်ချင်တဲ့ ကိစ္စဆိုတာက သူတို့နှစ်ယောက်ကို ပြန်လက်စားချေချင်တာလား"

"ဒါလည်း မင်းသိစရာ မလိုပါဘူး"

သူ့ဆရာခပ်ပြတ်ပြတ် ထပ်ပြောသည့် အသံကြောင့် သူ့မှာ ဆက်မမေးရဲတော့ချေ။ သူမမေးတော့မှ သူ့ဆရာက နောက်ဆုံးစကားတစ်ခွန်း ပြောလိုက်၏။

"ငါ ဒီထောင်က လွတ်သွားပြီးရင် ဒီကိစ္စတွေကို ဘယ်သူမှ မပြောရဘူး၊ ပြီးတော့ ငါ အပြင်ရောက်ပြီး နောက်ပိုင်းမှာ မင်းကို ဆက်သွယ်လိုက်မယ်၊ အဲဒီအချိန်မှာ မင်းဟာ အသင့်ဖြစ်နေရမယ်"

"ဟုတ်ကဲ့"

■

(၄၇)

သူ ထောင်ဝင်စာတွေ့ပြီးနောက်တစ်ရက်တွင် သူ့ဆရာ တွေးထားသည့်အတိုင်း စူပါမန်းနှင့် စပိုက်ဒါမန်းတို့သည် သူ့ဆရာကို ထောင်ဖောက်ကာ ခေါ်ထုတ်သွားလေသည်။

သူလည်း သူ့ကို အမှုပတ်မှာ စိုးရိမ်သောကြောင့် အိမ်ထဲမှာပဲ နေလိုက်သည်။

အခြေအနေ အကျိုးအကြောင်း သိရန်အတွက် သတင်းစာများကိုသာ ဖတ်ပြီး လေ့လာနေရသည်။

ထောင်ဖောက်သတင်းမှာ တစ်ဟုန်ထိုး နာမည်ကြီးသွားပြီး နိုင်ငံတစ်ခုလုံး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။

သူ့ဆရာ နောက်ဆုံး သင်ပေးထားသည့်အတိုင်း သူ့အပေါ်လည်း အပြစ်ကျမှာစိုးသောကြောင့် သတင်းသမားများကို ဆက်သွယ်ကာ သူနှင့် နောက်ဆုံးတွေ့ခဲ့ကြောင်း၊ သူလမ်းညွှန်လိုက်သည့် အကြောင်းကို ဖွင့်ပြောပြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှပဲ သတင်းသမားများသည် သူ့ထက်ငါဦးအောင် အင်တာဗျူးကြရင်းနဲ့ပဲ အင်တာဗျူးများတွင် သူ့အဖြစ်များကို ဖုံးကွယ်ရလေ၏။

သူ အပြစ်ကင်းကြောင်းကိုလည်းပဲ သေသေချာချာ ထည့်ပြောရလေသည်။

ထို့ကြောင့် သတင်းစာထဲတွင် သူ့အကြောင်းမှာ တခမ်းတနားနှင့် ပြန်ပါရလေ ၏။

ထို့အဖြစ်အပျက်ဖြစ်ပြီး နောက်ရက် တော်တော်ကြာသော တစ်နေ့တွင် သူသည် စာတစ်စောင် လက်ခံရရှိလေ၏။

စာမှာ လိပ်စာတပ်မထားသော်လည်း သူ့ဆရာဆီက စာဆိုတာကို သိနေသောကြောင့် ခပ်မြန်မြန်ပဲ ဖွင့်ဖတ်လိုက်သည်။

နေရာတစ်ခု၏ လိပ်စာကို ရေးထားပြီး လိုက်လာခဲ့ရန် ပြောထားခြင်းဖြစ်သည်။ စာဖတ်ပြီးသောအခါ ဒေါက်တာကေဆောင်သည် လိုက်သွားသင့် မသွားသင့် စဉ်းစားနေလိုက်သည်။

သူ့ဆရာနှင့် လိုက်သွားရင် အေးအေးချမ်းချမ်း နေရမယ်မှန်း သိသော်လည်း ယခုအခြေအနေအရတော့ သူ့ဆရာသည် ရာဇဝတ်ကောင် ဖြစ်နေသည်။

သူလိုက်သွားပါက သူလည်း ရာဇဝတ်ကောင် ဖြစ်သွားမှာလည်း စိတ်ထဲ စိုးရိမ်နေမိသည်။

ထို့ကြောင့် စာထဲပါလိပ်စာကို အလွတ်ကျက်ထားလိုက်ပြီး



စာကိုတော့ မီးရှို့ဖျက်ဆီးလိုက်သည်။

သွားသင့် မသွားသင့် ကိစ္စကိုတော့ တစ်ည စဉ်းစားဦးမယ်လို့ တွေးရင်း ထိုည အိပ်ရာဝင်ခဲ့လိုက်သည်။

နောက်တစ်နေ့ နံနက်ရောက်သောအခါ-

"ဒေါက် . . . ဒေါက်"

အိမ်ရှေ့ တံခါးခေါက်သံ ကြားလိုက်ရ၏။

"ဘယ်သူလဲ"

"ဘေးအိမ်ကပါ"

ဘေးအိမ်ကလူတွေ ဘာလာလုပ်ကြပါလိမ့်လို့ တွေးရင်း တံခါးကို ဖွင့်လိုက်သည်။

"ဟင်"

တံခါးဝတွင် ရပ်နေသော ဘတ်မန်း၊ အိတ်(စ်)မန်းနှင့် ဂျိန်း(စ်)ဘွန်းတို့ကို တွေ့လိုက်ရသည်။

သူတို့နှင့် စကားပြောပြီးနောက်တွင် သူသည် သူ့ဆရာနောက်ကို လိုက်သွားရန်အတွက် ဆုံးဖြတ်ချက် ချလိုက်လေသည်။

မည်သို့ဆိုသော် ထိုသုံးယောက်သည် သူ့ကို မသင်္ကာ ဖြစ်နေပုံရပြီး လိုက်လံစုံစမ်းပါက အဖြစ်မှန် ပေါ်သွားမှာစိုးသောကြောင့် ဖြစ်သည်။

သူတို့ သုံးယောက် ပြန်သွားပြီးပြီးချင်းမှာပဲ အသင့်ထည့်ထားသော အိတ်ကိုဆွဲပြီး အိမ်ကနေ ခပ်မြန်မြန် ထွက်ခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘတ်မန်း၊ အိတ်(စ်)မန်းနှင့် ဂျိန်း(စ်)ဘွန်းတို့သည် ဒေါက်တာခရစ်တိုဖာနေခဲ့သော ထောင်ကို ဖုန်းဆက်ပြီးနောက် ဒေါက်တာကေဆောင်အိမ်ကို နောက်တစ်ခေါက် ပြန်လာသောအခါတွင် ဒေါက်တာကေဆောင်ကို မတွေ့ရတော့ချေ။

ထိုနေ့က စပြီး ဒေါက်တာကေဆောင်ကို ဘယ်သောအခါမှ မတွေ့ရတော့ချေ။

■

## တစ်နှစ်ခန့်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

## (၄၈)

ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်သည်။ ရုံးဆင်းချိန်ဖြစ်သောကြောင့် ဓာတ်လှေကားနားမှာ လူများနေသော်လည်း သူမကတော့ ပထမအသုတ်မှာတင် ဓာတ်လှေကားနှင့် ပါသွား၏။

မြေညီထပ်ရောက်သောအခါပုံမှန်အတိုင်းပဲ ခပ်ဖြေးဖြေး လမ်းလျှောက်ရင်း ရုံးအဆောက်အဦထဲက ထွက်လိုက်သည်။

အဆောက်အဦအပြင် ရောက်သောအခါ အမှတ်မထင် ဆိုသလိုပဲ တိုက်အပေါ်များကို လိုက်ကြည့်နေမိ၏။ ဒီနားရောက်တိုင်း ဒီလိုမျိုး ကြည့်ကြည့်နေတတ်တာ သူမအနေနဲ့ အကျင့်ဖြစ်နေပြီဖြစ်သည်။

တိုက်တွေပေါ်မှာ ဘယ်သူမှ မတွေ့ရတော့မှ သက်ပြင်းချပြီး လမ်းဆက်လျှောက်လာခဲ့သည်။

လမ်းလျှောက်ပြီးခဏအကြာ တစ်နေရာအရောက်တွင် သူမ

www.burmeseclassic.com

www.burmeseclassic.com



၏ ခြေလှမ်းများ ရပ်သွားပြန်သည်။

ထို့ပြင် လမ်းကိုကြည့်ရင်း ငုံ့ထားသော မျက်လုံးကို ရှေ့တည့်တည့်နေရာကို ဖြည်းဖြည်းချင်း မော့ကြည့်လိုက်သည်။

သူ့ရှေ့တွင် ဘယ်သူမှ ရပ်နေတာကို မတွေ့ရပေ။

လမ်းသွားလမ်းလာသူများကိုသာ တွေ့ရ၏။

ဒီနေရာရောက်ရင်လည်း တစ်ယောက်ယောက်ကများ သူ့ရှေ့ကို လာရပ်နေမလားဆိုပြီး မျှော်နေတတ်ခဲ့တာလည်း ကြာပြီဖြစ်သည်။

သူမ ဘာကို မျှော်နေတာလဲ၊ အချိန်တွေလည်း ကြာပြီဖြစ်သည်။

သူတို့ ပြန်လာဦးမလား။

ဒါမှမဟုတ်. . .

သူတို့ သေဆုံးသွားကြပြီလား။

သူမကြောင့် ဖြစ်သွားသော ထိုဖြစ်ရပ်ကြီးကို သူမအနေနှင့် ယခုချိန်ထိ အလွယ်တကူ မမေ့နိုင်သေးချေ။

အခုဆိုရင် အချိန်တစ်နှစ်ကျော် ကြာပြီဖြစ်သည်။

သူမ၏ အဖေနှင့် အမေက သူ့သမီး စိတ်လေနေတာကို တွေ့ပြီး အိမ်ထောင်ချပေးရန် စီစဉ်နေကြပြီဖြစ်သည်။

သူ့မှာသာ နေ့စဉ်နေ့တိုင်း သူတို့နှင့်ပတ်သက်သည့် ရုံးအပြန်အဖြစ်အပျက်များကို သတိရနေမိလေသည်။



အပေါ်က လေတိုးသံကြားတိုင်း သူတို့တွေလားဆိုပြီး ကြည့်နေမိတာလည်း ခဏခဏ ဖြစ်သည်။

ထိုသို့တွေးရင်းကားလမ်းကို ဖြတ်ကူးလိုက်သည်။

"ကျွိ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ကား. . . . ကား"

အတွေးနဲ့ ကူးသောကြောင့် တစ်ဖက်ကနေ အရှိန်နဲ့လာသော ကားကို မတွေ့လိုက်ချေ။

သူ့ကို လူနှစ်ယောက်က တစ်ပြိုင်တည်း တွန်းလိုက်သောကြောင့် တစ်ဘက်ကို လိမ့်သွား၏။

"ဒုန်း. . ."

ကားတိုက်သံအကျယ်ကြီးကြားလိုက်ရပြီးနောက် သူမလည်း လန့်သွားပြီး လဲကျနေရာမှ နောက်ကို လှည့်ကြည့်လိုက်သည်။



သူမကို တွန်းလိုက်သော လူနှစ်ယောက်ကို ကားက အရှိန်ပြင်းစွာ ဝင်တိုက်မိပြီးနောက် ထိုလူနှစ်ယောက်သည် အဝေးကို လွင့်ထွက်သွားလေ၏။

"ဟာ. . ."

သူမ၏ မျက်လုံးများ ပြာဝေသွားလေသည်။

ထို့ကြောင့် ချက်ချင်း ကမန်းကတန်း ကုန်းရုန်းထလိုက်ပြီး လွင့်သွားသော လူနှစ်ယောက်ဆီကို ပြေးသွားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

သူမမျက်လုံးများ မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

ထိုစဉ် လူများ ဝိုင်းအုံလာကြပြီး သူမလိုပဲ သူတို့လည်း တိုက်မိသည့် လူနှစ်ယောက်ကို ကြည့်ပြီး တအံ့တဩ ဖြစ်နေကြသည်။



"စူပါမန်းနဲ့ စပိုက်ဒါမန်းနဲ့ တူလိုက်တာ"

လူတစ်ယောက်က ရေရွတ်သည်။

ဟုတ်ပါသည်။ ထိုကားတိုက်ခံရသော လူနှစ်ယောက်သည် စူပါမန်းနှင့် စပိုက်ဒါမန်းတို့ နှစ်ယောက်နှင့် လွန်စွာ တူနေသော ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သာမန်ဂျင်းဘောင်းဘီနှင့် ကုတ်အင်္ကျီဝတ်ထားပြီး ကားတိုက်မိသောကြောင့် သွေးများ ပေကျံကာ လမ်းမပေါ်တွင် မှေ့လဲကျနေလေသည်။



"သူတို့က စူပါမန်းနဲ့ စပိုက်ဒါမန်း ဆိုရင် ဒီလို ကားတိုက်တာလောက်တော့ အေးဆေးပေါ့ သူတို့ မဟုတ်လို့နေမှာပေါ့"

"အေး. . . . ဖြစ်နိုင်တယ်"

"နေကြဦး . . . . နေကြဦး"

လူတစ်ယောက်ကလည်း ဝင်ပြောပြန်သည်။

"စူပါမန်းနဲ့ စပိုက်ဒါမန်းက ပျောက်နေတာ ကြာပြီဆိုတော့ သူတို့ ခွဲစိတ်ပြီးလို့ သာမန်လူအဖြစ်နဲ့ ပြန်ရောက်နေတာလား မသိဘူး"

"ဟုတ်နိုင်တယ်. . . ဟုတ်နိုင်တယ်"

"အဲဒါအသာထားပြီး သူတို့ကို ဆေးရုံအရင်ပို့ပါဦး၊ တော်ကြာ သေသွားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ သူတို့နှစ်ယောက်သည် ဟီးရိုးဘဝ ကနေ သာမန် လူသားတွေ ဖြစ်လာကြ၏။

ဒေါက်တာခရစ်တိုဖာအကြောင်းကို သူတို့နှစ်ဦးအား ဘယ်လိုမေးမေး မေးလို့မရ တော့ချေ။ သူတို့လည်း ဒေါက်တာခရစ်တိုဖာ အကြောင်းကို မမှတ်မိတော့ဟု ဆိုကြသည်။

အစိုးရကလည်း ဒေါက်တာခရစ်တိုဖာမှာ ပြန်လည် ဆိုးသွမ်းခြင်း မရှိတော့ဘဲ ဇာတ်မြုပ်နေသောကြောင့် လိုက်လံစုံစမ်းခြင်းမရှိတော့ဘဲ စူပါမန်းနှင့် စပိုက်ဒါမန်းကိုလည်း အပြစ်မယူဘဲ ခွင့်လွှတ်လိုက်လေသည်။



နိုဝေကတော့...

ထိုသာမန်လူသားနှစ်ယောက်ထဲက တစ်ယောက်နှင့် လက်ထပ်သွားခဲ့လေသည်။

ထိုသူသည် နိုဝေနှင့် လက်ထပ်ပြီးနောက် ပိုဒေါ်စ်ဆိုသည့် နာမည်ကို ပြောင်းလိုက်ကာ ပျော်ရွှင်စွာနေထိုင်သွားလေ၏။

ကျန်တစ်ယောက်ကလည်း သူတို့လင်မယားနှင့် သေတပန် သက်တစ်ဆုံး အခင်ဆုံး မိတ်ဆွေအဖြစ်နေထိုင်သွားကြလေတော့သည်။

လေးစားစွာဖြင့်

လူနေ

www.burmeseclassic.com